# ကယားပြည်နယ်
# ကျေးလက်ဒေသ
# အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက်
# ဈေးကွက်လေ့လာဆန်းစစ်မှု

**နယ်စပ်အကူအညီပေးရေးညွန့်ပေါင်းအဖွဲ့၏ လုပ်ငန်းအပ်နှံမှုအရ**
**Sam Cartmell မှ ဆောင်ရွက်ခဲ့သည့် လွတ်လပ်သော သုံးသပ်ချက်**

ဤသုတေသနအားဩစတြေးလျ NGO တစ်ခုဖြစ်သော Act for Peace မှ ဦးဆောင်သောစီမံကိန်း၏တစ်စိတ်တစ်ပိုင်းအဖြစ် ဩစတြေးလျအစိုးရ၏ ကျားမရေးရာအစီအစဉ် (Gender Action Platform) ၏ ငွေကြေးအထောက်အပံ့ဖြင့်ဆောင်ရွက်သည်။ "အသင့်ဖြစ်ပြီ" စီမံကိန်း (I'm Prepared Project) သည် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ နှင့် အိန္ဒိယမှ သီရိလင်္ကာသို့ နေရပ်ပြန်ခြင်းနှင့် ပြန်လည်ပေါင်းစည်းရေးဖြစ်စဉ်များအတွင်း ကျားမရေးရာ တန်းတူညီမျှမှု၊ စီးပွားရေးလုပ်ဆောင်နိုင်စေခြင်း နှင့်ဒုက္ခသည်များအားအကာအကွယ်ပေးရေးကို မြှင့်တင်ပေးသည်။

**မာတိကာ**


| | |
|---|---|
| အကျဉ်းချုပ်နှင့် အကြံပြုချက်များ | ၃ |
| ၁.၀။ မိတ်ဆက်နှင့် နောက်ခံအခြေအနေအားဆန်းစစ်လေ့လာခြင်း | ၈ |
| ကယားပြည်နယ်အကြောင်း | ၉ |
| ကယားပြည်နယ်၏ မြို့နယ်များ | ၁၃ |
| ကယားပြည်နယ်၏ လုပ်သားဈေးကွက်ဆိုင်ရာ အလားအလာများ | ၁၇ |
| မြေယာပြသနာများ | ၁၈ |
| ပဋိပက္ခသံသရာ | ၂၃ |
| ၂.၀။ အဓိက စီးပွားရေး ကဏ္ဍများအတွက် ဈေးကွက် ဆန်းစစ်ခြင်းနှင့် တန်ဖိုးကွင်းဆက်အားအကဲဖြတ်ခြင်း | ၂၄ |
| လယ်ယာစိုက်ပျိုးရေး (ငွေပေါ်လွယ်သော သီးနှံစိုက်ပျိုးရေး) | ၂၈ |
| စိုက်ပျိုးရေးလုပ်ငန်း (တန်ဖိုးမြှင့်ထုတ်ကုန်များ) | ၃၀ |
| လယ်ယာစိုက်ပျိုးရေး (မွေးမြူရေး) | ၃၄ |
| သစ်သီးခြံများနှင့် စိုက်ပျိုးရေးသစ်တော | ၃၅ |
| သစ်မဟုတ်သော သစ်တောထွက်ထုတ်ကုန်များ | ၃၇ |
| ငါးလုပ်ငန်း | ၃၉ |
| လက်မှုပစ္စည်း | ၄၀ |
| အထည်ချုပ်နှင့် အထည်အလိပ်လုပ်ငန်း | ၄၂ |
| ကုန်သွယ်ရေး | ၄၃ |
| ဧည့်ဝန်ဆောင်မှုလုပ်ငန်း | ၄၅ |
| ခရီးသွားလုပ်ငန်း | ၄၆ |
| ၃.၀။ အကန့်အသတ်များနှင့် အခွင့်အလမ်းများ | ၄၉ |
| ပထဝီအနေအထားနှင့် သဘာဝပတ်ဝန်းကျင် | ၅၁ |
| ချေးငွေ နှင့် ဘဏ္ဍာငွေရရှိမှုအခွင့်အလမ်း | ၅၃ |
| ဈေးကွက်အရွေ့ | ၅၄ |
| လူမှုရေးအခင်းအကျင်းများ | ၅၅ |
| အလုပ်သမားဈေးကွက် | ၅၆ |
| မြေယာလုပ်ပိုင်ခွင့်အတွက်စိန်ခေါ်မှုများ | ၅၇ |
| စီးပွားရေး ဖွဲ့စည်းတည်ဆောက်ပုံများနှင့် အစုဖွဲ့ အုပ်ချုပ်ရေးပုံစံများ | ၅၈ |
| ဘဏ္ဍာငွေရရှိမှုအခွင့်အလမ်း | ၆၁ |
| အောင်မြင်မှုအတွက်အဆက်အသွယ်အချိတ်အဆက်များ | ၆၄ |

## အကျဉ်းချုပ်နှင့် အကြံပြုချက်များ

### အကျဉ်းချုပ်

ကယားပြည်နယ်သည်အရွယ်အစားနှင့်လူဦးရေအရ မြန်မာနိုင်ငံ၏ အသေးငယ်ဆုံးပြည်နယ်ဖြစ်သော်လည်း စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းများစွာလည်းရှိနေသည်။ ပြည်နယ်၏ မြို့နယ် (၇) မြို့နယ်သည် သဘာဝ အရင်းအမြစ်ကြွယ်ဝပြီးသဘာဝသစ်တောများရှိသည့်တောတောင်ထူထပ်သည့်နေရာများနှင့် စိုက်ပျိုးရေရရှိပြီး မြေသြဇာကောင်းမွန်သည့်စိုက်ပျိုးနိုင်သောမြေပြန့်ဒေသများနှင့်ဖွဲ့စည်းထားသည်။ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ပြည်နယ်ကြားတွင် တည်ရှိသည့်အလျောက် ကယားပြည်နယ်သည် ကုန်သွယ်ရေးလမ်းကြောင်း အများအပြား၏ အစိတ်အပိုင်းဖြစ်နိုင်သည်။

၁၉၉၀ ပြည့်နှစ်များတွင်ပဋိပက္ခကြောင့်နေရပ်စွန့်ခွာထွက်ပြေးရမှုများကြီးကြီးမားမားရှိခဲ့ပြီးနောက်တွင်လည်း ကယားပြည်နယ်သည် ယနေ့အချိန်ထိ လက်နက်ကိုင်ပဋိပက္ခ၏ သက်ရောက်မှုကို ခံနေရဆဲ ဖြစ်သည်။ နယ်စပ် တစ်ဖက်ခြမ်း ထိုင်းနိုင်ငံဖက်ရှိ ဒုက္ခသည်စခန်းများတွင် လူ ၁၀၀၀၀ ကျော် နေထိုင်လျက်ရှိကြပြီး ကယားပြည်နယ် အနံ့အပြားတွင် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးသူ ၂၅၀၀၀ ကျော်ရှိသည်။ ထိုဒုက္ခသည်များနှင့် ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးသူ အများအပြားသည် ခိုင်မာသော ငြိမ်းချမ်းရေးသဘောတူညီချက်မရှိသေးသရွေ့ သူတို့၏ မူလနေရပ်များဆီသို့ ပြန်ရန် ဆန္ဒမရှိကြသော်လည်း နယ်စပ်အကူအညီပေးရေးညွန့်ပေါင်းအဖွဲ့ (The Border Consortium-TBC) သည် လူထု ကိုယ်တိုင်ပါဝင်အဖြေရှာကြိုးပမ်းအားထုတ်မှုဖြင့်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်းကိုအထောက်အကူပေးရန် နှင့် သူတို့၏ဆန္ဒအလျောက်နေရပ်ပြန်နိုင်ရေးနှင့်ပြန်လည်ပေါင်းစည်းရေးအတွက် အခြေခံအုတ်မြစ်ချပေးနိုင်ရန် ၎င်းတို့နှင့် အတူလက်တွဲလုပ်ဆောင်လျက်ရှိသည်။နေရပ်ပြန်စွန့်ဦးလုပ်ငန်းရှင်များ၏အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း များ ဖွံ့ဖြိုးစေရေး အကူအညီပေးရန်မှာ TBC ၏ ဦးစားပေးလုပ်ငန်းများထဲမှ တစ်ခု အပါအဝင်ဖြစ်သည်။

စွန့်ဦးလုပ်ငန်းရှင်များဖြစ်လာနိုင်သည့်နေရပ်ပြန်မည့်သူများအတွက်အလားအလာရှိသောအခွင့်အလမ်းများနှင့် အကန့်အသတ်များကို ဆန်းစစ်ရန်အတွက် "နေရပ်ပြန်လာခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း အကြောင်းအရာအောက်တွင် ဒုက္ခသည်အမျိုးသမီးများသာတူညီမျှရှိစေရေးအတွက် "အသင့်ဖြစ်ပြီ (I'm Prepared Project)စီမံကိန်း" ၏ မြန်မာ၊ ထိုင်းအပိုင်းကဏ္ဍတစ်စိတ်တစ်ဒေသအဖြစ်ဤ"ကယားပြည်နယ်ကျေးလက်ဒေသအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အတွက်အဓိကစီးပွားရေးကဏ္ဍများအားဈေးကွက်ဆန်းစစ်လေ့လာခြင်းအစီရင်ခံစာ" အားရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ ဤအစီအစဉ်အား အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များအတွက် ငွေကြေး ထောက်ပံ့ပေးသော အစီအစဉ် ဖြစ်သည့် ကျားမရေးရာလုပ်ငန်းအစီအစဉ် (GAP) မှတဆင့် ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတွင် TBC မှ ဩစတြေးလျနိုင်ငံ၏ NGO တစ်ခု ဖြစ်သည့် ငြိမ်းချမ်းရေး အတွက်လုပ်ဆောင်မှု (A4P) နှင့်အတူတကွဆောင်ရွက်နေခြင်းဖြစ်သည်။ ဤဈေးကွက်ဆန်းစစ်လေ့လာမှု က စွန့်ဦးလုပ်ငန်းရှင်များဖြစ်လာနိုင်သည့် နေရပ်ပြန်သူများအတွက် ကယားပြည်နယ်ကျေးလက်ဒေသတွင် စီးပွားရေး အခွင့်အလမ်းကောင်းများ ရှိနေသလို စိန်ခေါ်မှုများလည်း ရှိနေကြောင်း ပြသသည်။

ကယားပြည်နယ်ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးအပါဆုံးသောစီးပွားရေးကဏ္ဍ များနှင့်အလားအလာရှိသောနေရပ်ပြန်စွန့်ဦးလုပ်ငန်းများ၏ရည်မှန်းချက်များနှင့်စိုးရိမ်ပူပန်မှုများကို ရှာဖွေဖော်ထုတ်ရန် အတွက် TBC ၏ဝန်ထမ်းများ၊ GAP၏ ကယားပြည်နယ်အခြေစိုက် မိတ်ဖက်အဖွဲ့အစည်းများနှင့် လွိုင်ကော်ရှိ အခြား အဓိကသက်ဆိုင်သောအဖွဲ့အစည်းများနှင့်တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ ဤဈေးကွက် လေ့လာဆန်းစစ်မှုတွင်

လေ့လာရန်အတွက်ရွေးချယ်ခဲ့သောအဓိကစီးပွားရေးကဏ္ဍများမှာ-လယ်ယာစိုက်ပျိုးရေး(ငွေပေါ်လွယ်သောသီးနှံများ)၊ စိုက်ပျိုးရေးလုပ်ငန်း(တန်ဖိုးမြှင့်ထုတ်ကုန်များ)၊လယ်ယာစိုက်ပျိုးရေး၊မွေးမြူရေး၊သစ်သီးခြံများနှင့်စိုက်ပျိုးရေးသစ်တော ၊သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများ၊ရေလုပ်ငန်း၊လက်မှုပညာ၊အထည်ချုပ်နှင့်အထည်အလိပ်၊ ကုန်သွယ်ရေး၊ ဧည့်ဝန်ဆောင်မှုလုပ်ငန်းနှင့်ခရီးသွားလုပ်ငန်းတို့ဖြစ်သည်။ ဤတွေ့ဆုံမေးမြန်းမှုများအားကယားပြည်နယ်၏ နိုင်ငံရေး၊ စီးပွားရေးနှင့်ပတ်သက်၍စားပွဲထိုင်သုတေသနပြုလုပ်ခြင်း နှင့် ရွေးချယ်ထားသည့်အဓိကစီးပွားရေးကဏ္ဍများ၏ တန်ဖိုးကွင်းဆက်များကို အကဲဖြတ်ခြင်းတို့ဖြင့် ထပ်မံ အားဖြည့် ခဲ့သည်။

ကဏ္ဍတစ်ခုချင်းစီအတွက် တန်ဖိုးကွင်းဆက်ဆိုင်ရာကနဦးလေ့လာဆန်းစစ်မှုများသည် အလားအလာရှိသောစွန့်ဦး လုပ်ငန်းရှင်များအတွက် သူတို့၏စီးပွားရေးစီမံကိန်းများအား ရေးဆွဲရာတွင်အထောက်အကူဖြစ်စေမည့်အတွေးအမြင် များကိုပေးလိမ့်မည်ဖြစ်သည်။တန်ဖိုးကွင်းဆက်ဆိုင်ရာဆန်းစစ်လေ့လာမှုတွင်အစဉ်အလာအားဖြင့်ပတ်သက် ဆက်စပ် မှုမရှိသည့်အကျိုးစီးပွားများအား ဆက်စပ်ကြည့်ခြင်းမှအဓိကတွေ့ရှိချက်တစ်ရပ်မှာ တသီးပုဂ္ဂလစွန့်ဦးလုပ်ငန်းရှင်များ အနေဖြင့်ထုတ်လုပ်သူအုပ်စုများနှင့် အစုအဖွဲ့ပိုင်စီးပွားရေးလုပ်ငန်းများမှတဆင့် အခြားစွန့်ဦးလုပ်ငန်းရှင်များနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့်အကျိုးဖြစ်ထွန်းနိုင်သည်။ ဤသို့ ညှိနှိုင်းဆောင်ရွက်မှု၏ အရေးကြီးသော ရည်မှန်းချက်တစ်ရပ်မှာ စွန့်ဦးလုပ်ငန်းရှင်များအနေဖြင့် သူတို့လုပ်ငန်းဆောင်ရွက်ရာစီးပွားရေးကဏ္ဍအတွင်းလုပ်ဆောင်နိုင်စွမ်း ပိုမိုရရှိစေရန် ဖြစ်သည်။ စွန့်ဦးလုပ်ငန်းရှင်များအနေဖြင့် အစုအဖွဲ့ပိုင်သိုလှောင်ရုံ၊ပို့ဆောင်ရေးနှင့်ဖြန့်ချိရေးလုပ်ငန်းများ တွင်အတူ တကွလုပ်ဆောင်နိုင်ခြင်းဖြင့် ဈေးကွက်အတွင်းသူတို့၏စွမ်းအားကို ဆတိုးမြှင့်တင်နိုင်ပြီး သူတို့၏လုပ်ငန်းများ၏ အောင်မြင်နိုင်စွမ်းကိုလည်း ပိုမိုတိုးတက်ကောင်းမွန်စေနိုင်သည်။

နောက်ထပ်အဓိကကျသည့်တွေ့ရှိချက်မှာ ကယားပြည်နယ်မှအလားအလာရှိသောအမျိုးသမီးစွန့်ဦးလုပ်ငန်းရှင် အများ အပြားတွင် စံသတ်မှတ်ချက်များရှိနေပြီး ယင်းတို့က စီးပွားရေးလုပ်ငန်းတစ်ခုကို စတင်ရန်အတွက် ၎င်းအမျိုးသမီးများ ၏ ကနဦး ဆုံးဖြတ်ချက်အပေါ်တွင် လွှမ်းမိုးနေလျက် ရှိခြင်းပင် ဖြစ်သည်။ အမျိုးသမီး စွန့်ဦး လုပ်ငန်းရှင်များအတွက် အဓိက စံသတ်မှတ်ချက်များမှာ ၎င်းတို့၏အသိုင်းအဝန်းအစုအဖွဲ့များနှင့်နေအိမ်များတွင်ဆက်ပြီးရှိနေနိုင်ခြင်း (ကလေး ကျွေးမွေးစောင့်ရှောက်ခြင်း၊ သက်ကြီးပြုစုစောင့်ရှောက်ခြင်း စသည့်အခြားသောတာဝန်ဝတ္တရားများကို တာဝန်ယူ လုပ်ကိုင်နိုင်ရန်) ၊ စီးပွားရေးလုပ်ငန်းတစ်ခုတွင် ရင်းနှီးမြှုပ်နှံမှုမပြုမီ တရားဝင်မြေယာလုပ်ပိုင်ခွင့်ရယူလိုသည့် စိတ်ဆန္ဒ ရှိခြင်း၊ စီးပွားရေးလုပ်ငန်းတစ်ခုကိုလုပ်ကိုင်စဉ်တစ်ပြိုင်နက်တည်းမှာပင် ဂမ်းရေးဖူလုံနိုင်မှုဆိုင်ရာစိုက်ပျိုးရေးလုပ်ငန်း တစ်ခုတွင် ဆက်လက်လုပ်ကိုင်ခြင်း (အိမ်ခြံတွင်းဥယျာဉ်ခြံစိုက်ပျိုးခြင်းစသည်) နှင့် ၎င်းတို့သည် ကြွေးမြီတင်ရှိမည်ကို မလိုလားသူများဖြစ်သည့်အလျောက် ရင်းနှီးငွေအမြောက်အမြား မလိုအပ်သော စီးပွားရေးလုပ်ငန်းအခွင့်အလမ်းများ ရရှိလိုသည့် စိတ်ဆန္ဒရှိခြင်း တို့ ဖြစ်သည်။

အမျိုးသမီး စွန့်ဦးလုပ်ငန်းရှင်များအတွက် အဓိကကျသည့် အောင်မြင်နိုင်မှု အကြောင်းရင်းများထဲတွင် သီးနှံအသစ်များ စိုက်ပျိုးနိုင်ရန်အတွက် ဈေးကွက် အတွေးအမြင်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ဆိုင်ရာ အိုင်ဒီယာများ ရရှိနိုင်ခြင်း၊ ပစ္စည်း သိုလှောင်ရာအဆောက်အအုံများကိုအကောင်းဆုံးထိန်းသိမ်းလုပ်ဆောင်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှု ဆိုင်ရာပစ္စည်းကိရိယာများကို မည်ကဲ့သို့လည်ပတ်လုပ်ကိုင်ရမည်ဆိုသည်နှင့် ပတ်သက်သည့် နည်းပညာဆိုင်ရာ ဗဟုသုတများရရှိနိုင်ခြင်း၊ အမြောက်အများထုတ်လုပ်ခြင်းဖြင့်ကုန်ကျစရိတ်လျှော့ချနိုင်စေခြင်း၊ ကုန်ပစ္စည်းဈေးနှုန်းများ မတည်မငြိမ်ဖြစ်ခြင်းနှင့် ဂိုသမလောဘသား ပွဲစားများ၏ ရန်မှကျော်လွှားနိုင်ရန် ၎င်းတို့၏ ထုတ်ကုန်ရောင်းချမှုများကို အချိန်ကိုက်လုပ်ဆောင်နိုင်စွမ်းရှိခြင်းနှင့် ပြည်နယ်ရှိကျေးရွာအုပ်စုများအတွင်းရှိ အမျိုးသမီးအစုအဖွဲ့များအတွင်း ချိတ်ဆက်မှုကွန်ရက်ကို အားကောင်းစေခြင်းတို့ပါဝင်သည်။ GAP စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ်

ထူထောင်ထားသည့် အမျိုးသမီးစွမ်းဆောင်မှုအုပ်စုများ (Women’s Empowerment Groups) သည်လည်း စွန့်ဦးလုပ်ငန်းရှင်များအကြားအတွေ့အကြုံများဖလှယ်ရာတွင်သော်လည်းကောင်း၊ ကျေးရွာအုပ်စုနှင့် မြို့နယ်အဆင့်များ အတွင်း ဆက်သွယ်ချိတ်ဆက်မှုကို ပိုမိုအဆင်ပြေချောမွေ့စေရန်လည်းကောင်း အခရာ ကျမည် ဖြစ်သည်။

ကယားပြည်နယ်ကျေးလက်ဒေသများမှ အလားအလာရှိစွန့်ဦးလုပ်ငန်းရှင်များ ရင်ဆိုင်ကြုံတွေ့နေရသည့် အဓိက စိန်ခေါ်မှုများထဲတွင် တရားဝင်မြေယာလုပ်ပိုင်ခွင့်မရှိခြင်း၊ စီးပွားရေးကဏ္ဍအများအပြားတွင် ဈေးကွက်လက်ဝါးကြီး အုပ်ချုပ်ကိုင်မှုအနေအထားတစ်ရပ်ကြောင့် တစ်နိုင်တစ်ပိုင်အသေးစားလုပ်ကိုင်ကြသည့် တောင်သူများနှင့် အသေးစား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ပိုင်ခွင့်အနည်းငယ်သာရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ရန် ငွေရင်းငွေနှီးမရှိခြင်း၊ ငွေကြေးမတည်ထောက်ပံ့မှုများကို လက်ခံချိတ်ဆက်ရယူမှုအပိုင်းတွင် အခက်အခဲများရှိခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားမှု အခွင့်အလမ်းများမရှိခြင်း တို့ ဖြစ်သည်။

အောက်ပါတို့သည် ဤဈေးကွက်လေ့လာဆန်းစစ်မှုမှပေါ်ထွက်လာသည့်အကြံပြုချက်များ ဖြစ်သည်။ အကြံပြုချက်များ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ TBC နှင့် GAP မိတ်ဖက်များကိုယင်းတို့၏အစီအစဉ်ရေးဆွဲမှုအပိုင်းနှင့် စည်းရုံး လှုံ့ဆော်မှုလုပ်ငန်းများလုပ်ကိုင်ရာတွင် အကူအညီဖြစ်စေရန် နှင့် အစိုးရလုပ်ငန်းစဉ်များနှင့် အချိတ်အဆက်များ ရရှိ စေရန်ဖြစ်သည်။ အကြံပြုချက်များကို အုပ်စု ၅ စုဖြင့် ခွဲခြားဖော်ပြထားသည်။ ဒုက္ခသည်နေရပ်ပြန်လာရေးနှင့် သက်ဆိုင်သည့်အပိုင်း၊ တန်ဖိုးကွင်းဆက်များအားအားကောင်းစေခြင်း၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု လုပ်ဆောင်နိုင် စွမ်းများ ကိုမြှင့်တင်ပေးခြင်း နှင့် စားနပ်ရိက္ခာဖူလုံမှုကို အားကောင်းစေခြင်း တို့ဖြစ်သည်။

**TBC နှင့် GAP မိတ်ဖက်အဖွဲ့အစည်းများအတွက် အကြံပြုချက်များ**

ဒုက္ခသည်  နေရပ် ပြန်လာရေးနှင့် သက်ဆိုင်သည့် အပိုင်း

- သင့်လျော်သည့်အသက်မွေးမှု အခွင့်အလမ်းများရှိနေမှုအပေါ် အခြေခံကာဖြစ်နိုင်ချေရှိသည့်ပြန်လည်နေရာ ချထားရေးအတွက်နေရာများဖော်ထုတ်သတ်မှတ်ရန်၊ စီးပွားရေးလုပ်ငန်းပုံစံဖော်ဆောင်ရေးဆိုင်ရာလုပ်ငန်းများကို ဒုက္ခသည်များနေရပ်အပြီးပြန်ရန်ပြင်ဆင်မှုအဖြစ်သူတို့ပြန်လာပြီးနောက်နေထိုင်ကြမည့်နေရာများသို့ သွား ရောက် ကြည့်ရှုကြမည့် ခရီးစဉ်များသို့ ထည့်သွင်းပေါင်းစည်းရန်။
- GAP ၏ အစီအစဉ်ရေးဆွဲမှုသည် နေရပ်ပြန်လာကြမည့် လူအုပ်စု၏ မတူညီသော လူမှုအပိုင်းကဏ္ဍများ (ဥပမာ၊ လိင်၊ အသက်၊ အရည်အချင်းစွမ်းရည်စသည်) အတွက် အထူးလိုအပ်ချက်များကို ဦးစားပေး လုပ်ဆောင်သွားရန်။
- နေရပ်ပြန်များနှင့် ဒေသခံအိမ်ရှင်အသိုင်းအဝိုင်းများအကြား ပြန်လည်ပေါင်းစည်းရေးကိုအဆင်ပြေချောမွေ့သွား စေရန် ရည်ရွယ်သည့်လှုပ်ရှားမှု၊ တွေ့ဆုံမှုများကိုလွယ်ကူအဆင်ပြေစေရန် (ဥပမာ နေရပ်ပြန်များအနေဖြင့် ထိုင်းနိုင်ငံတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ပြီးနောက် မတူညီသောအမြင်များနှင့်ယဉ်ကျေးမှုဆိုင်ရာ ကျင့်သုံးမှုများ ရှိနိုင်သည်)။ ယင်းကဲ့သို့ လှုပ်ရှားမှု၊တွေ့ဆုံမှုများကို စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများ နှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ ပေါင်းစည်းနိုင်သည်။
- နေရပ်ပြန်များနှင့်ဒေသခံအိမ်ရှင်အသိုင်းအဝိုင်းများအကြား အစုအဖွဲ့ပိုင်သစ်တောထိန်းသိမ်းစီမံမှုဆိုင်ရာ အသိ ပညာနှင့်ကျွမ်းကျင်မှုများကိုတည်ဆောက်ရန် (အစုအဖွဲ့ပိုင်မြေနေရာကိုမြေပုံရေးဆွဲခြင်း၊ သစ်တော ဆိုင်ရာ အသေးစိတ်စာရင်းများပြုစုခြင်း၊ သစ်တောပြန်လည်ပျိုးထောင်ရေးအတွက် သစ်ပင်၊ပျိုးပင်များကို စုဆောင်း ထား ရှိခြင်း စသည်) ထိရောက်သော လူထုအခြေပြု သစ်တောစီမံခန့်ခွဲမှု၏ ထပ်ဆောင်း အကျိုး ကျေးဇူး မှာ ယင်းက

ရပ်ရွာအသိုင်းအဝန်းများကို ၎င်းတို့၏ မြေယာလုပ်ပိုင်ခွင့်များရယူတောင်းခံရာတွင် အကူအညီ ဖြစ်ကောင်းဖြစ်စေနိုင်ခြင်း ပင်ဖြစ်သည်။

- ဒုက္ခသည်များ၊နေရပ်စွန့်ခွာထွက်ပြေးသူများ၏ ကျွမ်းကျင်မှု အရည်အချင်းများက ရှိရင်းစွဲ အလုပ်သမား ဈေးကွက်ကို မထိခိုက်စေဘဲကယားပြည်နယ်၏ကျယ်ပြန့်သောစီးပွားရေးဖွံ့ဖြိုးရေးကို မည်ကဲ့သို့ထောက်ကူ ဖြည့်ဆည်းပေးနိုင်မည်ကို ခွဲခြားသိရှိနိုင်ရန်အတွက် IDPs များနှင့် ဒုက္ခသည်များဆိုင်ရာ အလုပ်သမားဈေးကွက် ကျွမ်းကျင်မှု စစ်တမ်းတစ်ရပ် ကောက်ယူရန်။
- ကယားပြည်နယ်အစိုးရကိုလည်း ဒေသခံ ရပ်ရွာအသိုင်းအဝန်းများ၊ IDPs များ၊ ပြည်နယ်သို့ ပြန်လာရန် စဉ်းစားနေသည့် ဒုက္ခသည်များနှင့်ဆွေးနွေးတိုင်ပင်စေပြီး ပြည်နယ်တစ်ခုလုံးကို လွှမ်းခြုံမည့် စီးပွားရေး ဖွံ့ဖြိုးရေး အစီအစဉ်များ ဖော်ဆောင်သွားနိုင်ရေးအတွက် တိုက်တွန်းရန်။

**စီးပွားရေးစီမံခန့်ခွဲမှု စွမ်းရည်များအား မြှင့်တင်ခြင်း**

- အတွေ့အကြုံများနှင့် စိန်ခေါ်မှုများကို ဝေမျှနိုင်ရေး အမျိုးသမီး ဦးဆောင်သော စွန့်ဦးလုပ်ငန်းရှင်များ ကွန်ရက်ဖွဲ့စည်းမှုကို ပံ့ပိုးကူညီရန်နှင့် အပြန်အလှန် ဖလှယ်သည့် ခရီးစဉ်များ ပုံမှန်လုပ်ဆောင်ရန်။
- အလားအလာရှိ နေရပ်ပြန် အမျိုးသမီးစွန့်ဦးလုပ်ငန်းရှင်များအတွက် စီးပွားရေးလုပ်ငန်းပုံစံများ ဖော်ဆောင်ရေးနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများ လုပ်ဆောင်ရန်။ စီးပွားရေးပုံစံအသစ်တခုအား မည်ကဲ့သို့ မဟာဗျူဟာမြောက်စီမံခန့်ခွဲမှုမည်နှင့် မည်ကဲ့သို့ ကျစ်ကျစ်လစ်လစ်စတင်နိုင်မည်ကို ရှင်းပြပေးထားသည့် "business model canvas" နည်းလမ်းက လျင်မြန်မှုနှင့် ရိုးရှင်းလွယ်ကူမှုရှိရာ ဤအတွက် သင့်လျော်ကောင်းသင့်လျော်နိုင်သည်။
- မည်သည့် စီးပွားရေးပုံစံများနှင့် စုပေါင်းအုပ်ချုပ်မှုပုံစံများက ၎င်းတို့၏ စီးပွားရေး ရည်မှန်းချက်ပန်းတိုင်များနှင့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာများအတွက် အသင့်တော်ဆုံးဖြစ်မည် ဆိုသည်နှင့်ပတ်သက်၍ အလားအလာရှိ နေရပ်ပြန်စွန့်ဦးလုပ်ငန်းရှင်များအကြား ဆွေးနွေးမှုများကိုလွယ်ကူစွာဖြစ်ပေါ်စေရန်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်းတွင် "သမဂ္ဂါယမ" ဆိုသည့် အယူအဆနှင့် ပတ်သက်၍ အနုတ်လက္ခဏာဆောင်သည့် ဆင့်ပွားအနက်အဓိပ္ပါယ်ထွက်မှုတို့ကိုအသိအမှတ်ပြုပြီးသမဂ္ဂါယမဆိုသည်မှာဘာလဲဆိုသည်ကိုလေ့လာခြင်း၊ သမဂ္ဂါယမဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အစီအစဉ်များ၏ အကျိုးအပြစ်များကိုဖော်ထုတ်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာအကောင်းဆုံး သမဂ္ဂါယမအုပ်ချုပ်မှုလုပ်ထုံးလုပ်နည်းများ အကြောင်းအသေးစိတ်ဆွေးနွေးခြင်းဆိုင်ရာ ဆွေးနွေးမှုများဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည်။

**တန်ဖိုး ကွင်းဆက်များကို အားကောင်းစေခြင်း**

- နေရပ်ပြန် စွန့်ဦးလုပ်ငန်းရှင်များ ထုတ်လုပ်ထားသည့် စိုက်ပျိုးရေးထုတ်ကုန်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များအတွက် ဈေးကွက်ရှာဖွေမှုအပိုင်းကို ပံ့ပိုးပေးနိုင်ရန် အလို့ငှာ ကယားပြည်နယ် (သို့မဟုတ် မြို့နယ် အဆင့်) အမှတ်တံဆိပ် brand တစ်ခု ဖန်တီးခြင်းနှင့် ဈေးကွက်ဖော်ဆောင်မှုမဟာဗျူဟာ ရေးဆွဲရေးကို အားပေးရန်။
- အသေးစား စီးပွားရေးလုပ်ငန်းသစ်များနှင့် သမဂ္ဂါယမ လုပ်ငန်းသစ်များကို ယင်းတို့၏ သက်ဆိုင်ရာ တန်ဖိုးကွင်းဆက်များနှင့် စီးပွားရေးပုံစံအတွက် အသေးစိတ်ပထဂီဂင်ဈေးကွက်အကဲဖြတ်သုတေသနများ လုပ်ဆောင်စေနိုင်ရန် အလို့ငှာ နည်းပညာ အကူအညီများထောက်ပံ့ပေးရန်။ (ဥပမာ နှစ်စဉ်ဂယ်လိုအား၊ ရှိရင်းစွဲဈေးကွက်

တန်ဖိုး၊ အလားအလာကောင်းသည့်ဈေးကွက်သစ်များ၊ လုပ်ငန်းပြိုင်ဘက်များအကြောင်း၊ ဂယ်ယူအားပေးသူများ အကြောင်း စသည်)

- နေရပ်ပြန်စွန့်ဦးလုပ်ငန်းရှင်များကိုသင့်လျော်သည့်အချိန်တစ်ခုအသုံးပြုစေပြီး နိုင်ငံတကာဖောက်သည်များအထိ ထိုးဖောက်ဆွဲဆောင်နိုင်မည့်ထုတ်ကုန်များ(လက်မှုပညာပစ္စည်းများ) ဒီဇိုင်းရေးဆွဲခြင်း၊ (တန်ဖိုးမြှင့်ထုတ်ကုန်များ အတွက်) ထုပ်ပိုးခြင်းတို့ကို ကူညီပံ့ပိုးပေးရန်။
- နေရပ်ပြန် စွန့်ဦးလုပ်ငန်းရှင်များကို ၎င်းတို့၏ ထုတ်ကုန်များအတွက် ဈေးကောင်းသည့် တန်ဖိုးနှုန်းထားတစ်ရပ် သတ်မှတ်ရောင်းချစေနိုင်ရန် လိုအပ်သော နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်များ လျှောက်ထားမှုအပိုင်းတွင် ကူညီပေးရန် ( ဥပမာ ၊ အော်ဂဲနစ် စိုက်ပျိုးခြင်း၊ မျှတသည့်ကုန်သွယ်ရေးအသိအမှတ်ပြုလက်မှတ်စသည်)။
- နေရပ်ပြန်စွန့်ဦးလုပ်ငန်းရှင်များ ကုန်ပစ္စည်းဈေးနှုန်းများ မတည်မငြိမ်ဖြစ်မှုအရေးမှ ခုခံကာကွယ်နိုင်မည့် (ဥပမာ၊ ပြောင်းကို နည်းပါးသည့်ဈေးနှုန်းတစ်ရပ်ဖြင့်ရောင်းချခြင်းထက်စာပါက တိရစ္ဆာန်အစာအတွက် စတင် အသုံးပြုနိုင် စေရန် သို့မဟုတ် ဈေးနှုန်း မတည်မငြိမ်ဖြစ်မှု၏သက်ရောက်မှုဒဏ်ခံနိုင်ရန်အလို့ငှာ အမျိုးမျိုးသောသီးနှံများ စိုက်ပျိုးရန်)။

**စားနပ်ရိက္ခာဖူလုံမှုကို အားပေး မြှင့်တင်ရန်**

- ကာလတိုအတွက် အိမ်ထောင်စုများ၏ အစားအစာ ဖူလုံမှု၊ နေအိမ်တွင်း ဥယျာဉ်ခြံ စိုက်ပျိုးမှု၊ တနိုင်တပိုင် စီးပွားဖြစ် သီးနှံစိုက်ပျိုးမှုနှင့် အိမ်မွေးတိရစ္ဆာန် မွေးမြူမှု တို့အား အာရုံစိုက်လုပ်ကိုင်ရန်။
- နေရပ်ပြန်လာသူများကို သမားရိုးကျ အစဉ်အလာ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဈေးကွက်ထဲ ရောင်းချရန် ရည်ရွယ်သည့် သီးနှံစိုက်ပျိုးခြင်းလုပ်ငန်းများအတွက် မျိုးစေ့များရရှိစေနိုင်ရေး ထောက်ပံ့ပေးမည့် အစီအစဉ်များ နှင့် မျိုးစေ့စုဆောင်းသည့် လုပ်ငန်းများအား ထောက်ပံ့ပေးရန်။

### ၁.၇။ မိတ်ဆက်နှင့် နောက်ခံအခြေအနေအားဆန်းစစ်လေ့လာခြင်း

"နေရပ်ပြန်လာခြင်း၊ ပြန်လည်ပေါင်းစည်းခြင်း အကြောင်းအရာအောက်တွင် ဒုက္ခသည်အမျိုးသမီးများ သာတူညီမျှ ရှိစေရေး ဖေါ်ဆောင်သည့် "အသင့်ဖြစ်ပြီ (I'm Prepared Project) စီမံကိန်း" ၏ မြန်မာ၊ထိုင်း အပိုင်းကဏ္ဍ တစ်စိတ်တစ်ဒေသအဖြစ် ယခု ဈေးကွက် အကဲဖြတ်ချက် အစီရင်ခံစာကို ပြုစုခဲ့ခြင်း ဖြစ်သည်။[1] ဤ စီမံကိန်းကို The Border Consortium (TBC)[2] က ဩစတြေးလျ NGO တစ်ခုဖြစ်သော Act for Peace (A4P)[3] နှင့် ပူးပေါင်းကာ မြန်မာနှင့် ထိုင်းနိုင်ငံတို့၌ အကောင်အထည်ဖော်နေသည်။ A4P သည် စီမံကိန်းအတွက် ကျား၊မရေးရာ အစီအစဉ် (Gender Action Platform - GAP)[4] အောက်တွင် ဩစတြေးလျအစိုးရ၏ နိုင်ငံခြားရေးရာဌာနထံမှ နှစ်ရှည် ဘဏ္ဍာငွေ ထောက်ပံ့မှုတစ်ရပ်ကို ရရှိထားသည်။ အိန္ဒိယမှ သီရိလင်္ကာသို့ ၊ ထိုင်းမှ မြန်မာသို့ နေရပ် ပြန်လာမှု၊ ပြန်လည် ပေါင်းစည်းမှု လုပ်ငန်းစဉ်များအတွင်း ယခု သုံးနှစ်တာစီမံကိန်း သည် ကျား၊မ တန်းတူညီတူရှိမှု၊ စီးပွားရေး စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ဒုက္ခသည်များအားအကာအကွယ်ပေးခြင်း တို့ကိုအားပေးမြှင့်တင်မည်။

"I'm Prepared" စီမံကိန်းတွင် အဓိက ရည်ရွယ်ချက်ကြီး လေးရပ် ရှိသည်။

၁) အသိပညာဗဟုသုတ - နေရပ်ပြန်လာရန် ဆန္ဒရှိသူများအတွက် အသိအမြင်ကြွယ်ဝစွာဖြင့် ဆုံးဖြတ်ချက် ချမှတ်မှုပိုင်းကို အားကောင်းစေခြင်း၊ ကြိုတင်ပြင်ဆင်မှုပိုင်းကို အားကောင်းလာစေခြင်းတို့ဖြင့် ထိုင်းရှိ ကရင်နီ ဒုက္ခသည် အမျိုးသမီးများ၊ အိန္ဒိယရှိ တမီလ် ဒုက္ခသည် အမျိုးသမီးများ၏ ဘေးကင်းလုံခြုံစွာ၊ ဂုဏ်သိက္ခာရှိစွာဖြင့် ပြန်လာနိုင်ရေး၊ ပြန်လည်ပေါင်းစည်းနိုင်ရေးကို မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။

၂) စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ခြင်း - နေရပ်ပြန်လာသည့် အမျိုးသမီးများအနေဖြင့် ပိုမိုကောင်းမွန်သည့် စီးပွားရေး အခွင့်အလမ်းများနှင့် စီးပွားရေး စွမ်းဆောင်ရည်မြှင့်တင်မှုတို့ကို ခံစားရရှိနိုင်ခြင်းဖြင့် လုံခြုံဘေးကင်း သည့်၊ သိက္ခာရှိသည့်၊ ရေရှည်တည်တံ့သည့် ပြန်လည်ပေါင်းစည်းခြင်းကို ဖြစ်မြောက်စေမည်ဖြစ်သည်။

၃) ဦးဆောင်မှု - ဒုက္ခသည်များနှင့် နေရပ်ပြန် အမျိုးသမီးများအနေဖြင့် ဒုက္ခသည် စခန်းနေရာများနှင့် နေရပ်ပြန်ရာ ဧရိယာများ၌ သူတို့၏ ဦးဆောင်နိုင်မှုနှင့် ထိတွေ့ဆက်သွယ်မှုမှတဆင့် မိသားစုများ၊ ရပ်ရွာအသိုင်းအဝန်းနှင့် ကျယ်ပြန့်သော လူ့အသိုက်အဝန်းအတွင်း သူတို့၏လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ ဩဇာလွှမ်းမိုးမှုကို တိုးမြှင့်နိုင်မည် ဖြစ်သည်။

၄) သင်ယူခြင်း - ကြိုတင်ပြင်ဆင်မှု၊ နေရပ်ပြန်လာမှုနှင့်ပြန်လည် ပေါင်းစည်းရေး အစီအစဉ်ရေးဆွဲဖော်ဆောင်မှု၏ ထိရောက်နိုင်မှုကို အားကောင်းစေမည်ဖြစ်သည်။

---

[1] ၁ "I'm Prepared" စီမံကိန်းနှင့် ပတ်သက်၍ပိုမို သိရှိနိုင်ရန် https://dfat.gov.au/aid/who-we-work-with/ngos/Pages/i-am-prepared.aspx ကိုကြည့်ပါ။

[2] ၂ နယ်စပ်အကူအညီပေးရေးညွန့်ပေါင်းအဖွဲ့ (TBC)သည် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးအတွက် လူထုကိုယ်တိုင်ပါဝင်အဖြေရှာကြိုးပမ်းအားထုတ်မှုများ ကို ပံ့ပိုးကူညီပေးရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် မြန်မာနိုင်ငံမှ စစ်မက်ပဋိပက္ခဒဏ် ကြောင့် နေရပ်စွန့်ခွာထွက်ပြေးကြရသူများ၊ စစ်မက်ဒဏ်ခံစားရသည့် ဒေသခံများနှင့်အတူ လုပ်ကိုင်နေသည့်အဖွဲ့များ ပူးပေါင်းဖွဲ့စည်းထားသည့် မဟာမိတ် အဖွဲ့တစ်ဖွဲ့ဖြစ်ပါသည်။ TBC သည် ထိုင်းနိုင်ငံရှိ ဒုက္ခသည် ၉၀၀၀၀ ကျော်အတွက် စားနပ်ရိက္ခာ၊ နေစရာနှင့် စခန်းစီမံခန့်ခွဲမှုဆိုင်ရာ အကူအညီများ ပေးပါသည်။ ထို့အပြင် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ စစ်မက်ဒဏ်ခံ ဒေသများတွင် ပြန်လည်ရှန်းထလာသည့် လူ့အသိုင်း အဝိုင်းများအကြား စားနပ်ရိက္ခာ ဖူလုံရေးနှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကို ဖြေရှင်းနိုင်စေရေး အရပ်ဖက်လူ့အဖွဲ့အစည်းများအား အကူအညီ ပေးသည်။

[3] ၃ A4P သည် ဩစတေးလျအမျိုးသားအသင်းတော်ကောင်စီ၏ နိုင်ငံတကာအကူအညီနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့ဖြစ်ပြီး TBC အဖွဲ့ဝင်လည်း ဖြစ်သည်။

[4] ၄ "The Gender Action Platform" နှင့်ပတ်သက်၍ပိုမို သိရှိနိုင်ရန် https://dfat.gov.au/aid/who-we-work-with/ngos/Pages/australian-ngo-gender-action-platform.aspx ကိုကြည့်ပါ။

ယခုစီမံကိန်းသည် ဒုက္ခသည်စခန်းများနှင့်နေရပ်ပြန်လာဖွယ်ရှိသည့် ရပ်ရွာအသိုင်းအဝန်းများအတွင်းရှိ အမျိုးသမီးများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုအားပေးမြှင့်တင်ပေးနိုင်ရေးအတွက်အထူးအာရုံစိုက်ထားသည်။ ဒုက္ခသည်များနေရပ်ပြန်လာရေးနှင့် ပြန်လည်ပေါင်းစည်းရေးအတွက် နယ်စပ်၏ နှစ်ဘက်စလုံးရှိ လူ့အဖွဲ့အစည်းများ ကိုကြိုတင်ပြင်ဆင်ရန်ဆောင်ရွက်နေခြင်းဖြစ်သည်။ ကယားပြည်နယ်တွင် TBC သည် ကရင်နီအမျိုးသမီးများအဖွဲ့ (KNWO)၊ ကရင်နီဒုက္ခသည်ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ (KnRRRWG) နှင့် ကယားဖူးလူမှုဝန်ဆောင်မှုနှင့်ဖွံ့ဖြိုးရေးအဖွဲ့အစည်း (KPSSDA) တို့ကဲ့သို့သော အရပ်ဘက်လူမှုအဖွဲ့အစည်း (CSOs) များနှင့် လက်တွဲဆောင်ရွက်နေလျက် ရှိသည်။

ကယားပြည်နယ်တွင် GAP စီမံကိန်းအား ရှားတော၊ ဒီမောဆိုးနှင့် မယ်စဲ့မြို့နယ်များရှိ ကျေးရွာအုပ်စု ၆ ခုတွင် အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသည်။ ဒီမောဆိုးမြို့နယ်တွင် မြို့၏ တောင်ဖက်ရှိ ထီးဖိုးကလိုးနှင့် မြို့၏ အရှေ့တောင်ပိုင်းရှိ ဒေါ်တမကြီး ကျေးရွာအုပ်စု၊ ရှားတောမြို့နယ်တွင် အလယ်ရှားတောနှင့် မြောက်ရှားတော ကျေးရွာအုပ်စုနှင့် မယ်စဲ့မြို့နယ်တွင် မြို့၏အနောက်ဖက်ရှိ မေဆယ်နန်းနှင့် မြို့၏ မြောက်ဘက်ရှိ မယ်စဲ့ကျေးရွာအုပ်စု တို့ဖြစ်သည်။

## ကယားပြည်နယ်အကြောင်း

ကယားပြည်နယ်သည် အရွယ်အစား (၁၁,၇၃၂ စတုရန်းကီလိုမီတာ)နှင့် လူဦးရေ (၂၈၆,၆၂၇) အရ မြန်မာနိုင်ငံတွင် အသေးငယ်ဆုံးပြည်နယ်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အခြားသောနေရာအများစုနှင့် နှိုင်းယှဉ်လျှင် ကယားပြည်နယ်၏ လူဦးရေသိပ်သည်းဆသည် နည်းပါးသည်။[5]၅ ကုန်းတွင်းပိတ်ပြည်နယ်တစ်ခုဖြစ်ပြီး မြောက်ဖက်နှင့် အနောက်ဖက်တွင် ရှမ်းပြည်နယ်၊ အနောက်ဖက်နှင့် တောင်ဖက်တွင် ကရင်ပြည်နယ်နှင့် အရှေ့ဖက်တွင် ထိုင်းနိုင်ငံတို့မှ ဝန်းရံထားသည်။ ကယားပြည်နယ်၏ မြေမျက်နှာသွင်ပြင်အရ မြေပြန့်နှင့် ကုန်းပြင်မြင့်များဖြင့် ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံ၏ အရှေ့ပိုင်း ကုန်းမြင့်တောင်စဉ်တောင်တန်းများ၏ အလယ်တွင်တည်ရှိသည်။[6]၆ မြေပြန့်စိုက်ပျိုးရေးနှင့် ကုန်းမြင့်စိုက်ပျိုးရေး ၂ ရပ်လုံးအား ကျင့်သုံးသည်။[7]၇

မြို့တော်လွိုင်ကော်အပါအဝင် ကယားပြည်နယ်တစ်ခုလုံးသည် မြန်မာတပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း အများအပြားပါဝင်သော ကာလရှည် လက်နက်ကိုင်ပဋိပက္ခ၏ ဒဏ်ကို ခံခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ်များမှ စတင်၍ ပဋိပက္ခကြောင့် နေရပ်စွန့်ခွာထွက်ပြေးရမှုများ သိသာစွာဖြစ်ပေါ်ခဲ့သည်။ ကယားပြည်နယ် နယ်စပ်၏တစ်ဖက်

---

[5] ၅ မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ်၊ ၂၀၁၆ ဇူလိုင် ၂၇၊ ကယားပြည်နယ်၏လူဦးရေနှင့်လူဦးရေသိပ်သည်းမှု (၂၀၁၄ သန်းခေါင်စာရင်း)[မြေပုံ]။
http://themimu.info/sites/themimu.info/files/documents/Population_Map_2014_Population_Density_Kayah_MIMU841v06_27Jul2016_A4_0.pdf

[6] ၆ အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT)၊ ဇူလိုင် ၂၀၁၅၊ LIFT တောင်တန်းဒေသဆိုင်ရာ အစီအစဉ်: ပိုင်းခြားလေ့လာခြင်း စစ်တမ်း အစီရင်ခံစာ၊ စာ-၂၃။
https://themimu.info/sites/themimu.info/files/documents/Report_LIFT_Upland_Programme_Scoping_Report_LIFT_July2015.pdf

[7] ၇ ပုံ ၁၁- မြို့နယ်အလိုက် ကုန်းမြင့်နှင့် မြေပြန့် စိုက်ပျိုးမှု၊ ကယားပြည်နယ် လူမှုစီးပွားရေး အခြေအနေအား သုံးသပ်ခြင်း၊ (Mercy Corps ၂၀၁၃)
https://www.mercycorps.org/research-resources/socio-economic-analysis-kayah-state-myanmar

ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ပြည်နယ်အတွင်း ဘန်နိုင်ဆွိုင[8၈]နှင့် ဘန်မယ်ဆူရင်[9၉] ဒုက္ခသည်စခန်း ၂ ခုတွင် ကယားပြည်နယ်အတွင်း ပဋိပက္ခမှ ထွက်ပြေးလာသူများ လက်ရှိနေထိုင်လျက်ရှိသည်။ စခန်း ၂ ခုရှိ လူဦးရေမှာ ၈,၉၇၀ နှင့် ၂,၁၆၄ အသီးသီးဖြစ်သည်။[10၁၀] ထို့အပြင် ကယားပြည်နယ်အတွင်း ပြည်တွင်း နေရပ်စွန့်ခွာ ထွက်ပြေးသူ (IDP) ဦးရေတော်တော်များများလည်း ရှိသည်။ TBC ၏ နောက်ဆုံးခန့်မှန်းထားမှုများအရ IDP ဦးရေ ၂၆,၈၀၀ ဖြစ်သည်။[11၁၁]

ကယားပြည်နယ်တွင် တိုင်းရင်းသားပေါင်းစုံနေထိုင်ကြပြီး တိုင်းရင်းသားမျိုးနွယ်စု အနည်းဆုံး ၁၂ စု အထိရှိသည်။ ကယန်း၊ ကရင်၊ ကယား၊ ရှမ်း၊ ကယော်၊ ဗမာ၊ ယင်းတလဲ၊ ယင်းဘော်၊ လထ၊ ဂေခို၊ ဂေဘား၊ မိုန တို့ဖြစ်ပြီး မတူညီသော ဘာသာစကား ၆ မျိုးအား ပြောဆိုကြသည်။[12၁၂] ကယားပြည်နယ်ရှိ မြို့များနှင့် ကျေးရွာများ သည်လည်း ယေဘုယျအားဖြင့် မျိုးနွယ်စုနှင့် ကိုးကွယ်မှုအရ ကွဲပြားသည်။ ကိုးကွယ်မှုများတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာနှင့် ရိုးရာနတ်ကိုးကွယ် မှုများလည်း အပါအဝင်ဖြစ်သည်။

ကယားပြည်နယ်ရှိ အမျိုးသမီးများသည် ကျား၊မကွဲပြားမှုအပေါ် အခြေခံသောအခွင့်အရေးချိုးဖောက်မှုများ[13၁၃]နှင့် စနစ်တကျခွဲခြားဆက်ဆံခြင်း[14၁၄] ကိုကြုံနေရသည်။ တက်ကြွလှုပ်ရှားသူများသည် ဤအခြေအနေကို ပြောင်းလဲရန် ကြိုးပမ်းနေကြပြီး ကယားပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားလူမျိုးစုများ၏ ပထမဆုံးအကြိမ် အမျိုးသမီးရေးရာဖိုရမ်ကို ၂၀၁၈ ခုနှစ်၊ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည်။[15၁၅]

ကယားပြည်နယ်တဝန်း လူမှုစီးပွားရေးညွှန်းကိန်းများသည် အတော်ကလေးနိမ့်ကျသည်။ အခြေခံအဆောက်အအုံများသည် ယေဘုယျအားဖြင့် ဖွံ့ဖြိုးမှုနိမ့်ကျနေသည်။ ကျေးလက်ဒေသများတွင် ဖောက်လုပ်ထားသည့် ကတ္တရာလမ်းများမှာလည်း အကန့်အသတ်ဖြင့်သာရှိနေပြီး (ကယားပြည်နယ်ရှိ လောပိတရေအားလျှပ်စစ်ထုတ်လုပ်မှုသည် မြန်မာနိုင်ငံ၏ အခြားဒေသများအတွက် အဓိကလျှပ်စစ်အရင်းအမြစ်ရှိနေသော်လည်း) ကယားပြည်နယ်တဝန်း လျှပ်စစ်မီးရရှိမှုမှာ နည်းပါးသည်။[16၁၆] ကယားပြည်နယ်ရှိ အဓိက သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများတွင် သတ္တုတူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်းနှင့် သစ်တောပြုန်းတီးမှု၊ စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်း၊ စာချုပ်ချုပ်ဆို၍ စိုက်ပျိုးခြင်းနှင့် ဘိလပ်မြေစက်ရုံများကဲ့သို့သော အကြီးစားစက်မှုစီမံကိန်းများပါဝင်သည်။

---

[8] ၈ https://www.theborderconsortium.org/where-we-work/camps-in-thailand/ban-nai-soi/

[9] ၉ https://www.theborderconsortium.org/where-we-work/camps-in-thailand/ban-mae-surin/

[10] ၁၀ နယ်စပ်အကူအညီပေးရေးညွန့်ပေါင်းအဖွဲ့၊ အောက်တိုဘာ ၂၀၁၈၊ ဒုက္ခသည်စခန်း လူဦးရေ၊ အောက်တိုဘာ ၂၀၁၈။
https://www.theborderconsortium.org/media/118239/2018-10-october-map-tbc-unhcr.pdf

[11] ၁၁ နယ်စပ်အကူအညီပေးရေးညွန့်ပေါင်းအဖွဲ့၊ ဇွန် ၂၀၁၈၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၏ လူမှုလုံခြုံရေး အခြေအနေ အစီရင်ခံစာ။
https://www.theborderconsortium.org/media/114642/TBC-Human-Security-in-South-Eastern-Myanmar-2018.pdf

[12] ၁၂ Mercy Corps ၂၀၁၃

[13] ၁၃ ဟိန်းကိုစိုး၊ ၂၀၁၈ မေ ၁၀၊ ကယားပြည်နယ်တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအား ကိုင်တွယ်ဖြေရှင်းခြင်း။
https://frontiermyanmar.net/en/tackling-sexual-violence-in-kayah

[14] ၁၄ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေ၊ ကုလသမဂ္ဂကျား၊မတန်းတူရှိရေးနှင့် အမျိုးသမီးများအား မြှင့်တင်ခြင်း အဖွဲ့၊ မြန်မာနိုင်ငံ၏ ကျား၊မ တန်းတူရှိမှုနှင့်အမျိုးသမီး အခွင့်အရေးဆိုင်ရာ အခြေအနေအား လေ့လာဆန်းစစ်ခြင်း
http://mm.one.un.org/content/dam/unct/myanmar/docs/unct_mm_UNWomen_Report_Gender%20Situation%20Analysis.pdf

[15] ၁၅ ထိုက်နန္ဒဝင်း၊ ၂၀၁၈ မတ် ၅၊ ကယားပြည်နယ်တွင် အမျိုးသမီးများအပေါ် ခွဲခြားမှုရှိနေ။ မြန်မာ့တိုင်းမ်
https://www.mmtimes.com/news/bias-against-women-persists-kayah.html

[16] ၁၆ Mercy Corps ၂၀၁၃

ကယားပြည်နယ်၏ စီးပွားရေး အလားအလာများသည် ၎င်း၏ အရွယ်အစားနှင့် လူနေမှုဘဝများနှင့် နက်နက်ရှိုင်းရှိုင်း ဆက်သွယ်နေသည်။ ၁၉၈၉ မှ ၂၀၁၈ ခုနှစ်အတွင်း ကယားပြည်နယ်တွင် တရားဝင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ပမာဏသည် အလွန်ပင်နည်းပါးပြီး အမေရိကန်ဒေါ်လာ ၂.၄၃၁ သန်းသာဖြစ်သည်။[17၁၇] ပြည်နယ်၏ သေးငယ်သော အရွယ်အစားနှင့် လူဦးရေသိပ်သည်းမှုနည်းပါးကြောင့် ပြည်နယ်တွင်းဈေးကွက်မှာအကန့်အသတ်ဖြင့်သာ ကြီးထွား နိုင်သည်။ အမြောက်အများထုတ်လုပ်ခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချနိုင်ရန်နှင့် ပို၍ ကြီးမားသော ဈေးကွက်ကိုရောက်ရှိနိုင်ရန်အတွက် ကယားပြည်နယ်ရှိစီးပွားရေးလုပ်ငန်းများအနေဖြင့် ပို့ကုန်ဦးစားပေး ဆောင်ရွက် ရန်လိုအပ်မည်ဖြစ်သည်။ လက်ရှိတွင် ကယားပြည်နယ်ရှိ ထွက်ကုန်များအား ရှမ်းပြည်နယ်နှင့် ကရင် ပြည်နယ်သို့ တင်ပို့လျက်ရှိရာ အခြားပြည်နယ်များနှင့် ကုန်သွယ်မှုပိုမိုမြှင့်တင်ရန် မျှော်လင့်ချက်ရှိသည်။ ရှမ်းပြည်နယ် နှင့် ကရင်ပြည်နယ်တို့သည် လူဦးရေပိုမိုများပြားသည့်အလျောက် ကယားပြည်နယ်၏ ထွက်ကုန်များအတွက် ပိုမို ကြီးမား သည့် အလားအလာရှိသော ဈေးကွက်များဖြစ်သလို ၎င်းတို့မှတစ်ဆင့် မြန်မာနိုင်ငံ၏ အခြားဒေသများနှင့် အိန္ဒိယနှင့် တရုတ်သို့လည်း တင်ပို့နိုင်သည်။ လက်ရှိတွင် ကယားပြည်နယ်၏ စိုက်ပျိုးရေး ထွက်ကုန်အများအပြား အား လက်ကားရောင်းချသူများက ဝယ်ယူကြပြီး ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဈေးများဆီ တင်ပို့ကြသည်။ ထိုဈေးများ တွင် တရုတ်ကုန်သည်များက ဝယ်ယူကြပြီး နောက်ဆုံးတွင်တရုတ်နိုင်ငံသို့ တင်ပို့သည်။

မြန်မာနှင့်ထိုင်းအစိုးရတို့သည် ကယားပြည်နယ်နှင့် မယ်ဟောင်ဆောင်ပြည်နယ်ကို ဆက်သွယ်ထားသည့် နယ်စပ်ဂိတ် ၄ ခု၊ (နယ်စပ် အမှတ် ၉၊ ၁၀၊ ၁၃၊ ၁၄) တို့အား ဖွင့်လှစ်ရန်ပြင်ဆင်နေသည်။ သို့သော်လက်ရှိတွင် အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးချေ။[18၁၈] လက်ရှိအချိန်ထိ ကယားပြည်နယ်ရှိ နယ်စပ်ဂိတ် ၄ ခုအား နိုင်ငံတကာ ခရီးသည်များအလည်အပတ်ဝင်ရောက်နိုင်ရန်ဖွင့်လှစ်ခြင်းမရှိသေးပါ။[19၁၉]ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံ မယ်ဟောင် ဆောင်ပြည်နယ်တို့အကြားဖွင့်လှစ်ရန်ရည်ရွယ်ထားသည့်နယ်စပ်ဂိတ် ၄ ခုမှတဆင့်နိုင်ငံတကာကုန်သွယ်မှုများပြုလုပ် ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်သည့် အလားအလာရှိသော်လည်း တစ်ဖက်တွင်မယ်ဟောင်ဆောင်ပြည်နယ် ကိုယ်တိုင်မှာလည်း လူဦးရေသိပ်သည်းမှုနည်းသလိုတသီးတသန့်တည်ရှိနေသည်။ အကယ်၍ အနာဂတ်တွင် နိုင်ငံတကာနယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု မြင့်တက်လာပါက ကယားပြည်နယ်နှင့် မယ်ဟောင်ဆောင်ပြည်နယ် ၂ ခု လုံးသည်မြန်မာနိုင်ငံအတွင်းရှိ ကြီးမားသောဈေးကွက်များနှင့် တရုတ်နှင့်အိန္ဒိယသို့ ကုန်စည်ကူးသန်းရာ ကြားခံ နယ်မြေ ဖြစ်လာနိုင်သည်။


---

[17] ၁၇ http://www.thaibizmyanmar.com/en/thai-myanmar/trade-investment/Kayah%20State%20Overview.pdf

[18] ၁၈ အိအိသူ၊ ၂၀၁၇ ဒီဇင်ဘာ ၁၃၊ ကယားပြည်နယ်တွင် မယ်စဲ့နယ်စပ်ဂိတ်ဖွင့်နိုင်ဖွယ်ရှိ၊ မြန်မာ့တိုင်းမ်၊ https://www.mmtimes.com/news/kayah-may-open-me-se-border-crossing.html

[19] ၁၉ http://www.mip.gov.mm/482/

ကယားပြည်နယ် မြေပုံ[20]




20 ၂၀ မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ်၊ ၂၀၁၆ ဇူလိုင် ၂၇၊ ကယားပြည်နယ်၏ လူဦးရေနှင့် လူဦးရေ သိပ်သည်းမှု (၂၀၁၄ သန်းခေါင်စာရင်း) [မြေပုံ]။
http://themimu.info/sites/themimu.info/files/documents/Population_Map_2014_Population_Density_Kayah_MIMU841v06_27Jul2016_A4_0.pdf

## ကယားပြည်နယ်၏ မြို့နယ်များ

ကယားပြည်နယ်တွင် မြို့နယ် ၇ မြို့နယ်ရှိပြီး လွိုင်ကော်၊ ဖရူးဆိုး၊ ဖားဆောင်း၊ ဘော်လခဲ၊ ဒီမောဆိုး၊ မယ်စဲ့ နှင့် ရှားတောတို့ဖြစ်သည်။ (ပုံ ၁ အားရှု) ကယားပြည်နယ်၏ မြို့နယ်များအားလုံးသည် ရှမ်းပြည်နယ် သို့မဟုတ် ကရင်ပြည်နယ် သို့မဟုတ် ထိုင်းနိုင်ငံ၊မယ်ဟောင်ဆောင်ပြည်နယ်တို့နှင့် ထိစပ်လျက်ရှိသည်။ ကယားပြည်နယ်ရှိ မြို့နယ်များတွင် ပထဝီအနေအထားအရနှင့် လူနေမှုဘဝများအရ သိသိသာသာကွဲပြားမှုရှိသည်။ ထို့အပြင် ဤအရွယ် အစားသေးငယ်သော ပြည်နယ်၏ မြို့နယ် ၇ မြို့နယ်တွင် ဖွံ့ဖြိုးရေးနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ ပကတိအခြေအနေများနှင့် လိုအပ်ချက်များမှာလည်း များစွာခြားနားသည်။

ကျား၊မရေးရာလုပ်ငန်းအစီအစဉ်စီမံကိန်း (Gender Action Platform - GAP) ဆောင်ရွက်ရန် သတ်မှတ်ထားသည့် မြို့နယ် ၃ မြို့နယ်သည် လက်နက်ကိုင်ပဋိပက္ခများ၏ သက်ရောက်မှုကို အထူးသဖြင့် ခံခဲ့ရပြီး ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးနှင့်  တုန့်ပြန်နိုင်စွမ်း ရှိရေးအစီအစဉ် (Humanitarian Assistane and Resilience Programme - HARP) နှင့် မြန်မာ့သတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ် (Myanmar Information Management Unit - MIMU) တို့မှ ဆောင်ရွက်စေခဲ့သည့် ၂၀၁၈ခု နှစ် ထိခိုက်လွယ်မှုဆိုင်ရာစစ်တမ်းသည် မြန်မာနိုင်ငံ၏မြို့နယ် ၃၃၀[21] လုံးအား အုပ်စုခွဲခြားသတ်မှတ်နိုင်ရန်အတွက် ထိခိုက်လွယ်မှုအညွှန်းကိန်း အားပြုစုခဲ့သည်။[၂၁] ကယားပြည်နယ်၏ မြို့နယ် ၇ မြို့နယ်တွင် လွိုင်ကော်၊ ဖားဆောင်းနှင့် ဘော်လခဲတို့အား ထိခိုက်လွယ်မှုပို၍နည်းပါးသော စိုက်ပျိုးရေးဇရိယာများရှိသည့် ဒုတိယတန်းစားမြို့များ အုပ်စုတွင် ထည့်သွင်းခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့် GAP စီမံကိန်းအား ဆောင်ရွက်ရန်လျာထားသည့် မြို့နယ် ၃ မြို့နယ်မှာမူ ထိခိုက်လွယ်မှုမြင့်မားသည့် အခြေအနေကိုပြသည့် အုပ်စုများထဲတွင် ပါဝင်နေသည်။ မယ်စဲ့မြို့နယ်သည် အခြေခံဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦးရရှိအသုံးပြုနိုင်မှုအလွန်နိမ့်ပါးသည့် အခြေအနေရှိသည်။ ဒီမောဆိုးသည် ပဋိပက္ခဒဏ်ခံရသည့် ဒေသများ၏ အချက်အချာထဲတွင်ပါနေသည်။ ရှားတောသည် လူသားဖွံ့ဖြိုးမှုနိမ့်ကျသည့် ပဋိပက္ခဒဏ်ခံ ဒေသများထဲတွင် ပါဝင်သည်။

ကယားပြည်နယ်၏ မြို့နယ်တစ်မြို့နယ်ချင်း၏အကြောင်းအား အောက်တွင် အကျဉ်းချုံး၍ ဖော်ပြထားသည်။

လွိုင်ကော်မြို့နယ်သည် ကယားပြည်နယ်၏ လူဦးရေအထူထပ်ဆုံးမြို့နယ်ဖြစ်ပြီး ပြည်နယ်မြို့တော် လွိုင်ကော်တည်ရှိရာဒေသလည်းဖြစ်သည်။ ကယားပြည်နယ်လွှတ်တော်နှင့် အခြားအစိုးရရုံးများသည် လွိုင်ကော်တွင်တည်ရှိသည်။ မြို့နယ်၏ဧရိယာအများစုသည် မြေပြန့်လွင်ပြင်ဖြစ်ပြီး စိုက်ပျိုးရန်သင့်တော်သလို စိုက်ပျိုးရေလည်းရရှိနိုင်သည်။ မြို့နယ်၏မြောက်ဖက်တွင် သစ်ထုတ်လုပ်ရေးနှင့် သတ္တုတွင်းဧရိယာများရှိသည်။ လွိုင်ကော်တွင် ကောင်းစွာဖွံ့ဖြိုးသည့် အခြေခံအဆောက်အအုံများရှိပြီး ၄င်း၏ ပြန့်ပြူးသော မြေမျက်နှာသွင်ပြင်သည် စက်မှုလုပ်ငန်းများအတွက် သင့်တော်သည်။ မြန်မာနိုင်ငံ၏ ပထမဆုံး အကြီးစားရေအားလျှပ်စစ်ထုတ်လုပ်ရေးဖြစ်သည့် လောပိတဆည်အား ၁၉၅၀ပြည့်နှစ် အစောပိုင်းနှစ်များတွင် ဂျပန်နိုင်ငံ၏အကူအညီဖြင့် လွိုင်ကော်မြို့နယ်တွင် တည်ဆောက်ခဲ့

[21] ၂၁ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် ကြံ့ကြံ့ခိုင်နိုင်ရေးအစီအစဉ်နှင့် မြန်မာ့သတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ်၊ ဇွန် ၂၀၁၈၊ "မြန်မာနိုင်ငံတွင် ထိခိုက်နာကျင်လွယ်မှု အခြေအနေ- လိုအပ်ချက်များ၊ လွှမ်းခြုံမှုများနှင့် ကွာဟချက်များအား လက်ရှိ အချက်အလက်များ အပေါ် အခြေခံ၍ ပြန်လည်သုံးသပ်ခြင်း" တွင် မြို့နယ်များအား ပိုင်းခြားလေ့လာခြင်း (စာ-၄) အားရှု

သည်။[22]၂၂ လောပိတဆည်သည် မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ထုတ်လုပ်မှု၏ ၁၀ရာခိုင်နှုန်းခန့်အား ထုတ်လုပ်ပေးနေဆဲဖြစ်သော်လည်း သဘာဝပတ်ဝန်းကျင်နှင့်လူ့အခွင့်အရေးဆိုင်ရာများအပေါ် ကြီးမားသော သက်ရောက်မှုများရှိသဖြင့်အငြင်းပွားဖွယ်ဖြစ်နေခဲ့သည်။[23]၂၃ လွိုင်ကော်မြို့နယ်သည် ကုန်သွယ်ရေးလမ်းကြောင်းအဖြစ် အချက်ခြာကျစွာတည်ရှိနေပြီး ကယားပြည်နယ်မှ အခြားပြည်နယ်များနှင့်သော်လည်းကောင်း၊ နိုင်ငံတကာ နှင့် သော်လည်းကောင်း ကုန်သွယ်မှုပြုလုပ်နိုင်ရန် ဗဟိုချက်အဖြစ် ရပ်တည်နေသည်။ မယ်ဟောင်ဆောင်နှင့် ရှမ်းပြည်နယ်ကို ဆက်သွယ်သောလမ်းသည် ကယားပြည်နယ်ကို ဖြတ်သွားသလို ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်နှင့် မြန်မာနိုင်ငံ၏ အခြားသောဒေသများသို့ ဆက်သွယ်သောလမ်းများသည်လည်း လွိုင်ကော်ကို ဖြတ်သွားသည်။ ဒီမောဆိုးမြို့နယ်နှင့်အတူ လွိုင်ကော်သည် ကယားပြည်နယ်စီးပွားရေးတိုးတက်မှု၏ မောင်းနှင်အားပင်ဖြစ်သည်။ လွိုင်ကော်တွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်းစုံ နေထိုင်ကြပြီး ၄င်းတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများသည်လည်း ကွဲပြားကြသည်ဖြစ်ရာ ခရီးသွားလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အားသာချက်တစ်ခုပင်ဖြစ်သည်။ ၁၉၉၀ပြည့်နှစ်များအတွင်း လွိုင်ကော်မြို့နယ် ၏ တောင်ဖက်စွန်း သံလွင်မြစ်နှင့် နီးကပ်သည့် ကျေးရွာအချို့သည် နေရပ်စွန့်ခွာခဲ့ရပြီး မြို့နယ်၏ မြောက်ဖက် နေရာသုံးနေရာတွင် ပြန်လည်နေရာချထားပေးခဲ့သည်။[24]၂၄

ဒီမောဆိုးမြို့နယ်သည် ကယားပြည်နယ်၏ ဒုတိယလူဦးရေအထူထပ်ဆုံးမြို့နယ်ဖြစ်သည်။ ပြန့်ပြူးသော မြေမျက်နှာသွင်ပြင်ရှိခြင်းကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ရန် သင့်တော်သည်။ ကန်ခုနစ်ဆင့်မှ စိုက်ပျိုးရေးတစ်နှစ်ပတ်လုံး ရရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူဖြစ်စေသည်။ ရှမ်းပြည်နယ်နှင့် ထိစပ်နေသော တောင်တန်းထူထပ်သည့် နေရာများသည် အစဉ်အလာအားဖြင့် ဘိန်းစိုက်ပျိုးရာ အဓိကဒေသများဖြစ်သည်။ သို့ရာတွင် ဘိန်းစိုက်ပျိုးမှု တိုက်ဖျက်ရေးအစီအစဉ်များကြောင့် ပြီးခဲ့သောငါးနှစ်အတွင်း ဘိန်းထုတ်လုပ်မှုသည် လျော့ကျလာခဲ့ရာ ဒေသတွင်းရှိ ကျေးလက်နေ ရပ်ရွာအချို့အတွက် စီးပွားရေးအခက်အခဲများ ဖြစ်ပေါ်ခဲ့သည်။ ဒီမောဆိုးမြို့နယ်တွင် စက်မှုလုပ်ငန်းအတွက် သင့်တော်သော ကောင်းမွန်သည့် အခြေခံအဆောက်အအုံများရှိသည်။ ဒီမောဆိုးမြို့နယ်သည်လည်း ကုန်သွယ်ရေးလမ်းကြောင်းအဖြစ် အချက်အချာကျစွာ တည်ရှိနေပြီး ကယားပြည်နယ်မှ အခြားပြည်နယ်များနှင့်သော်လည်းကောင်း၊ နိုင်ငံတကာနှင့်သော်လည်းကောင်း ကုန်သွယ်မှုပြုလုပ်နိုင်ရန် ဗဟိုချက်အဖြစ် ဆောင်ရွက်ပေးသည်။ မယ်ဟောင်ဆောင်နှင့် ရှမ်းပြည်နယ်ကို ဆက်သွယ်သောလမ်းများသည်လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်သောလမ်းများသည်လည်းကောင်း ဒီမောဆိုးမြို့နယ်ကို ဖြတ်သွားသည်။ လွိုင်ကော်နှင့်အတူ ဒီမောဆိုးမြို့နယ်သည် ကယားပြည်နယ်စီးပွားရေး တိုးတက်မှု၏ မောင်းနှင်အားပင်ဖြစ်သည်။ ဒီမောဆိုးတွင်လည်း မတူကွဲပြားသော တိုင်းရင်းသားမျိုးနွယ်စုများနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများရှိရာ ခရီးသွားလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အားသာချက်တစ်ရပ်ပင်ဖြစ်သည်။ ဒီမောဆိုးမြို့နယ်၏ အရှေ့တောင်ပိုင်းသည် မြန်မာအစိုးနှင့် ဒေသခံလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၂ခုလုံး၏ အုပ်ချုပ်မှုအောက်

---

[22] ၂၂ ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ ၂၀၁၄ ဇွန် ၂၈၊ သမိုင်းဝင်ဓာတ်အားပေးစက်ရုံနှင့်ပတ်သက်၍ ဂျပန်-မြန်မာ နှစ် (၆၀) ဆက်ဆံရေးကို သက်တမ်းတိုးမြှင့်ခြင်း၊ https://www.jica.go.jp/myanmar/english/office/topics/press140628.html

[23] ၂၃ ကရင်နီဖွံ့ဖြိုးရေးသုတေသနအုပ်စု၊ ၂၀၀၆၊ ဗမာ့ စစ်ဗိုလ်ချုပ်ကြီးများ၏ ဆည်စီမံကိန်းများ http://burmacampaign.org.uk/media/Damned_by_Burmas_Generals.pdf

[24] ၂၄ ပုံ၉- ကရင်နီပြည်နယ်ရှိ နေရပ်စွန့်ခွာရမှုများအားရှု၊ Vicky Bamforth, Steven Lanuouw, and Graham Mortimer၊ မေ ၂၀၀၀၊ ကရင်နီပြည်နယ်ရှိ ပဋိပက္ခနှင့် နေရပ်စွန်ခွာရမှုများအား သုံးသပ်၍ တုံ့ပြန်ရန်လိုအပ်လျက်ရှိ။ ဗမာတိုင်းရင်းသားသုတေသနအုပ်စု (BERG ၂၀၀၀)

တွင်ရှိသည်။ ၁၉၉၇ပြည့်နှစ်များအတွင်း ပဋိပက္ခကြောင့် ကျေးရွာအများအပြားနေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရပြီး မြို့နယ်၏ အရှေ့ဖက် နေရာသုံးနေရာတွင် ပြန်လည်နေရာချထားပေးခဲ့သည်။[25၂၅]

ဖရူးဆိုးမြို့နယ်သည် စိုက်ပျိုးရေးနှင့် သဘာဝအခြေပြုခရီးသွားလုပ်ငန်းအတွက် အထူးပင်သင့်တော်သည်။ ဒီမောဆိုး မြို့နယ်နှင့် ထိစပ်နေသည့် အရှေ့မြောက်ပိုင်းတွင် မြေသြဇာကောင်းမွန်ပြီး ခုတ်ထွင်ရှင်းလင်းထားသော စိုက်ပျိုးမြေ များ တစ်စုတစ်စည်းတည်းရှိသည်။ မြို့နယ်၏ အနောက်ပိုင်းရှိ တောင်တန်းထူထပ်သော နေရာများသည် ထောပတ် သီးနှင့် ကော်ဖီကဲ့သို့သော နှစ်ရှည်သီးနှံပင်စိုက်ပျိုးရန်သင့်တော်သည်။ ဖရူးဆိုးမြို့နယ်တွင် ကျယ်ပြန့်သော မြေနိမ့် ရွက်ကြွေတော၊ ထင်းရှူးတောအုပ်ငယ်များနှင့် ပြုန်းတီးပျက်စီးနေသောကျယ်ပြန့်သည့် သစ်တောဇရိယာများ ပါဝင်သည်။[26၂၆] မြို့နယ်၏ အနောက်ပိုင်းကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ် နယ်စပ်ဆုံရာနေရာနားတွင် ခနောက်စိမ်း တူးဖော်ရေးလုပ်ငန်းအငယ်စားများရှိသည်။ မြို့နယ်အတွင်း ငြိမ်းချမ်းရေးလက်မှတ်ထိုးထားသည့် အပစ်ရပ်အဖွဲ့များ၏ နယ်မြေများလည်းရှိသည်။ ၁၉၉၂ခုနှစ်မှ ၁၉၉၄ခုနှစ်အတွင်းနှင့် ၁၉၉၆ခုနှစ်တွင် မြို့နယ်မြောက်ပိုင်းရှိ ကျေးရွာအများ အပြား နေရပ်စွန့်ခွာခဲ့ရပြီး မြို့နယ်၏အရှေ့မြောက်ပိုင်း အဝေးပြေးလမ်းမအနီး နေရာလေးနေရာတွင် ပြန်လည် နေရာချထားပေးခဲ့သည်။[27၂၇]

ဖားဆောင်းမြို့နယ်သည် ကရင်ပြည်နယ်နှင့် နယ်နမိတ်ချင်း ထိစပ်နေသည်။ ခုတ်ထွင်ရှင်းလင်းထားသည့် မြေများ အများအပြားရှိပြီး ပြုန်းတီးပျက်စီးနေသည့် သစ်တောမြေနှင့် သဘာဝသစ်တောများလည်းရှိသည်။ စပါး၊ နှမ်းနှင့် ဖာလာတို့အား အများဆုံးစိုက်ပျိုးကြသည်။ ကိုလိုနီခေတ်မှ စတင်၍ ဖားဆောင်းမြို့နယ်သည် သတ္တုတူးဖော်ရေးနှင့် သစ်ထုတ်လုပ်ရေးလုပ်ရာဒေသဖြစ်ခဲ့သည်။ လက်ရှိတွင် သစ်ထုတ်လုပ်ခြင်းမှာ ရှိနေဆဲဖြစ်ပြီး မကြာသေးမီက အပစ် ရပ်အဖွဲ့တစ်ခုအား သစ်တန်ချိန် ၅,၀၀၀ထုတ်လုပ်ခွင့် ချပေးခဲ့သည်။[28၂၈] ကရင်ပြည်နယ်နှင့် ထိစပ်နေသည့်နေရာသည် ကယားပြည်နယ်အတွင်း တောင်ပေါ်အမြဲစိမ်းတော၊ မြေနိမ့်အမြဲစိမ်းတောနှင့် ထင်းရှူးတောများ စုစည်းတည်ရှိရာ နေရာအနည်းငယ်ထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။[29၂၉] ဖားဆောင်းမြို့နယ်သည် ပဋိပက္ခနယ်မြေဖြစ်ပြီး KNPP နှင့် မြန်မာအစိုးရတို့၏ စင်ပြိုင်အုပ်ချုပ်မှုအောက်တွင် ရှိသည်။ မြို့နယ်တစ်ဝှန်းကျေးရွာအများအပြားရှိပြည်သူများသည် ၁၉၉၆ ခုနှစ်တွင် အိုးအိမ်နေရပ်များကို စွန့်ခွာထွက်ပြေးခဲ့ရသည်။[30၃၀]

ဘော်လခဲမြို့နယ်သည် ကယားပြည်နယ်၏ အလယ်ဗဟိုတွင်တည်ရှိ၍ ထိုင်းနိုင်ငံရှိ မယ်ဟောင်ဆောင် ပြည်နယ်နှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက် ရှိနေသည်။ မြို့နယ်၏ ရာသီဥတုမှာ ပုံမှန်အားဖြင့် ပူအိုက်၍ နှမ်းနှင့်သစ်ကြမ်းပိုး စိုက်ပျိုးရန် အထူးသင့်လျော်သည်။ လယ်သမားများမှာ ထုံးစံအားဖြင့် ယင်းဝင်ငွေရသီးနှံများကိုသာ စိုက်ပျိုးကြပြီး ဆန်ကို စိုက်ပျိုးခြင်းမရှိကြပါ။ အခြေခံ စားကုန် သောက်ကုန်များကို ဝယ်ယူရန်အတွက်လည်း မိမိတို့၏ စိုက်ပျိုးရေးမှ ရရှိသည့် ဝင်ငွေပေါ်တွင်သာ မှီခိုနေကြရသည်။ ယခင်ကာလများတွင်မူ သစ်မာမှာ ယင်းဒေသ၏ အဓိကကဏ္ဍ

25 ၂၅ BERG ၂၀၁၀၊ စာ-၅၂

26 ၂၆ BERG ၂၀၁၀၊ စာ-၂၁

27 ၂၇ BERG ၂၀၁၀၊ စာ-၅၂

28 ၂၈ မြန်မာ့တိုင်းမ်သတင်းထောက်၊ ၂၀၁၈ စက်တင်ဘာ ၂၀၊ ကယား၏သစ်ထုတ်လုပ်ရေးစာချုပ်ကအစိုးရ၏သစ်တောကဏ္ဍပြုပြင်ပြောင်းလဲရေး ကိုနှောင့်နှေးစေ:EIA၊မြန်မာ့တိုင်းမ်။https://www.mmtimes.com/news/kayahs-timber-deal-undermines-govts-forestry-reform-eia.html

29 ၂၉ BERG ၂၀၁၀၊ စာ-၂၁

30 ၃၀ BERG ၂၀၁၀၊ စာ-၅၂

ဖြစ်နေခဲ့သည်။ မြို့နယ်အတွင်းရှိ သစ်တော အတော်များများမှာ ပြုန်းတီးပျက်စီးသွားပြီဖြစ်သော်လည်း မြို့နယ်၏ အလယ်ပိုင်းနှင့်အရှေ့ပိုင်းရှိတောင်တန်းဒေသများတွင်မူ သစ်တောများအစုလိုက်ရှိနေကြသေးသည်။[31၃၁] မြို့နယ် အတွင်း ဖြတ်သန်းစီးဆင်းသွားသည့် သံလွင်မြစ်၏ အစိတ်အပိုင်းတွင် လတ်တလော ဆိုင်းငံ့လိုက်သည့် ရွာသစ်ဆည် စီမံကိန်းနေရာလည်း ပါဝင်ပါသည်။[32၃၂] ၁၉၉၀ ခုနှစ်များအတွင်း ဘော်လခဲမြို့နယ်အတွင်း နေရပ်စွန့်ခွာရမှုမှာ အခြားမြို့နယ်များနှင့်နှိုင်းစာသော် အတော်လေးပင်နည်းပါးသည်။ ၁၉၉၁ ခုနှစ်တွင် ထိုင်းနှင့်နယ်စပ်အနီးရှိ ကျေးရွာ ၄ ရွာမှပြည်သူများသည် နေရပ်စွန့်ခွာခဲ့ရပြီး၊ ၁၉၉၆ ခုနှစ်တွင် သံလွင်မြစ်အနီးရှိ ကျေးရွာ ၁၆ ရွာမှပြည်သူများသည် နေရပ်စွန့်ခွာခဲ့ရသည်။[33၃၃]

ရှားတောမြို့နယ်နှင့်အတူ မယ်စဲ့မြို့နယ်မှာ ကယားပြည်နယ်အတွင်း လူဦးရေ သိပ်သည်းမှု အနည်းဆုံး မြို့နယ် ဖြစ်သည်။ မယ်စဲ့မြို့နယ်၏ အလယ်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် စိုက်ပျိုးရန် တောရှင်းထားသည့် ကျယ်ပြန့်သော မြေကွက်များနှင့် ပြုန်းတီးပျက်စီးလျှက်ရှိသည့် သစ်တောများရှိသည်။ အရှေ့ဖက်ရှိ ထိုင်းနိုင်ငံနှင့်နယ်စပ်ချင်း ထိစပ်လျှက်ရှိသည့် အပိုင်းတွင်မူ မြေပြန့်နှင့် တောင်ပေါ် အမြဲစိမ်းသစ်တောများ ရှိကြသည်။[34၃၄] မြို့နယ်အတွင်း လူဦးရေ သိပ်သည်းမှု နည်းပါးခြင်းနှင့် ယင်း၏ အလယ်ခြမ်းနှင့် အနောက်ခြမ်းတို့၏ မြေမျက်နှာအသွင်အပြင် အနေ အထား တို့ကြောင့် စပါးနှင့်နမ်း စိုက်ပျိုးရန်အပြင် တိရစ္ဆာန် မွေးမြူ၍ စားကျက်မြေအဖြစ်အသုံးပြုရန်အတွက်ပါ အလွန် သင့်လျော်သည်။ မယ်စဲ့မြို့နယ်တွင် ရှမ်း (ပုံမှန်အား ဖြင့် စပါးနှင့်ဝင်ငွေရ သီးနှံများ စိုက်ပျိုးကြသည်)၊ ကရင် (ပုံမှန်အားဖြင့် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်သည်)၊ နှင့် ကယား (ပုံမှန်အား ဖြင့် နမ်းစိုက်ပျိုးသည်) စသည်ဖြင့် မတူကွဲပြားသည့် တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြသည်။ မယ်စဲ့မြို့နယ်သည် အပြိုင်အဆိုင်မြေယာအုပ်ချုပ်မှု အောက်ရှိ ပဋိပက္ခနယ်မြေဖြစ်သည်။ မြို့နယ်၏ မြောက်ဖက်ရှိ နယ်စပ်မှတ်တိုင် ၁၃ သည် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) တို့ ထိန်းချုပ်ရာ သေးငယ်သည့်ဒေသဖြစ်သည်။ (အများအားဖြင့် ရှမ်းရွာများရှိကြ၍ လူ ဦးရေ ၅၀၀ အတွက် ပြန်လည်နေရာချထားပေးရန် လုံလောက်သည့်နေရာဖြစ်သည်)။ တောင်ပိုင်းရှိ နယ်စပ်မှတ်တိုင် ၁၄ မှာ ကရင်နီအမျိုးသားလွတ်မြောက်ရေးတပ်ဦး (KNPLF) တို့ ထိန်းချုပ်ရာဒေသဖြစ်သည်။ KNPLF သည် ယင်းတို့အတွက် အခြေခံထောက်ခံမှုနယ်မြေဖန်တီးရန်အလို့ငှာ ကျေးရွာသစ်များကို တည်ထောင်ရန် အတွက် (အများအားဖြင့်ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအစီအစဉ်၏အစိတ်အပိုင်းအဖြစ်) ဒီမောဆိုရှိ ကယန်းလူမျိုးများ ကို ပြောင်းရွှေ့စေခဲ့သည်ဖြစ်ရာ ၂၀၀၀ ခုနှစ်ပတ်ဝန်းကျင်မှစ၍ မယ်စဲ့မြို့နယ်တွင် ကယန်းကျေးရွာ များစွာကို တည်ထောင်ခဲ့ကြသည်။ ၁၉၉၀ ခုနှစ်များ အစောပိုင်းတွင် ထိုင်းနယ်စပ်အနီးရှိ ကျေးရွာ ၆ ရွာမှ ပြည်သူများသည် နေရပ်စွန့်ခွာခဲ့ရသည်။[၃၃]

မယ်စဲ့မြို့နယ်နှင့်အတူ ရှားတောမြို့နယ်တို့မှာ ကယားပြည်နယ်အတွင်း လူဦးရေ သိပ်သည်းမှု အနည်းဆုံး မြို့နယ် ဖြစ်သည်။ ရှားတောမြို့နယ်၏ အမြင့်ပိုင်းများတွင် စပါးနှင့်ပြောင်း အလှည့်ကျ စိုက်ပျိုးရန် အလွန် သင့်လျော်၍ မြို့အနီးရှိ ပိုမိုပူနွေးသည့် နေရာများတွင် နမ်းစိုက်ပျိုးရန် ကောင်းမွန်သည်။ တိရစ္ဆာန်မွေးမြူရန်အတွက်မူ မြို့နယ်၏

---

31 ၃၁ မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ်၊၂၀၁၆ဇူလိုင်၂၇၊ကယားပြည်နယ်၏လူဦးရေနှင့်လူဦးရေသိပ်သည်းမှု၊ဘော်လခဲမြို့နယ်[မြေပုံ]။

32 ၃၂ https://ejatlas.org/conflict/ywathit-karenni-state-myanmar

33 ၃၃ BERG ၂၀၀၀၊ စာ-၂၁

34 ၃၄ BERG ၂၀၀၀၊ စာ-၅၂

ဗဟိုရှိ မြေပြန့်မြက်ခင်းပြင်များနှင့်သစ်တောပြန်းဒေသမှာ သင့်လျော်နိုင်မည်။[35၃၅] ရှားတောမြို့နယ်၏ အနောက်ဖက်တွင် ထင်းရှူးတောအုပ်လေးများရှိ၍ အရှေ့ဖက်တွင် အမြဲစိမ်းသစ်တောများ ရှိကြသည်။[36၃၆] ထို့အပြင် မြို့နယ်အတွင်း သတ္တုတူးဖော်မှုလုပ်ငန်း အချို့လည်း ရှိသည်။ ရှားတောမြို့နယ်သည် KNPP ၏ အဓိကနယ်မြေတစ်ခုဖြစ်သည်။ ၁၉၉၆ ခုနစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာအတော်များများ ရွှေ့ပြောင်းခံခဲ့ရသည်။ ယင်းတို့အား မြို့နှင့် အနီးအပါးတွင် ပြန်လည် နေရာချ ထားပေးခဲ့သည်။[37]

## ကယားပြည်နယ်၏ လုပ်သားစျေးကွက်ဆိုင်ရာ အလားအလာများ

မြန်မာအစိုးရ၏ ၂၀၁၄ခုနစ် သန်းခေါင်စာရင်းအရ ကယားပြည်နယ်၏ လုပ်သားအင်အားတွင် အသက်၁၅နှစ်မှ ၆၄နှစ်အတွင်း စုစုပေါင်းပါဝင်မှုမှာ ၇၅% ပတ်ဝန်းကျင်တွင်ရှိသည်။ ယင်းပါဝင်မှုတွင် အမျိုးသားတို့၏ အချိုးအစားမှာ အမျိုးသမီးတို့ထက် သိသိသာသာ မြင့်မားလျက်ရှိသည် (၈၈%နှင့်၆၀%)။[38] လုပ်သားအင်အားပါဝင်မှု အချိုးမှာ ကျေးရွာများတွင် မြို့ပြများထက် ပိုမိုမြင့်မားသည် (၇၇%နှင့်၆၆%)။ ကျေးရွာနေအမျိုးသမီးတို့၏ ပါဝင်မှုမှာ ၆၄%ရှိသော်လည်း မြို့ပြနေအမျိုးသမီးများတွင်မူ ၅၀% သာရှိသည်။[39၃၉] ယင်းသို့ဖြစ်ရခြင်းမှာ သေးနပ်သည်ဟု မြင်ရသည့်အိမ်မှုအလုပ်များအား (စစ်တမ်းကောက်ခံစဉ်က) "လုပ်သားအင်အားတွင် မပါဝင်" ဟူသော အုပ်စုအတွင်း ထည့်သွင်းထားခြင်းကြောင့်ဖြစ်ဖွယ်ရှိနေသည်။ သာမန်အားဖြင့် အမျိုးသမီးများသာ လုပ်လေ့ရှိသည့်ကလေးထိန်းခြင်း၊ သက်ကြီးရွယ်အို စောင့်ရှောက်ခြင်း၊ ချက်ပြုတ်ပြင်ဆင်ခြင်း တို့အပြင် အိမ်ခြံဝင်းအတွင်း ဥယျာဉ် စိုက်ပျိုးခြင်းကိုပင် "လုပ်သားအင်အား" အဖြစ် စာရင်းကောက်ယူခြင်း မရှိပါ။ ထို့ပြင် ၎င်းတို့သည် "လုပ်သားအင်အား ပါဝင်မှုနှုန်း" တွင် "စီးပွားရေးစံအရ တက်ကြွသူများ" အဖြစ် စာရင်းတင်ခံရခြင်း မရှိခဲ့ပါ။[40၄၀]

စွန့်ဦးတီထွင်စီးပွားရေးလုပ်ကိုင်မှု သက်သက်ကိုကြည့်မည်ဆိုလျှင် ထိုသန်းခေါင်စာရင်း အရ ပြည်နယ်တစ်ရပ်လုံးအနေဖြင့် လူဦးရေ၏ ၂၈%သည် ပြင်ပလုပ်သား ငှားရမ်းအသုံးပြုခြင်းမရှိသည့် ကိုယ်ပိုင်လုပ်ငန်းငယ်လေးများတွင်သာ လုပ်ကိုင်ကြခြင်းဖြစ်၍ လုပ်သားတစ်ဦး (သို့) ယင်းထက် ပိုပြီး ငှားရမ်းလုပ်ကိုင်သည့် ကိုယ်ပိုင်လုပ်ငန်းငယ်ကို လုပ်ကိုင်သူမှာ ၁%သာရှိသည်။[41၄၁] ဆိုလိုသည်မှာ ကယားပြည်နယ်တွင် စီးပွားရေးလုပ်ကိုင်မှုအများစုသည်

---

[35] ၃၅ မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ်၊ ၂၀၁၆ ဇူလိုင် ၂၇၊ ကယားပြည်နယ်၏ လူဦးရေနှင့် လူဦးရေ သိပ်သည်းမှု၊ ရှားတောမြို့နယ် [မြေပုံ]။ https://www.themimu.info/sites/themimu.info/files/documents/Tsp_Map_VL_Bawlakhe_Ts-_Kayah_ MIMU154v04_03 May2016_A1.pdf

[36] ၃၆ BERG ၂၀၀၀၊ စာ-၅၂

[37] ၃၇ BERG ၂၀၀၀၊ စာ-၅၁

[38] ၃၈ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မေ ၂၀၁၅၊ (ကယားပြည်နယ်သန်းခေါင်စာရင်း) စာ ၆၉-၇၁။ ၂၀၁၄ မြန်မာလူဦးရေ နှင့် အိမ်ခြေ သန်းခေါင်စာရင်း - လူဝင်မှုကြီးကြပ်ရေး နှင့်လူဦးရေဝန်ကြီးဌာန။ ကယားပြည်နယ် လူဦးရေဌာန။ https://myanmar.unfpa.org/sites/default/files/pub-pdf/Kayah%20State%20Census%20Report%20-%20ENGLISH.pdf

[39] ၃၉ ကယားပြည်နယ်သန်းခေါင်စာရင်း။ စာ- ၆၉-၇၄

[40] ၄၀ ကယားပြည်နယ်သန်းခေါင်စာရင်း။ စာ- ၁၁၅-၁၁၆

[41] ၄၁ မိမိ၏ မိသားစုအတွက် လုပ်သားငှားရမ်းထားခြင်းမရှိသည့် မိမိကိုယ်ပိုင်လုပ်ငန်း (သို့) မိမိသားစုလုပ်ငန်းတွင် လုပ်ကိုင်သူအား ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ(own account worker) ဟုသတ်မှတ်သည်။

အဓိကအားဖြင့် "ဆင်းရဲမွဲတေသူအဖြစ်သတ်မှတ်ထားသည့်အဆင့်များမှ တစ်ဦးချင်းလုပ်ကိုင်သည့် စီးပွားရေး လုပ်ကိုင်မှုများ" အဖြစ်အဓိပ္ပါယ်ဖွင့်ဆိုသည့် "လုပ်ငန်းဟုခေါ်ဆိုနိုင်ရုံကိုယ်ထူကိုယ်ထလုပ်ငန်း" များသာ ဖြစ်သည်။[42][၄၂]

စွန့်ဦးတီထွင်စီးပွားရေးလုပ်ကိုင်မှုအား ကျား၊မ ရှုထောင့်မှကြည့်လျှင် ကယားပြည်နယ် တစ်လွှားတွင် စွန့်ဦးတီထွင် စီးပွားရေး လုပ်ကိုင်သူအားလုံး၏ ၄၀%သာလျှင် အမျိုးသမီးများ ဖြစ်ကြောင်းတွေ့ရှိရသည်။ သန်းခေါင်စာရင်းအရ အမျိုးသမီး ၁၁%သည် ပြင်ပလုပ်သား ငှားရမ်းအသုံးပြုခြင်းမရှိသည့် ကိုယ်ပိုင်လုပ်ငန်း ငယ်လေးများတွင်သာ လုပ်ကိုင်ကြခြင်းဖြစ်၍ လုပ်သားတစ်ဦး (သို့) ယင်းထက် ပိုပြီးငှားရမ်းလုပ်ကိုင်သည့် ကိုယ်ပိုင်လုပ်ငန်းငယ်လေး များ တွင် လုပ်ကိုင်သူမှာ ၀.၄% ဖြစ်သည်။ ယေဘုယအားဖြင့် အခြားသော မြို့နယ်များတွင်လည်း အဆိုပါ အနေ အထားအတိုင်းသာရှိနေကြသည်။ ရှားတောမြို့နယ်တွင်မူ စီးပွားရေးလုပ်ကိုင်မှုတွင် အမျိုးသမီးများ၏ အရေအတွက် သည် အခြားသောမြို့နယ်များထက် သိသိသာသာများပြားသည်။ ယင်းမြို့နယ်အတွင်း ပြင်ပလုပ်သား ငှားရမ်း အသုံးပြုခြင်းမရှိသည့် ကိုယ်ပိုင်လုပ်ငန်းငယ်လေးများတွင်လုပ်ကိုင်သူ ကျားနှင့်မတို့၏ အချိုးမှာဆတူဖြစ်၍ လုပ်သားတစ်ဦး (သို့) ယင်းထက်ပိုပြီး ငှားရမ်းလုပ်ကိုင်သည့် ကိုယ်ပိုင် လုပ်ငန်းငယ်လေးများတွင် လုပ်ကိုင်သူတို့တွင် အမျိုးသမီးအရေအတွက်က အမျိုးသား အရေအတွက်ထက် အမှန်တကယ်အားဖြင့် ပိုမိုများပြားသည်။

ပုံမှန်အလုပ်အကိုင်များတွင် ကျား၊မအရေအတွက်ကို လေ့လာရာတွင် အဓိကအားဖြင့် အောက်ဖော်ပြပါအတိုင်း တွေ့ရှိသည်။ အိမ်မှုအလုပ်တွင် လုပ်ကိုင်သူ အမျိုးသမီး အရေအတွက်မှာ အမျိုးသား အရေအတွက်ထက် သိသိသာသာ ပိုမိုများပြားသည်။ အစိုးရဝန်ထမ်းအဖြစ် လုပ်ကိုင်သူနှင့် ပြင်ပလုပ်သား ငှားရမ်းအသုံးပြုခြင်း မရှိသည့် ကိုယ်ပိုင် လုပ်ငန်းငယ်လေးများတွင် လုပ်ကိုင်သူတို့တွင် ကျား၊မအရေအတွက်မှာ ဆတူနီးပါးပင်ဖြစ်သည်။ ပုဂ္ဂလိက အခန်း ကဏ္ဍတွင် အမျိုးသမီးတို့မှ အလုပ်ရှင် အဖြစ်သော်လည်းကောင်း၊ အလုပ်သမား အဖြစ်သော်လည်းကောင်း ပါဝင်မှုမှာနည်းပါးသည်။ မြို့နယ်အဆင့်တွင် ကျား၊မပါဝင်မှုအရ စုပေါင်းထားသည့် "ပုံမှန်လုပ်ငန်း လုပ်ကိုင်မှု အနေအထား" အရ အိမ်တွင်းမှုလုပ်သားအုပ်စုတွင် အမျိုးသမီးတို့၏ပါဝင်မှုသည် အမျိုးသားများထက် လွန်စွာ များပြားသည်။ ပြည်နယ်အဆင့်တွင်မူ အစိုးရဝန်ထမ်းနှင့် ကိုယ်ပိုင်လုပ်ငန်းငယ်လုပ်ကိုင်သူအဖြစ် အမျိုးသမီးများ၏ ပါဝင်မှုမှာ အတော်အတန်ပင် နည်းပါးပြီး ၃၀% ကျော်သာဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍတွင် လုပ်သားနှင့် အလုပ်ရှင် အုပ်စုတို့တွင် အမျိုးသမီးများ၏ ပါဝင်မှုမှာ အမျိုးသားများထက် သိသိသာသာပင် နည်းပါးပါသည်။

## မြေယာပြဿနာများ

မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူအများမှာ ရိုးရာအလေ့အထများ၊ ဓလေ့ထုံးစံများနှင့် ထုံးတမ်းအစဉ် အလာများ အရသာမြေယာကိုစီမံခန့်ခွဲလုပ်ကိုင်ကြပြီး ဒေသ (သို့မဟုတ်) နိုင်ငံတော်အဆင့် အစိုးရများထံမှ တရားဝင် ပိုင်ဆိုင်ခွင့် လက်မှတ်များ မရှိပါ။[43][၄၃] မြေယာပိုင်ဆိုင်မှုအခွင့်အရေးဆိုင်ရာအားပေးထောက်ခံသူများ အဖွဲ့အစည်း တစ်ခုဖြစ်သည့်

[42] ၄၂ MadhuViswanathan, Raj Echambadi, SrinivasVenugopal, and SrinivasSridharan။ ၂၀၁၄၊ လူမွဲများ၏စွန့်ဦးတီထွင်မှု၊တန်ဖိုးဖန်တီး ခြင်းနှင့် အင်တာနက်အခြေစိုက် နိုင်ငံတကာကုန်သွယ်မှုကွန်ယက်၊ မက်ခရိုမားကက်တင်းဂျာနယ်၊ အတွဲ၃၄၊ အမှတ် ၂၊ စာ ၂၁၃-၂၂၆

[43] ၄၃ မဲခေါင်ဒေသမြေယာအုပ်ချုပ်မှု၊ မတ် ၂၀၁၇၊ မြန်မာနိုင်ငံ၏ရိုးရာမြေယာအငှားချခြင်းဓလေ့အားမှတ်တမ်းတင်ခြင်း၊ လမ်းညွှန်စာအုပ်။ http://mrlg.org/wp-content/uploads/2017/03/Customary_Tenure_Guidebook_MMR_First_Edition.pdf

ဒို့မြေကွန်ရက် (Land In Our Hand - LIOH) ၏ သုတေသနအရ အများစုမှာ အစဉ်အဆက် ဓလေ့ထုံးတမ်းများအရ မြေယာပိုင်ဆိုင်မှုအပေါ်အခြေခံ၍ မြေယာအခွင့်အရေးများကို ကျင့်သုံး သည်။[44][၄၄]

မြန်မာနိုင်ငံတစ်လွှားတွင် မြေယာမဲ့အရေအတွက် မြင့်မားရခြင်းမှာ "လူ့အဖွဲ့အစည်းအနေဖြင့် မြေယာရယူပိုင်ဆိုင်နိုင်စွမ်းမရှိခြင်းအပြင်၊ အသေးစားမြေယာပိုင်ဆိုင်သူများအနေဖြင့် ကြွေးမြီထူထပ်မှု၊ မြေယာအသိမ်းခံရမှုနှင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေမှု (သို့) တိုက်ပွဲအသစ်များထပ်မံဖြစ်ပွားမှုတို့ကြောင့် မြေယာဆုံးရှုံးနေရခြင်း" ဟူသည့် အကြောင်းရင်းနှစ်ရပ်လုံးကြောင့်ပင်ဖြစ်သည်။[45][၄၅] ထိုသို့ တရားဝင်မြေယာပိုင်ဆိုင်မှုအထောက်အထား မရှိခြင်းကြောင့် မြေယာ အနည်းငယ်သာ လက်ဝယ်ရှိသူများအနေဖြင့် တရားဥပဒေအရမြေသိမ်းခံနိုင်ရခြေနှင့် တရားဥပဒေပြင်ပ မြေယာသိမ်းခံနိုင်ရခြေမြင့်မားနေခြင်းဖြစ်သည်။ အခြားသော ကျေးလက်မြန်မာဒေသများနည်းတူပင် တိုင်းရင်းသားလူနည်းစုနယ်မြေများမှာလည်း မြေယာအနည်းငယ်သာ လက်ဝယ်ရှိသူများထံမှ ပုဂ္ဂလိကကဏ္ဍအတွက် မြေယာများ သိမ်းယူနေသည်ကိုအထင်အရှားတွေ့ရှိရသည်။"[46][၄၆] တရားဝင် မြေယာပိုင်ဆိုင်ခွင့် အထောက်အထား တစ်စုံ တစ်ရာ ရှိသူများပင် အဓမ္မမြေယာ အသိမ်းခံရနိုင်သည့် အနေအထားတွင် ရှိနေကြသည်။[47][၄၇]

ပုံမှန်အားဖြင့်ဆိုလျှင် မြေယာပိုင်ဆိုင်ခွင့်နှင့်ဆက်နွယ်သည့် ထိခိုက်လွယ်မှုမှာ အမျိုးသမီးများ အတွက် ပိုမို ဆိုးရွားသည်။ (တရားဝင်အရဖြစ်စေ ဓလေ့ထုံးစံအရဖြစ်စေ) အမျိုးသမီးတို့မှာ မြေယာပိုင်ဆိုင်မှုရှိခဲလှသည်။ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်သည့် ဆုံးဖြတ်သည့်လုပ်ငန်းစဉ်တွင်လည်း ပါဝင်နိုင်ဘွယ်မရှိပါ။ မိမိတို့၏မိသားစု စားဝတ်နေရေးအတွက် လယ်ယာနှင့် ပတ်သက်သည့် အလုပ် (စိုက်ပျိုးသည်မှ ရိတ်သိမ်း ရောင်းချသည် အထိ) ပေါ်တွင်သာ မှီခိုရသည်။[48][၄၈] ကျား၊မ အရေးနှင့် ကျား၊မ တန်းတူညီမျှ မရှိမှုတို့မှာ မြန်မာနိုင်ငံတွင်မြေယာအခွင့်အရေးအားနည်းမှု၊ အာမခံချက်အားနည်းမှုနှင့် မြေယာမဲ့ခြင်းတို့နှင့် ဆက်နွယ်သည့် အဓိကအစိတ်အပိုင်းပင်ဖြစ်သည်။ အမျိုးသမီးဦးဆောင်သည့်မိသားစုများမှာ အမျိုးသားဦးဆောင်သည့် မိသားစုများထက် မြေယာမဲ့ဖြစ်နိုင်ခြေနှင့် မြေယာပိုင်ဆိုင်မှုပိုမိုနည်းပါးခြေ များသည်။[49][၄၉] မြေယာမှတ်ပုံတင်ရာတွင်သော်လည်းကောင်း၊ မြေဝယ်ရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းတိုးချဲ့ရန်ချေးငွေရရှိရေးအတွက်သော်လည်းကောင်း၊ အခြားသော လေ့လာသင်ယူခွင့်များ ရရန် အတွက်သော်လည်းကောင်းလုပ်ဆောင်ရာတွင် အမျိုးသမီးများသည် လုပ်ထုံးလုပ်နည်းဆိုင်ရာအတားအဆီးများကို တွေ့ကြုံကြရလေ့ရှိသည်။[50][၅၀]

မြေယာလက်မဲ့ဖြစ်စေခြင်း၏ သက်ရောက်မှုများကို စီးပွားရေးပိုင်ဆိုင်မှုများဆုံးရှုံးခြင်း၏ အကျိုးတရားသက်သက်အဖြစ်သာမရှုမြင်သင့်ပေ။ လူမှုရေး၊ နိုင်ငံရေးနှင့် စိတ်ပိုင်းဆိုင်ရာတို့အပေါ် ကျယ်ပြန့်စွာ သက်ရောက်မှုရှိသည့် အကျိုးဆက် အဖြစ် ရှုမြင်ရမည်။ အဓမ္မ မြေယာသိမ်းယူမှုနှင့် အခြားတနေရာသို့ အဓမ္မ ပြောင်းရွှေ့စေခြင်းတို့သည်

---

[44] ၄၄ ငါတို့လက်ကမြေ (LiOH)။ ၂၀၁၅, ပြည်သူ့ဘဝများအား ဖျက်ဆီးခြင်း။ မြေယာသိမ်းမှု၏ မြန်မာလူမှုအဖွဲ့အစည်းများအပေါ် သက်ရောက်မှု။ စာ-၂၀။ (LiOH ၂၀၁၅) https://www.tni.org/files/article-downloads/lioh_research_report_eng_0.pdf

[45] ၄၅ OXFAM 2014

[46] ၄၆ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB)၊ မေ ၂၀၁၈။ မြန်မာနိုင်ငံအတွင်း မြေယာနှင့် စီးပွားရေးလုပ်ငန်း (ဆွေးနွေးညှိနှိုင်းမှုမူကြမ်း), စာ-၂၆ (MCRB ၂၀၁၈) http://www.myanmar-responsiblebusiness.org/pdf/2018-Briefing-Paper-Land_draft.pdf

[47] ၄၇ LiOH ၂၀၁၈

[48] ၄၈ MCRB ၂၀၁၈၊ စာ-၃

[49] ၄၉ USAID/ Winrock၊ ၂၀၁၅၊ ကျေးလက်ဖွံ့ဖြိုးရေးအတွက် တန်ဖိုးကွင်းဆက်များ လူမှုရေးရာနှင့် ကျား၊မရေးရာ ဆန်းစစ်အကဲဖြတ်မှု၊ အပြီးသတ် အစီရင်ခံစာ။ https://pdfsecret.com/download/value-chains-for-rural-development-social-and-gender-assessment_5a133650d64ab24772a85fd5_pdf

[50] ၅၀ OXFAM၊ ၂၀၁၄ ဩဂုတ်၂၈၊ မြန်မာနိုင်ငံ၏ ပူပြင်းခြောက်သွေ့သော ဒေသအတွက် အကျိုးကျေးဇူးများသယ်ဆောင်ခြင်း (OXFAM ၂၀၁၄)

မိသားစု တစ်ခုချင်းအပြင် လူ့အဖွဲ့အစည်း တစ်ရပ်လုံးကိုပါ ဖရိုဖရဲဖြစ်စေနိုင်သည်။ ထိုသို့ ဖရိုဖရဲ ဖြစ်ခြင်းသည် စီးပွားရေးပိုင်ဆိုင်မှုများဆုံးရှုံးခံရပြီးနောက် အတော်ကြာသည်အထိ ဆက်လက်တည်ရှိနေ၍ အနာဂတ် အလားအလာများ အပေါ်တွင်ပင် သက်ရောက်မှုများ ရှိသည်။ စိတ်ဝင်စားဘွယ် ဖြစ်သည့် LIOH မှ ကိုးကားချက်ကို အောက်တွင် ဖော်ပြပါသည်။

> "မြေယာသိမ်းယူမှု၏ တိုက်ရိုက်နှင့်တဆင့်ခံသက်ရောက်မှုတို့မှာ ပြင်းထန်သကဲ့သို့ ကြာရှည်လည်း တည်မြဲနေကြသည်။ ယင်းတို့၏ သက်ရောက်မှုမှာ အခြေအနေတစ်ရပ်အပေါ်တွင်သာ (ဥပမာ။ အသက်မွေးမှု)၊ အချိန်တစ်ခုတွင်သာ (ဥပမာ။ သိမ်းယူခံရချိန်)၊ နေရာတစ်ခုတွင်သာ (ဥပမာ။ သိမ်းယူရန်သတ်မှတ်ခံရသည့်နေရာ) (သို့) မြေယာသိမ်းခံရသူများအပေါ်တွင်သာ အကန့်အသတ်ဖြင့်သက်ရောက်ခြင်းမဟုတ်။ ယင်းသက်ရောက်မှုတို့သည် စီးပွားရေး၊ လူမှုရေး၊ယဉ်ကျေးမှု နှင့် နိုင်ငံရေးရပ်ဝန်းများအထိ ကျယ်ပြန့်၍ လူသားတို့၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ တို့ကိုလည်း သက်ရောက်မှုရှိသည်။ ထို့ပြင် မြေသိမ်းခံရပြီး နောင်အတော်ကြာသည်အထိ လူ့ဘဝ၏ အခွင့်အရေးများ အပေါ်ခြောက်လှန့်ဖျက်ဆီးလျှက်ရှိနေတတ်သည်။"[51][၅၁]

ပြီးခဲ့သော စစ်အာဏာရှင်များ လက်ထက်တွင် မြန်မာနိုင်ငံအတွင်း မြေယာအဓမ္မသိမ်းယူမှုမှာ မကြာခဏ တွေ့ကြုံ ရသည့် ဖြစ်ရပ်တစ်ခုသာ ဖြစ်ခဲ့သည်။ သို့သော် ၂၀၁၁ခုနှစ်တွင် နောက်တက်လာသည့် အရပ်သားတစ်ပိုင်း အစိုးရ လက်ထက်တွင်လည်း ကယားပြည်နယ်အတွင်း မြေသိမ်းမှုများ ဆက်လက် ဖြစ်ပွားခဲ့သည်။ ၂၀၁၄တွင် စစ်တပ်ဦးဆောင်သည့် မြေယာသိမ်းယူမှုဖြစ်ရပ် တစ်ခု ဒီမောဆိုးမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည်။[52][၅၂] ၂၀၁၈ နိုဝင်ဘာလတွင်လည်း ကယားပြည်နယ် ဝန်ကြီးချုပ်မှာ ကိုယ်ကျိုးအတွက် မြေယာ သိမ်းယူခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။[53][၅၃]

၂၀၁၁မှစတင်၍ သာမန်ပြည်သူတို့အတွက် မြေယာ မတရားလုယူမှုနှင့် သိမ်းယူမှု ပြဿနာများကို ပြန်လည် သုံးသပ်ပြီး ဖြေရှင်းပေးရန် အစိုးရ အဖွဲ့အစည်း အတော်များများကို ဖွဲ့စည်းခဲ့သည်။ သို့ရာတွင် ယနေ့တိုင် ယင်းလုပ်ငန်းစဉ်မှာ စုပုံနေသော အမှုတွဲများကြောင့် ရပ်တန့်လျှက်ရှိနေသည်။ ၂၀၁၆ခုနှစ်တွင် လွှတ်တော်အသစ်ကို ဖွဲ့စည်းသည့်အခါ လွှတ်တော်၏ တောင်သူလယ်သမားရေးရာ ကော်မတီသည် ယခင်လွှတ်တော်ထံမှ မဖြေရှင်းရသေးသည့် အမှုတွဲ ၆၀၀၀ ကျော်ကို လက်လွှဲယူခဲ့သည်။ ကယားပြည်နယ်အတွင်း မြေယာပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်မှာ နှေးကွေးစွာ ရွေ့ရှားနေစဉ်မှာပင် ၂၀၁၈ မတ်လတွင် သတင်းကောင်းတစ်ရပ် ထွက်ပေါ်လာခဲ့သည်။ ယင်းမှာ တပ်မတော်မှ ယခင်က သိမ်းယူထားသည့် မြေယာ ၂၀၉ ဧကအား ပြန်လည် ပေးအပ်ခြင်းပင်ဖြစ်သည်။[54][၅၄]

## ပြောင်းလဲနေသည့် မြေယာပိုင်ဆိုင်မှုဆိုင်ရာ ဥပဒေမူဘောင်

၂၀၁၁ ခုနှစ် အရပ်သားတစ်ပိုင်းအစိုးရ ဖွဲ့စည်းပြီးချိန်မှပင်စ၍ မြန်မာမြေယာဥပဒေမူဘောင်ကို ပြုပြင်ပြောင်းလဲရန် ကြိုးစားမှုအများအပြား ပြုလုပ်ခဲ့ကြသည်။၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေက မြေယာပိုင်ဆိုင်ခွင့်ကို နိုင်ငံတော်အား

---

51 ၅၁ LiOH ၂၀၁၅

52 ၅၂ LiOH ၂၀၁၅ စာ-၁၈

53 ၅၃ ထိုက်နန္ဒာဝင်း၊၂၀၁၈ နိုဝင်ဘာ ၉၊ ကယားပြည်နယ်ဝန်ကြီးချုပ် မယ်စဲ့တွင် မြေသိမ်းသည်ဟု စွပ်စွဲခံရ။မဇ္ဈိမ။ http://mizzima.com/article/kayah-state-cm-accused-land-grabbing-mese-town

54 ၅၄ လင်းသစ်၊၂၀၁၈ မတ်၁၂၊ တပ်မတော်မှ သိမ်းဆည်းမြေ ဧက၂၀၀ကျော် ပြန်လည်ပေးအပ် ကန္တာရဝတီတိုင်းမ်။ https://www.bnionline.net/en/news/tatmadaw-releases-over-200-acres-grabbed-land

အပြည့်အဝ အပ်နှင်း ထားသော်လည်း ၂၀၁၂ခုနှစ် မြေယာဥပဒေတွင် မြေယာအား ကုန်စည်တစ်ရပ်အနေဖြင့် ရောင်းချခွင့် ပြုခဲ့သည်။ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေက "ပိုင်ရှင်မဲ့မြေ" များအား (မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင် စသည်တို့မှ တဆင့်) ကုမ္ပဏီများသို့ မြေယာ ခွဲဝေခွင့်ပြုခဲ့သည်။ သစ်တောဌာနတွင် 'သစ်တော' စိုက်ခင်းများ တိုးချဲ့ရေးနှင့် အမည်ပေါက်မဲ့မြေများကို 'ပြန်လည်ရယူရန်' ဦးတည်သည့် နှစ် ၃၀ ချဲ့ထွင်ရေး စီမံကိန်း ရှိနေသည်။ နိုင်ငံတော် မြေယာအသုံးချမှု မူဝါဒကို ပြန်လည်သုံးသပ်လျှက်ရှိပြီး ယင်းတွင် အတိုင်းအတာ တစ်ရပ်အထိပင် ICCA များကို အတိုင်းအတာတစ်ရပ်အထိ ထည့်သွင်းကောင်းထည့်သွင်းနိုင်သည်။[55]၅၅ သို့သော် ၎င်းသည် ကယားပြည်နယ်ရှိ မြေအနည်းငယ်သာပိုင်ဆိုင်သည့် လယ်သမားများကဲ့သို့သော သာမန်ပြည်သူတို့အတွက် မည်သို့မည်ပုံ ဖြစ်လာလိမ့်မည် ဆိုသည့်အချက်မှာမူ မရှင်းလင်းပါ။

LIOH သည် "မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေ" အားပြဋ္ဌာန်းခဲ့မှုအပေါ် ကန့်ကွက်ထားသည်။ ယင်းဥပဒေကြောင့် ဒေသခံတို့၏မိရိုးဖလာအရပိုင်ဆိုင်သည့် 'အမည်ပေါက်မဲ့' ပိုင်ဆိုင်မှုများအား ပိုမိုသိမ်းဆည်း ခံလာရနိုင်ကြောင်း LIOH မှ သတိပေးခဲ့သည်။ 'အမည်ပေါက်မဲ့မြေ'များအား သိမ်းဆည်းမှုတစ်စုံတစ်ရာ မြင့်တက်လာခြင်းသည် တိုင်းရင်းသားတို့နေထိုင်ရာပြည်နယ်များတွင်ကြီးမားသော အကျိုးသက်ရောက်မှု အချိုးအစား မမျှတစွာ ဖြစ်ပေါ်လာမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့်မြေယာစီမံခန့်ခွဲမှုစာရင်းဌာန၏ အဆိုအရ မြန်မာနိုင်ငံတွင် အမည်ပေါက်မဲ့ မြေဧက ၄၅သန်းရှိ၍ ယင်း၏ ၈၂%မှာ တိုင်းရင်းသား နယ်မြေများတွင် ရှိနေသည်။[56] 'အမည်ပေါက်မဲ့မြေ' နှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းတို့အား ရှင်းလင်းတိကျစွာ အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိသလို မိရိုးဖလာ မြေယာ ပိုင်ဆိုင်မှု အားအသိအမှတ်ပြုခြင်းလည်းမရှိသောကြောင့် မြန်မာနိုင်ငံတစ်လွှားရှိ တိုင်းရင်းသားလူမျိုးတို့၏ မြေယာပိုင်ဆိုင်ခွင့် တို့မှာ မရေမရာဖြစ်နေသည်။

မြန်မာနိုင်ငံမြေယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ ယနေ့အချိန်ကာလအထိရလဒ်မှာ ပြီးပြည့်စုံခြင်းမရှိသော ရှုပ်နောက်မညီဖြစ်နေသည့် မြေယာပိုင်ဆိုင်မှုဆိုင်ရာ ဥပဒေဘောင် တစ်ရပ်သာ ဖြစ်နေသည်။ မြေနှင့်ပတ်သက်သည့် ဥပဒေများ အားလုံးကို တစ်ညီတစ်ညွတ်တည်း ဖြစ်စေရန် ကျယ်ပြန့်သည့် 'မြေယာဥပဒေ' တစ်ရပ်ကို ဖန်တီးရန် ပြောဆိုမှုများရှိခဲ့သော်လည်း ဖေါ်ဆောင် ရမည့် လမ်းကြောင်းမှာ မရေမရာ ဖြစ်လျှက်ရှိနေသည်။ လက်ရှိတွင် အစိုးရသည် နိုင်ငံတော် မြေယာ အသုံးချမှု မူဝါဒအား ပြီးပြည့်စုံလာစေရန် လုပ်ဆောင်လျှက်ရှိနေသည်။ ယင်းသည် သဘောတရားအရ လက်ရှိ ဥပဒေဘောင်အတွင်းရှိ ကွဲပြားခြားနားသည့် အဓိပ္ပါယ်ဖွင့်ဆိုမှုများအား တညီ တညွတ် တည်း ဖြစ်လာစေမည်။ သို့သော် မိရိုးဖလာ ပိုင်ဆိုင်ခွင့်များကို အကာအကွယ်ပေးရန် ကတိမျိုး မပါရှိပါ။ ခြုံငုံ၍ ဆိုရသော် မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်၊ အထူးသဖြင့် သာမန်ပြည်သူတို့၏ မိရိုးဖလာ မြေယာပိုင်ဆိုင်ခွင့်များမှာ လုံးဝ စိတ်မချရသော အနေအထားတွင် ရှိနေသည်။[57] ၅၇

နေရပ်ပြန်လာသူတို့မှတရားဝင်လုပ်ငန်းစဉ်မှတဆင့် ၎င်းတို့၏မိရိုးဖလာမြေယာပိုင်ဆိုင်မှုအား အသိအမှတ်ပြုခံရစေရန် လုပ်ဆောင်နိုင်စွမ်းသည် ပြန်လည်ဝင်ရောက်လာသူဒုက္ခသည်များအနက် အသေးစားစီးပွားရေး စတင်လုပ်ကိုင်မည့်

[55] ၅၅ https://www.iccaconsortium.org/index.php/discover/

[56] ၅၆ ဒို့မြေကွန်ရက်၊ ၂၀၁၈ နိုဝင်ဘာ ၆၊ သတင်းထုတ်ပြန်ချက်

[57] ၅၇ Ben Dunant၊ ၂၀၁၈ နိုဝင်ဘာ ၁၉၊ မြေယာဥပဒေ ပြောင်းလဲမှုသည် အဘယ်ကြောင့် လူအမြောက်အများ နှင်ထုတ်ခံရမည်ဟု ထိတ်လန့်စိုးရိမ်မှုများ ဖြစ်ပေါ်နေပါသနည်း၊ Frontier Myanmar https://frontiermyanmar.net/en/why-a-land-law-change-is-sparking-fears-of-mass-evictions

သူများ၏စီးပွားရေးလုပ်ငန်းများ၏ အောင်မြင်နိုင်ရေးအပေါ် လွှမ်းမိုးမှုရှိသည့် အရေးကြီးသော အကြောင်းအရင်းပင် ဖြစ်သည်။ တရားဝင် မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့်ရရှိခြင်းသည် ပြန်လည်ဝင်ရောက်ခြင်း လုပ်ငန်းစဉ် အောင်မြင်စေရန် လွန်စွာ အရေးပါသည်။

## နေရပ်စွန့်ခွာရသည့်ရပ်ရွာလူထုများအတွက် မြေပြန်လည် ပေးအပ်ခြင်း

၁၉၉၀ ခုနှစ်များအတွင်း စစ်ပွဲများကြောင့် ကယားပြည်နယ် အတွင်းရှိ မြို့နယ်များ အားလုံးတွင် ရာပေါင်းများစွာသော ကျေးရွာများမှာနေရပ်စွန့်ခွာခဲ့ကြရသည်။[58]၅၈ ရှားတောမြို့နယ်တစ်ခုတည်းမှာပင် ၁၉၉၆ ခုနှစ်အတွင်း ကျေးရွာ အတော်များများမှ ရွာသူရွာသားများ တိုက်ပွဲရှောင်ခဲ့ကြရသည်။ ထိုရွာများ အနက် ကျေးရွာတော်တော်များများတွင် လူနေထိုင်မှုမရှိပဲ သီးခြားဖြစ်နေကြပြီး ပြည်နယ်၏ ကျန်အစိတ်အပိုင်းများနှင့်လည်း ဆက်သွယ်မှု လွန်စွာ နည်းပါး လျှက်ရှိသည်။

ဒုက္ခသည်များနေရပ်ပြန်ရေးလုပ်ငန်းစဉ်သည် ပြန်လည်ဝင်ရောက်လာသူများနှင့် အိမ်ရှင်ရပ်ရွာလူထုများ အကြား မြေနှင့် ပတ်သက်သည့် ပဋိပက္ခအသစ်များ ထပ်မံဖန်တီးခြင်း မဖြစ်စေရန် ညင်ညင်သာသာဆောင်ရွက်ရန်လိုသည်။ သားစဉ်မြေးဆက် နေရပ်စွန့်ခွာ နေထိုင်ရခြင်းသည် ပြဿနာကိုပိုမို ရှုပ်ထွေးစေသည်။ ကယားပြည်နယ်မှ နေရပ် စွန့်ခွာလာသူများ၏ ကလေးများမှာ ထိုင်းနိုင်ငံရှိ ဒုက္ခသည် စခန်းများတွင်ပင် မွေးဖွားကြီးပြင်း လာခဲ့ကြခြင်းဖြစ်ရာ ယင်းတို့၏ မိဘများ နေထိုင်ခဲ့ရာ ကျေးရွာများတွင် ၎င်းတို့အတွက် မြေယာပိုင်ဆိုင်မှု တောင်းခံနိုင်ခွင့်မှာ မရေမရာ ဖြစ်လျက်ရှိနေသည်။

၂၀၁၇ ခုနှစ်တွင်ဒုက္ခသည် ၂၁ ဦး ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်ခဲ့ကြသည်။ သို့ရာတွင် ယင်း ၂၁ ဦးအတွက်ပင် မြေယာ အလုံအလောက်မရှိခဲ့ပါ။ အစိုးရ နှင့် KNPP တို့သည် နေရပ်ပြန်လာသူတို့အား မြေအလုံအလောက် ပေးနိုင်ရန် အတူတကွ လုပ်ဆောင်ကြရမည်။ မိမိတို့အတွက် သင့်တော်သည့် အသက်မွေးမှု လုပ်ကိုင်နိုင်ရန် မြေ အလုံအလောက် ရနိုင်မည်ဟူသော အာမခံချက်မရှိသရွေ့ ဒုက္ခသည်များမှာ ပြန်လည်ဝင်ရောက်ရန် တုံ့ဆိုင်း နေကြမည်သာဖြစ်သည်။

မယ်စဲ့မြို့နယ်မြောက်ပိုင်းတွင်လူဦးရေ ၅၀၀ ခန့် အခြေချနေထိုင်နိုင်မည့်မြေကွက်နေရာရှိသည်။ သံလွင်မြစ် အရှေ့ဖက်ကမ်းသည် ပြန်လည်ဝင်ရောက်လာသူဒုက္ခသည်များအခြေစိုက်ရန် သင့်လျော်သည့်နေရာဖြစ်သည်။ KNPP မှ ရွာသစ်ဆည်စီမံကိန်းအားကန့်ကွက်ရခြင်း၏အကြောင်းအရင်းတစ်ရပ်မှာ ယင်းနေရာသည် နေရပ်ပြန် ဒုက္ခသည်များ အခြေစိုက်ရန်အတွက် အသုံးပြုရန် ရည်ရွယ်ထားသောကြောင့်ဖြစ်သည်ဟု KNPP ဆက်သွယ်ရေးရုံးမှ ဆိုသည်။

ဒုက္ခသည်များ အောင်မြင်စွာ နေရပ်ပြန်လာနိုင်ရေးမှာ နေရပ်ပြန် လူအုပ်စုကြီးကို လက်ခံနိုင်ရန် လုံလောက်သည့် မြေနေရာချထားပေးရန်အတွက် အစိုးရ၏ စီမံခန့်ခွဲနိုင်မှုပေါ်တွင် မူတည်နေသည်။ အကယ်၍ လူအနည်းငယ်စီသာ တဖြည်းဖြည်းချင်း ဆက်လက်ဝင်ရောက်နေပြီး ယင်းတို့အတွက် မြေနေရာ အလုံအလောက် ချပေးနိုင်မှု မရှိပါက၊ မြေယာလုပ်ပိုင်ခွင့်လုံခြုံမှုတို့ မရှိခဲ့ပါက ပြန်လည်အခြေချနေထိုင်ရေး လုပ်ငန်းစဉ်မှာ အောင်မြင်မည် မဟုတ်ပါ။

---

[58] ၅၈ BERG ၂၀၁၀၊ စာ ၅၂

**ပဋိပက္ခသံသရာ**

ကယားပြည်နယ်သည် အချင်းချင်းဆက်နွယ်မှုရှိကြ၍ ဘက်ပြောင်းလေ့ရှိကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ပေါင်းစုံတို့ဖြင့် လက်နက်ကိုင်ပဋိပက္ခများ ကာလကြာရှည်စွာ ဖြစ်ပွားလျှက်ရှိသည့် ဒေသပင်ဖြစ်သည်။[59]၅၉ ဤဆန်းစစ်လေ့လာမှုအစီရင်ခံစာတွင် ကယားပြည်နယ်တွင်းရှိ လက်နက်ကိုင်ပဋိပက္ခ၏ သမိုင်းကို အပြည့်အစုံ ဆန်းစစ်ထားခြင်း၊ ဘက်ပြောင်းခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ခြုံငုံသုံးသပ်ထားခြင်းမရှိပါ။ သို့ရာတွင် သြဇာရှိသည့် အစီရင်ခံစာ "ကရင်နီဒေသအတွင်းမှဆင်ခြင်တုံတရားဖြင့်တုံ့ပြန်ရန်လိုအပ်နေသည့်ပဋိပက္ခနှင့် နေရပ်စွန့်ခွာမှု" တွင် ၂၀၀၀ ခုနှစ်အထိ သတင်းအချက်အလက်များ ကြွယ်ဝစွာပါဝင်သည်။[60]၆၀

လက်ရှိတွင် ကယားပြည်နယ်အတွင်း လှုပ်ရှားနေကြသည့် အရေးအပါဆုံးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကြီး ၂ ဖွဲ့မှာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် ကရင်နီအမျိုးသားလွတ်မြောက်ရေးတပ်ဦး (KNPLF) တို့ဖြစ်ကြသည်။

အခြားသော အုပ်စုများသည် နယ်ခြားစောင့်တပ် (BGF)အဖြစ် တပ်မတော်နှင့် ဆက်နွယ်မှု ရှိနေကြခြင်းကြောင့် သော်လည်းကောင်း (သို့) အစိုးရဘက်တော်သား စီးပွားရေးဆက်နွယ်သည့်ပြည်သူ့စစ်များအဖြင့် လှုပ်ရှားနေကြခြင်းကြောင့် သော်လည်းကောင်း KNPP သည် ကယားပြည်နယ်တွင် အစိုးရနှင့် ဆက်နွယ်မှုမရှိသည့် တစ်ခုတည်းသော အဖွဲ့ဟု ဆိုနိုင်ဖွယ်ရှိသည်။ KNPP သည် ကယားပြည်နယ်ရှိမြို့နယ်အားလုံးတွင်တည်ရှိနေပြီး ပြည်နယ်၏ မြောက်ဖက်နှင့် အနောက်တောင်ဖက်တို့တွင် ပူးတွဲအုပ်ချုပ်သည့် ပိုမိုကျယ်ဝန်းသည့် နယ်မြေများ ရှိနေသေးသည်။ KNPP သည် မြန်မာတပ်မတော်နှင့် ၂၀၁၃ ခုနှစ်တွင် နှစ်ဖက်အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုခဲ့သော်လည်း၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ကိုမူ လက်မှတ်ထိုးထားခြင်း မရှိသေးပါ။ KNPP သည် ညီညွတ်သော တိုင်းရင်းသားများဖက်ဒရယ်ကောင်စီ (UNFC) ၏ အဖွဲ့ဝင်ဖြစ်၍ မိမိ၏ NCA လက်မှတ်ထိုးရန် လုပ်ဆောင်မည့် သန္နိဋ္ဌာန်ကိုလည်းကြေညာထားသည်။ မြန်မာတပ်မတော်နှင့် KNPP တို့အကြား တိုက်ပွဲများ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ အတွင်းက ဖြစ်ပွားခဲ့သည်။[61]၆၁

KNPLF သည် ယခုအခါ ပျက်ပျယ်သွားပြီဖြစ်သည့် ဗမာပြည်ကွန်မြူနစ်ပါတီမှ ထွက်ပေါ်လာခြင်း ဖြစ်သော်လည်း ယခုအခါ စီးပွားရေးကိုသာ ပိုမိုအာရုံစိုက်တော့သည်။ ၂၀၀၉ခုနှစ်က အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများပြီးနောက် KNPLF ၏ အချို့သောအစိတ်အပိုင်းတို့သည် တပ်မတော်၏လက်အောက်ခံနယ်ခြားစောင့်တပ်ဖွဲ့များ (BGFs) ဖြစ်လာခဲ့ကြသည်။[62]၆၂ KNPLF ၏ BGF တပ်ရင်း ၁၀၀၄ နှင့် ၁၀၀၅ တို့မှာ ဒီမောဆိုး၊ မယ်စဲ့၊ ဖားဆောင်း၊ ဘောလခဲနှင့် လွိုင်ကော်တို့တွင်ဖြန့်ကြက်ထားသည်။[63]၆၃ ကယားပြည်နယ်ရှိအစိုးရနှင့် ဆက်နွယ်မှုမရှိသည့်

---

[59] ၅၉ မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ်/ ငြိမ်းချမ်းရေးအထောက်အပံ့ရန်ပုံငွေ၊ ၂၀၁၆ စက်တင်ဘာ၊ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ အခြေအနေအား လေ့လာဆန်းစစ်ခြင်း။
https://reliefweb.int/sites/reliefweb.int/files/resources/Situation_Analysis_southeastern_Myanmar_MIMU-PSF_Sep2016_low-res.pdf

[60] ၆၀ BERG ၂၀၀၀၊ အထူးသဖြင့် အခန်း (၂) ကရင်နီဒေသရှိလက်နက်ကိုင်ပဋိပက္ခကိုရှု

[61] ၆၁ ကန္တာရဝတီတိုင်းမ်။ ၂၀၁၈ အောက်တိုဘာ ၂၂။ KNPPနှင့်တပ်မတော်တို့အကြား ပစ်ခတ်မှုများဖြစ်ပွား။
https://www.burmalink.org/skirmish-breaks-out-between-knpp-tatmadaw/

[62] ၆၂ BGFဆိုသည်မှာ မြန်မာတပ်မတော်မှ ဖွဲ့စည်းပေးခဲ့သည့် တပ်ရင်းအရွယ်အစား(စစ်သည်၃၂၆ဦး)ရှိ ပြည်သူ့စစ်တပ်ဖွဲ့များ ဖြစ်သည်။ ယင်းတို့အား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(သို့)ပြည်သူ့စစ်အဖွဲ့များအပေါ် စစ်ဆင်ရေးဆိုင်ရာထိန်းကြောင်းနိုင်စေရန်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

[63] ၆၃ Buchanan ၂၀၁၆၊ စာ-၄

အခြားသော လက်နက်ကိုင်အဖွဲ့များမှာ စီးပွားရေးလုပ်ငန်းများတွင် ထဲထဲဝင်ဝင် ပတ်သက်နေကြသည်။ယင်းတို့တွင် အောက်ပါတို့ ပါဝင်သည်။

- ကယန်းနယ်မြေသစ်ပါတီ (KNLP) - ဒီမောဆိုးနှင့် ဖယ်ခုံရှိ အပစ်အခတ်ရပ်စဲထားသည့်အဖွဲ့
- ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ (KNPDP) - ပြည်သူ့စစ်အဖွဲ့
- ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) - ဒီမောဆိုးတွင် စီးပွားရေး လုပ်ကိုင်နေသည်
- ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ (KNSO) - ဖါးဆောင်းအခြေစိုက် ပြည်သူ့စစ်အဖွဲ့ နှင့်
- ကယန်းအမျိုးသားကာကွယ်ရေးတပ် (KNG) - ဖယ်ခုံတွင်အခြေစိုက်အစိုးရလိုလားသောပြည်သူ့စစ်အဖွဲ့[64၆၄]

ကယားပြည်နယ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်းစုံနှင့် ပြည်သူ့စစ်တို့အကြား တစ်ထပ်တည်း ကျနေသည့် အုပ်ချုပ်မှုဆိုင်ရာတောင်းဆိုမှုများ - အထူးသဖြင့် အရင်းအမြစ်ထုတ်ယူမှုကဏ္ဍတွင် စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများ ကိုထိန်းချုပ်နိုင်ရန် တောင်းဆိုမှုများ သည် အရေးပါသည့် အနေအထားတစ်ခုအဖြစ် ဆက်လက်တည်ရှိနေသည်။ ကယားပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခ၏ ရလာဒ်အဖြစ် မြေမြှုပ်မိုင်းအန္တရာယ်ရှိနိုင်သော နေရာများ ကျယ်ပြန့်စွာ ဖြစ်ပေါ်စေခဲ့ပြီး ယင်းသည် စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်း အပါအဝင် စီးပွားရေး လုပ်ငန်းမျိုးစုံတို့အား အတား အဆီးဖြစ်စေသည်။[65၆၅] ပြည်နယ်အတွင်း မိုင်းရှင်းလင်းရေး လုပ်ငန်းစဉ်ကို အကျယ်အပြန့် ဦးစားပေး ဆောင်ရွက်ရန် လိုအပ်သည်။[66၆၆] အပြိုင်အဆိုင် မြေယာအုပ်ချုပ်မှုနှင့် မြေမြှုပ်မိုင်းအန္တရာယ်၏ စီးပွားရေးဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှု တို့သည် ကျေးလက်ဒေသအသက်မွေးမှုကို အကဲဖြတ်ရာတွင် အရေးကြီးသည့် အကြောင်းအရာများဖြစ်သည်။

## ၂.၁။ အဓိက စီးပွားရေး ကဏ္ဍများအတွက် ဈေးကွက် ဆန်းစစ်ခြင်းနှင့် တန်ဖိုးကွင်းဆက်အားအကဲဖြတ်ခြင်း

ယခုကယားပြည်နယ်အတွင်းရှိ ကျေးလက်နေလူ့အဖွဲ့အစည်းများအတွက် အသက်မွေးမှုဆိုင်ရာအဓိကစီးပွားရေး ကဏ္ဍများဆိုင်ရာ ဈေးကွက်အခွင့်အလမ်းများကို စူးစမ်းလေ့လာမည်ဖြစ်သည်။ အဆိုပါ စီးပွားရေး ကဏ္ဍများအား လှိုင်ကော်တွင် GAP မိတ်ဖက်များအပါအဝင် အဓိကသက်ဆိုင်သူများနှင့် တွေ့ဆုံမေးမြန်းမှုများအတွင်း ဖေါ်ထုတ် ခဲ့ခြင်း ဖြစ်သည်။ ဤဈေးကွက်ဆန်းစစ်မှုသည် ပြန်လည်ဝင်ရောက်လာသူ စီးပွားရေးသမားများနှင့် သက်ဆိုင်သည့် အလားအလာရှိသောစီးပွားရေးအခွင့်အလမ်းများနှင့်တန်ဖိုးကွင်းဆက်တို့အားပြည့်စုံစေ့စပ်စွာ ဘက်ပေါင်းစုံမှ လေ့လာ တင်ပြရန်မရည်ရွယ်ပါ။ ဤကနဦးဈေးကွက်ဆန်းစစ်မှုသည်ကယားပြည်နယ်အတွင်းရှိ အရေးပါအရာရောက်ဆုံးသော စီးပွားရေးကဏ္ဍများအပေါ်ခြုံငုံလေ့လာသုံးသပ်ချက်အပြင်နေရပ်ပြန်လာသူဒုက္ခသည်များအနက်အသေးစား စီးပွားရေး လုပ်ကိုင်လိုသူများနှင့် ဒေသခံရပ်ရွာလူထုကို အခြေခံသောစီးပွားရေးလုပ်ငန်းများ အနေဖြင့် ပိုမို အသေးစိတ်ကျသည့်

---

64 ၆၄ John Buchanan ၊ ၂၀၁၆ ဇူလိုင်၊ မြန်မာနိုင်ငံရှိ ပြည်သူ့စစ်များ။ အာရှဖောင်ဒေးရှင်း၊ စာ-၁၅ (Buchanan ၂၀၁၆) https://asiafoundation.org/wp-content/uploads/2016/07/Militias-in-Myanmar.pdf

65 ၆၅ Thai Biz Myanmar၊ ၂၀၁၅ ဇူလိုင် ၃၊ မြန်မာနိုင်ငံရှိ ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံရှိ မယ်ဟောင်ဆောင်ပြည်နယ် တို့အကြား နယ်ခြားဂိတ် ယခုနှစ်အတွင်း ဖွင့်မည်။ http://www.thaibizmyanmar.com/en/news/detail.php?ID=111

66 ၆၆ မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲရေးယူနစ် / ငြိမ်းချမ်းရေး အထောက်အပံ့ရန်ပုံငွေ။ ၂၀၁၆ စက်တင်ဘာ။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်း ဒေသအခြေအနေအား လေ့လာဆန်းစစ်ခြင်း၊ https://reliefweb.int/sites/reliefweb.int/files/resources/Situation_Analysis_southeastern_Myanmar_MIMU-PSF_Sep2016_low-res.pdf

တန်ဖိုးကွင်းဆက်အစီအစဉ်နှင့် စီးပွားရေးစီမံကိန်းတို့ကို ရေးဆွဲစေနိုင်ရန် အခြေခံ အချက် အလက်များကို ပံ့ပိုးရန် ရည်ရွယ်သည်။

ယခု ဈေးကွက် ဆန်းစစ်မှုအတွက် လေ့လာရန် ရွေးချယ်ထားသည့် အဓိက စီးပွားရေး ကဏ္ဍများမှာ။ စိုက်ပျိုးရေး (ငွေပေါ် သီးနှံများ)၊ စိုက်ပျိုးရေး (တန်ဖိုးမြှင့်ထုတ်ကုန်များ)၊ စိုက်ပျိုးရေး (မွေးမြူခြင်း)၊ သီးနှံနှင့် သစ်တော စိုက်ခင်းများ၊ သစ်မဟုတ်သောသစ်တောထွက်ကုန်များ၊ ငါးလုပ်ငန်း၊ လက်မှုလုပ်ငန်း၊ အထည်ချုပ်နှင့် အထည်အလိပ် လုပ်ငန်း၊ ကုန်သွယ်ရေး လုပ်ငန်း၊ ဧည့်လုပ်ငန်းနှင့် ခရီးသွား လုပ်ငန်းတို့ဖြစ်ကြသည်။

ကဏ္ဍလိုက် ခြုံငုံလေ့လာ ဆန်းစစ်ချက် တစ်ရပ်ချင်းစီသည် ယင်းကဏ္ဍရှိ စီးပွားရေး လုပ်ငန်း၏ အခြေခံကျသည့် တန်ဖိုးကွင်းဆက်အား တင်ပြခြင်းဖြင့် စတင်သည်။ ထို့နောက် ပြန်လည် ဝင်ရောက် လာသူနှင့် အမျိုးသမီး စီးပွားရေး လုပ်ငန်းရှင်များ အတွက် အလားအလာ ရှိသည့် စီးပွားရေး အခွင့်အလမ်းများ အပေါ် ခြုံငုံ သုံးသပ်ချက်ကို ပံ့ပိုးပြီး အလားအလာရှိသောဈေးကွက်များအကြောင်းအကျဉ်းရုံးဆွေးနွေးသည်။


နိဂုံးတွင် ယင်းကဏ္ဍအတွင်း စီးပွားရေး လုပ်ငန်း စတင်ရန် ကြိုးစားနေကြသည့် နေရပ်ပြန်လာသူတို့နှင့် အမျိုးသမီး စီးပွားရေး လုပ်ငန်းရှင်များအတွက် ရုပ်ဝတ္ထုဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အကူအညီ လိုအပ်ချက်များကို စစ်ဆေး ဖေါ်ထုတ်သည်။

### ယေဘုယျ တန်ဖိုးကွင်းဆက်လုပ်ငန်းစဉ်အား လေ့လာခြင်း

တန်ဖိုးကွင်းဆက်ဆိုသည်မှာ ထုတ်ကုန်တစ်ခု သို့မဟုတ် ဂန်ဆောင်မှုတစ်ခုနှင့် ပတ်သက်သည့် လုပ်ငန်းစတင်ချိန်မှ နောက်ဆုံးဖောက်သည်အထိ ဖြစ်စဉ်တလျောက်လုံးတွင် ပါဂင်သောဆောင်ရွက်မှုများ သို့မဟုတ် အရောင်းအဂယ် ပြုလုပ်မှု ဖြစ်စဉ်များဖြစ်သည်။ ၄င်းမှာ သိသာထင်ရှားပြီးမတူညီသည့် လိုအပ်သောလုပ်ဆောင်မှုအဆင့်များ (ဥပမာ- အရင်းအမြစ်များရယူခြင်း၊ ထုတ်လုပ်ခြင်း၊ ဈေးကွက်သို့ရောင်းချခြင်း အစရှိသည်တို့) အားလုံးကို စုပေါင်း ထား ခြင်း ဖြစ်သည်။ လုပ်ဆောင်မှုတစ်ဆင့်စီတိုင်းကို သီးခြားလုပ်ငန်းနယ်ပယ်တစ်ခု သို့မဟုတ် စီးပွားရေးကဏ္ဍတစ်ခုအတွင်း ကုမ္ပဏီတစ်ခု သို့မဟုတ် ကုမ္ပဏီပေါင်းများစွာက ဆောင်ရွက်ပေးမည်ဖြစ်သည်။

တန်ဖိုးကွင်းဆက်တစ်ခု၏ပုံစံနှင့် ပါဂင်သောအရာများသည် သက်ဆိုင်ရာထုတ်ကုန် သို့မဟုတ် ဂန်ဆောင်မှုအလိုက် သာမကလုပ်ငန်း၏ စီးပွားရေးပုံစံအလိုက် အသီးသီးကွဲပြားနိုင်သည်။ ရိုးစင်းရှင်းလင်းစွာဖော်ပြထားသည့် တန်ဖိုး ကွင်းဆက် ဆိုသည်မှာ သီးသန့်စီးပွားရေးကဏ္ဍတစ်ခုခုတွင် ပါဂင်သည့်စီးပွားရေးဖြစ်စဉ်များအပေါ် 'အပြင်ပန်း' ရှုထောင့်မှ ရှုမြင်သုံးသပ်ခြင်း ကိုဆိုလိုသည်။ လုပ်ငန်းတစ်ခုအား 'အတွင်းပိုင်း'ရှုထောင့်မှ ရှုမြင်သုံးသပ်ခြင်းတွင် သူတို့၏ တမူထူးခြားသော တန်ဖိုးကွင်းဆက်များသို့ ထပ်ဆောင်းတန်ဖိုးကွင်းဆက်များ (လုပ်ငန်း၏ထောက်ပံ့ ပို့ဆောင်ရေးကွင်းဆက်များ) ဖြည့်စွက်ပါဂင်စေဖွယ်ရှိသည်။ ထိုထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်များ မှတဆင့် သွင်းအားစုများရယူခြင်း၊ ကုန်ပစ္စည်းဖြန့်ဖြူးမှုတို့ကို ဆောင်ရွက်ခြင်း အစရှိသောလုပ်ငန်းရပ်များပါဂင်သည်။
အထက်ပါအချက်ကို အခြားနည်းလမ်းတစ်ရပ်ဖြင့် ပြောမည်ဆိုပါက စီးပွားရေးနယ်ပယ်တိုင်းတွင် "လုပ်ငန်းကဏ္ဍ အဆင့်" တန်ဖိုးကွင်းဆက်တစ်ခုရှိပြီး ၄င်းတွင်"လုပ်ငန်းအဆင့်" တန်ဖိုးကွင်းဆက်များထပ်မံပါဂင်သည် (ဇယား-၂)။ လုပ်ငန်းကဏ္ဍ အဆင့်တန်ဖိုးကွင်းဆက်တွင်ပါဂင်သည့်အဓိက အစိတ်အပိုင်းအားလုံးကို ထိန်းချုပ်နိုင်သည့် လုပ်ငန်း တစ်ခုသည် ဒေါင်လိုက်ပေါင်းစည်းနိုင်မှု မြင့်မားသည်။ လုပ်ငန်းကဏ္ဍအဆင့် တန်ဖိုးကွင်းဆက်၏ အဓိက အစိတ်

အပိုင်းတစ်ခုကို သို့မဟုတ် အဓိက အစိတ်အပိုင်း တစ်ခုထက်ပို၍ အလေးထား ဆောင်ရွက်သည့် စီးပွားရေး လုပ်ငန်း တစ်ခုသည်အောင်မြင်နိုင်သည်။ သို့ရာတွင် တန်ဖိုးကွင်းဆက်၏အဓိကအစိတ်အပိုင်းတစ်ခုထက်ပို၍ အလေးထား ဆောင်ရွက်သည့် စီးပွားရေး လုပ်ငန်း တစ်ခု သည် အမြတ်အစွန်းပိုမိုရရှိပြီး ပိုမိုသြဇာလွှမ်းမိုးနိုင်သည်။ အကြောင်းမှာ ၄င်းအနေဖြင့် ထိုကဏ္ဍအတွင်း ပိုမိုကြီးမား သောလုပ်နိုင်စွမ်းရှိခြင်းကြောင့် ဖြစ်သည်။





ပုံ-၂။ လုပ်ငန်းကဏ္ဍအဆင့် တန်ဖိုးကွင်းဆက်နှင့် စီးပွားရေးလုပ်ငန်းအဆင့် တန်ဖိုးကွင်းဆက် ကြားဆက်ဆံရေး [67၆၇]

ကယားပြည်နယ်ရှိ နေရပ်ပြန်စွန့်ဦးလုပ်ငန်းရှင်များအနေဖြင့် ၄င်းတို့၏ သက်ဆိုင်ရာစီးပွားရေးပုံစံများအတွက် တန်ဖိုး ကွင်းဆက်များကို ပိုင်းခြားစိတ်ဖြာရာတွင် ၄င်းတို့၏လုပ်ငန်းမှာ ပိုမိုကျယ်ပြန့်သော "လုပ်ငန်းကဏ္ဍအဆင့်" တန်ဖိုး ကွင်းဆက်နှင့် မည်ကဲ့သို့လိုက်လျောညီထွေဖြစ်နိုင်မည်ကို ထည့်သွင်းစဉ်းစားသင့်သည်။ ဥပမာ အမျိုးသမီးစွန့်ဦး လုပ်ငန်းရှင်များအနေဖြင့်လုပ်ငန်းများတိုးချဲ့ရန်နှင့် အမြတ်အစွန်းပိုမိုရရှိနိုင်ရန်သူတို့လုပ်ငန်းများ၏ တန်ဖိုးကွင်းဆက် ၏ ထောက်ပံ့မှု (ကုန်ကြမ်း များထုတ်လုပ်ခြင်း)နှင့် ဖြန့်ဖြူးခြင်း (သယ်ယူပို့ဆောင်ရေး) အစိတ်အပိုင်းများ တွင် ပိုမိုသွက်လက်မြန်ဆန်စေမည့် နည်းလမ်းများ ထည့်သွင်းစဉ်းစားရန်လိုသည်။

တန်ဖိုးကွင်းဆက်များမှာ ကုမ္ပဏီမှ လုပ်ငန်းလည်ပတ်ရာ ပိုမိုကျယ်ပြန့်သော ပတ်ဝန်းကျင်ဖြစ်သည့် အရင်းရှင် စနစ် စီးပွားရေး တစ်ခုခု သို့မဟုတ် ဈေးကွက်စနစ်တွင် နက်နက်ရှိုင်းရှိုင်း နစ်ဝင်နေသည်။ တန်ဖိုးကွင်းဆက်များ တည်ရှိရာ

67 ၆၇ https://www.strategicmanagementinsight.com/tools/value-chain-analysis.html

ဈေးကွက်စနစ်၏ သီးခြားဂိုသေသလက္ခဏာများမှာ စီးပွားရေးလုပ်ငန်း ဝင်ရောက်လုပ်ကိုင်ရာ ပိုင်နက်နယ်မြေတစ်ခု သို့မဟုတ်ပိုင်နက်နယ်မြေများ၏နိုင်ငံရေးနှင့်လူမှုစီးပွားရေးအနေအထားကိုလိုက်၍ကွဲပြားသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ဈေးကွက်တစ်ခုနှင့်၄င်းဈေးကွက်အတွင်းအမြစ်တွယ်နေသည့် တန်ဖိုးကွင်းဆက်များကို ရှင်းလင်းဖော်ပြထားသည့် ရုပ်ပုံတွင် အထောက်အပံ့ပေးသောလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ဈေးကွက်စနစ် တစ်ခုအတွင်းရှိ “စည်းမျဉ်းစည်းကမ်းများ” က တန်ဖိုးကွင်းဆက်များကို မည်ကဲ့သို့လွှမ်းမိုးထားသည်ကို ရှင်းရှင်းလင်းလင်းပြသသည်။ (ပုံ-၂ကိုရှု)



ပုံ-၃။ ဈေးကွက်စနစ်မှုဘောင်များ၏ တစ်စိတ်တစ်ဒေသအဖြစ် တန်ဖိုးကွင်းဆက်များ[68]

ဤ အခန်းနောက်ပိုင်းတွင် ရွေးချယ်ထားသည့် အဓိက စီးပွားရေးကဏ္ဍများအတွက် ဈေးကွက်ခွဲခြမ်းစိတ်ဖြာမှုနှင့် တန်ဖိုးကွင်းဆက် အကဲဖြတ်မှုများအား ဖော်ပြသွားမည် ဖြစ်သည်။

**လယ်ယာစိုက်ပျိုးရေး (ငွေပေါ်လွယ်သော သီးနှံစိုက်ပျိုးရေး)**

**ရှင်းလင်းသည့် တန်ဖိုးကွင်းဆက်**

လယ်ယာစိုက်ပျိုးရေးကဏ္ဍ (ငွေပေါ်လွယ်သော သီးနှံစိုက်ပျိုးရေး) အတွက် ရှင်းလင်းသည့် တန်ဖိုးကွင်းဆက်တစ်ခု၏ အရေးပါသော အဓိကအချက် ၅ ချက်တွင် လယ်ယာသုံးကိရိယာများ (ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများ၊ မျိုးစေ့များ၊ စိုက်ပျိုးရေးသုံးကိရိယာများ၊ ဆည်ရေ နှင့် တိရစ္ဆာန်ကုသရေးလုပ်ငန်းများ)၊ စိုက်ပျိုးခြင်း (မြေယာပြုပြင်မှု အလုပ်၊မျိုးစေ့ကြဲခြင်းနှင့်သီးနှံများကိုစောင့်ရှောက်ခြင်း)၊ သီးနှံရိတ်သိမ်းခြင်း (အလုပ်သမားများကသီးနှံရိတ်သိမ်းခြင်း)၊ သိုလှောင်ခြင်း (သီးနှံများကိုသိုလှောင်ခြင်း)၊ ပြင်ဆင်ခြင်းနှင့်ထုပ်ပိုးခြင်း (ဈေးကွက်အတွင်းသို့ တင်ပို့ရန် သီးနှံများ

---

[68] Nadja Nutz and Merten Sievers, 5 May 2015, A rough guide to Value Chain Development, International Labor Organization, page 4, https://www.ilo.org/wcmsp5/groups/public/---ed_emp/---emp_ent/---ifp_seed/documents/publication/ wcms_366005.pdf

ကိုပြင်ဆင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း (သီးနှံများကိုဈေးကွက်သို့ရွှေ့ပြောင်းခြင်း)နှင့် ရောင်းချခြင်း (သီးနှံများကို ရောင်းချခြင်း) တို့ပါဝင်သည်။




**အလားအလာကောင်းသော စီးပွားရေးအခွင့်အလမ်းများနှင့် ဈေးကွက်များ**

ကယားပြည်နယ် ကျေးလက်ဒေသနေ ပြည်သူအများစုမှာ အသက်မွေးဝမ်းကြောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် ဝမ်းစာအတွက် စိုက်ပျိုးသော သီးနှံနှင့် စီးပွားဖြစ်စိုက်ပျိုးသော သီးနှံများကို လုပ်ကိုင်ကြကြောင်း GAP ၏ မိတ်ဖက်များက ပြုလုပ်သည့် စီးပွားရေးနှင့် သက်မွေးဝမ်းကြောင်းဆိုင်ရာစစ်တမ်းများက တွေ့ရှိခဲ့သည်။ ဤအရေးပါသောစီးပွားရေးကဏ္ဍမှာနေရပ်ပြန်များ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။

GAP ၏ မိတ်ဖက်များနှင့် စားပွဲထိုင်သုတေသနမှ ရရှိသည့် အချက်အလက်များကိုအခြေခံ၍ အောက်တွင် အကြမ်းဖျင်းဖော်ပြထားသည့် ငွေပေါ်လွယ်သော သီးနှံများကို နေရပ်ပြန် အမျိုးသမီးစွန့်ဦးလုပ်ငန်းရှင်များ အတွက် အလားအလာရှိသည့် သင့်တော်သော စီးပွားရေး အခွင့်အလမ်းများအဖြစ် သတ်မှတ်ခဲ့သည်။ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်ဆိုသည်မှာ ပြည်တွင်း၌ နေ့စဉ်စားသုံးနေသောကြောင့် ကျေးရွာအုပ်စု၊ မြို့နယ် သို့မဟုတ် ပြည်နယ် အဆင့်တွင် ညှိနှိုင်းဆောင်ရွက်သော ထုတ်လုပ်မှုမှတစ်ဆင့် အများနှင့်ယှဉ်ပြိုင်အသာစီးရနိုင်သော အားသာချက် ရရှိရန်နှင့် ဈေးကွက်ပေစုရရှိရန် အခွင့်အလမ်းများရှိသည်။ ဥပမာ မတူညီသော ကျေးရွာအုပ်စုနှစ်ခုရှိ တောင်သူများက ၎င်းတို့၏ သီးနှံများထုတ်လုပ်မှုကို ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ကျေးရွာတစ်အုပ်စုစီက မတူညီသော အဓိကသီးနှံတစ်ခုကို အလေးထားထုတ်လုပ်ခဲ့ပါက အဆိုပါတောင်သူများမှာ ကျေးရွာအုပ်စု နှစ်ခုစလုံး၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စွမ်း ရှိရုံသာမက သီးနှံများပိုလျှံစွာဝင်ရောက်လာသောကြောင့်၊ သီးနှံများကို လျှော့ဈေးဖြင့်ရောင်းချရန် ဖိအားပေးခံရခြင်းကြောင့် ဈေးကွက်ထိခိုက်မှုများ ဖြစ်ပေါ်မည်မဟုတ်ပါ။ ကယားပြည်နယ်တွင် စီးပွားဖြစ်စိုက်ပျိုးနိုင်သော သီးနှံများစွာရှိသော်လည်း အောက်တွင်ဖော်ပြထားသည့်သီးနှံများကို GAP စီမံကိန်းဝင်ကျေးရွာအုပ်စုများ နေ ပြည်သူများ အတွက် အထူးသင့်တော်သေ သီးနှံများအဖြစ် သတ်မှတ်ခဲ့သည်။ သဘာဝမြေသြဇာသုံး၍ စိုက်ပျိုးထား သည့် သီးနှံများကို Sharky's[69]၆၉ ကဲ့သို့သော ရန်ကုန်မြို့ရှိ ပထမတန်းစား စားသောက်ဆိုင်များသို့ရောင်းချနိုင်ပါသည်။ အောက်တွင်ဖော်ပြထားသည့် သီးနှံများအပြင် ကယားပြည်နယ်ရှိ တနိုင်တပိုင် လယ်သမားများ အနေဖြင့် ထိုင်းနိုင်ငံ ဘက်ခြမ်းရှိ ဒုက္ခသည်စခန်းများတွင် ဖြန့်ဖြူးခဲ့သော အဓိကသီးနှံ ၁၃ မျိုးကိုစိုက်ပျိုးနိုင်ပါသည်။ အဆိုပါသီးနှံများကို ဘန်နိုင်ဆွိုင်နှင့်ဘန်မယ်ဆူရင် ဒုက္ခသည်စခန်းများရှိ ခေါင်းရွက် ဈပ်ထိုး ဈေးသည်များသို့ ရောင်းချနိုင်ပါသည်။

**မှို** - မယ်စဲ့မြို့နယ်ရှိ အမျိုးသမီးစွမ်းဆောင်မှုအဖွဲ့ ( Women Emowerment Groups - WEGs) များမှာ ဒေသအတွင်း ရောင်းချရန် ညှိနှိုင်းဆောင်ရွက်မှုပြုလုပ်၍ ထုတ်လုပ်ခြင်းနှင့်အတူ မှိုစိုက်ပျိုးရေးလုပ်ငန်းများ စတင်လုပ်ကိုင်ရန်

[69] ၆၉ https://www.sharkys.com.mm/

စိတ်ဝင်စားကြသည်။ မှိုများကိုအခြောက်ခံကာ မြန်မာနိုင်ငံတစ်ဝန်း သို့မဟုတ် အိမ်နီးချင်းတိုင်းပြည်များရှိ စျေးကွက်များ သို့ရောင်းချနိုင်ပါသည်။

**ပဲပင်ပေါက်** - မယ်စဲ့မြို့နယ်ရှိ WEGs များမှာ ဒေသအတွင်း ရောင်းချရန် ညှိနှိုင်းဆောင်ရွက်မှုပြုလုပ်၍ ထုတ်လုပ်ခြင်းနှင့်အတူ ပဲပင်ပေါက်လုပ်ငန်းများ စတင်လုပ်ကိုင်ရန် စိတ်ဝင်စားလျက်ရှိသည်။

**ပြောင်းဖူး** - ပြောင်းဖူးမှာ တနိုင်တပိုင် လယ်သမားများကရော ကန်ထရိုက်ပေး စက်မှုလယ်ယာ စိုက်ပျိုးမှုစနစ် ဖြင့်ပါ ကယားပြည်နယ်တွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသော သီးနှံတစ်မျိုးဖြစ်သည်။ ပြောင်းဖူးစျေးနှုန်းမှာ အနည်းငယ် မတည်ငြိမ်သော်လည်း ကျေးလက်နေလယ်သမားများအနေဖြင့် ပြောင်းဖူးအား သူတို့၏ တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းများအတွက် အသုံးပြုနိုင်မည်ဆိုပါက စျေးကွက်ပေါက်စျေးအပေါ် မှီခိုရမှု လျော့ချနိုင်မည် ဖြစ်သည်။ အခြားမွေးမြူရေး လယ်သမားများထံသို့ ပြောင်းဖူးအား တိရစ္ဆာန်အစာအတွက် ရောင်းချမှုက နောက်ထပ်အလားအလာ ရှိသော စျေးကွက် ဖြစ်သည်။

**ငရုပ်ကောင်း** - သဘာဝမြေဩဇာသုံး၍ စိုက်ပျိုးထားသည့် ငရုပ်ကောင်းစေ့အနက်၊ ငရုပ်ကောင်းစေ့အနီ၊ ငရုပ်ကောင်းစေ့အစိမ်းနှင့် စီချမ်ငရုပ်ကောင်းစေ့များကို မြောက်များလှစွာသော ပို့ကုန်စျေးကွက်များ (အထူးသဖြင့် ဥရောပနှင့်မြောက်အမေရိက)သို့ စျေးအမြင့်ဖြင့် ရောင်းချနိုင်ပါသည်။ ကမ္ဘောဒီးယား[70]၇၀နှင့် ဗီယက်နမ်နိုင်ငံ[71]၇၁တို့တွင် ငရုပ်ကောင်းစေ့များ စိုက်ပျိုးခဲ့သလို ငရုပ်ကောင်းစေ့အနက်ကို အရှေ့တောင်အာရှဒေသတွင် ကောင်းစွာစိုက်ပျိုး နိုင်ပါသည်။

**မျိုးစေ့ဖြန့်ဖြူးခြင်း** - စီးပွားဖြစ်စိုက်ပျိုးသော သီးနှံမျိုးစေ့များ စုဆောင်းခြင်းနှင့် ဖြန့်ဖြူးခြင်းမှာ အလားအလာရှိသည့် အကျိုးများသော အသေးစား အခွင့်အလမ်းတစ်ရပ် ဖြစ်လာနိုင်ပါသည်။ မျိုးစေ့များရောင်းချနိုင်သည့် စျေးကွက်များကို ဒေသတွင်းနှင့် ပြည်နယ်အတွင်း တွေ့ရှိနိုင်ပြီး လယ်ယာလုပ်ငန်းများ စတင်လုပ်ကိုင်သည့် နေရပ်ပြန်များအတွက် ကောင်းမွန်သော အလားအလာရှိသည့် စျေးကွက်တစ်ခုဖြစ်သည်။

**အစုအဖွဲ့ပိုင်သယ်ယူပို့ဆောင်ရေးနှင့်ဖြန့်ဖြူးရေးလုပ်ငန်းများတည်ထောင်ခြင်း** - GAP ၏ မိတ်ဖက်များနှင့် တွေ့ဆုံမေးမြန်းမှုများအရ ကယားပြည်နယ်၌ စီးပွားဖြစ်စိုက်ပျိုးသောသီးနှံများအား သယ်ယူပို့ဆောင်ခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းမှာ လူအနည်းစု၏ လက်ထဲတွင်ရှိသောကြောင့် တနိုင်တပိုင်လယ်သမားများအနေဖြင့် ၄င်းတို့၏ ထုတ်ကုန်များကို မည်သူ့ကိုရောင်းမည်လဲ၊ မည်သည့်စျေးဖြင့် ရောင်းမည်လဲနှင့် ပတ်သက်၍ ရွေးချယ်ခွင့် အနည်းငယ်သာရှိသည်။ ၄င်းတို့၏ ကုန်ပစ္စည်းများ အတွက် စျေးနှုန်းတိုးမြင့် ရရှိရန် အလားအလာရှိသောအခွင့်အလမ်းတစ်ရပ်မှာ တနိုင်တပိုင် လယ်သမားများအနေဖြင့် ဘဂတူ လယ်သမားများနှင့် ပူးပေါင်း၍ အစုအဖွဲ့ပိုင် သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေး လုပ်ငန်းများ တည်ထောင်ရန်ဖြစ်သည်။

## ကုန်ကြမ်းနှင့် နည်းပညာအကူအညီ လိုအပ်ချက်များ

စီးပွားဖြစ်စိုက်ပျိုးသောသီးနှံများအားစိုက်ပျိုးရန်ပြင်ဆင်နေသည့် တနိုင်တပိုင်လယ်သမားများအနေဖြင့်သွင်းအားစုများ၊ အထူးကိရိယာများနှင့်သိုလှောင်ရေးအဆောက်အဦများဝယ်ယူရန်ဘဏ္ဍာရေးအထောက်အပံ့များသို့မဟုတ်ချေးငွေများ လိုအပ်ဖွယ်ရှိသည်။ စျေးနှုန်းအတက်အကျကြမ်းသည့်သီးနှံများ စိုက်ပျိုးရေးနှင့်ပတ်သက်၍ လယ်သမားများအနေဖြင့်

---


[70] ၇၀ http://kampotpepper.com/

[71] ၇၁ http://www.thepepperquest.com/pepper-2/

ဈေးကောင်းရရန်စောင့်ရောင်းနိုင်စေရေးအတွက် ထိုသို့စောင့်ရောင်းသည့် အချိန်အတွင်း ဂငွေလိုအပ်ချက်များ ကာမိစေရန် စိုက်ပျိုးရေးချေးငွေရပန်ဆောင်မှုများလိုအပ်မည်ဖြစ်သည်။ လေ့ကျင့်သင်တန်းပေးရန် လိုအပ်မည့်စွမ်းရည် လိုအပ်ချက်များတွင် သိုလှောင်မှုနည်းပညာများ၊ စီးပွားရေး စီမံခန့်ခွဲမှုနှင့် စေ့စပ်ညှိနှိုင်းမှု စွမ်းရည်များ ပါဂင်နိုင်သည်။

**စိုက်ပျိုးရေးလုပ်ငန်း (တန်ဖိုးမြှင့်ထုတ်ကုန်များ)**
**ရိုးစင်းရှင်းလင်းသည့် တန်ဖိုးကွင်းဆက်**

လယ်ယာစိုက်ပျိုးရေးကဏ္ဍ (တန်ဖိုးမြှင့်ထုတ်ကုန်များ) အတွက် ရှင်းလင်းသည့် တန်ဖိုးကွင်းဆက်တစ်ခု၏ အဓိက အချက်များတွင် ကုန်ကြမ်းများ (လယ်ယာစိုက်ပျိုးရေးထုတ်ကုန်)၊ ပြင်ဆင်ခြင်း(အခွံနွှာခြင်း၊ ဖြတ်တောက်ခြင်း၊ အခြောက်ခံခြင်း၊ ကြိတ်ပါးခြင်း)၊ ထုတ်ပိုးခြင်း (လက်လီသို့မဟုတ်လက်ကား အတွက် ထုတ်ပိုးခြင်း)၊ သိုလှောင်ခြင်းနှင့် ပို့ဆောင်ခြင်း (ကုန်ပစ္စည်းများအားသိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်း) နှင့် ရောင်းဂယ်ဖောက်ကားခြင်းနှင့် ရောင်းချခြင်း (လက်လီနှင့်လက်ကား ရောင်းချခြင်း) တို့ ပါဂင်သည်။




**အလားအလာကောင်းသော စီးပွားရေးအခွင့်အလမ်းများနှင့် ဈေးကွက်များ**

လယ်ယာစိုက်ပျိုးရေးထုတ်ကုန်ကို တန်ဖိုးထပ်မြှင့်နိုင်သည့် အလားအလာရှိသော နည်းလမ်း များစွာရှိသည်။ ကယားပြည်နယ်တွင် လယ်ယာစိုက်ပျိုးရေးသက်မွေးဂမ်းကြောင်းအလုပ်များ၏ အရေးပါမှုကိုကြည့်လျှင် တနိုင်တပိုင် လယ်သမားများ စိုက်ပျိုးနေခဲ့ပြီးဖြစ်သည့် ထုတ်ကုန်အများစုမှာ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရန် ဖြစ်နိုင်ချေ ရှိသည်။ အောက်တွင်ဖော်ပြထားသည့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ကယားပြည်နယ်တွင် စိုက်ပျိုးနေပြီး လက်ရှိ ဈေးကွက်လည်း ရှိ၍ အသေးစားလုပ်ငန်းတစ်ခုစတင်ရန် ငွေကြေးရင်းနှီးမြှုပ်နှံမှု အနည်းငယ်သာ လိုအပ်သောကြောင့် ထိုထုတ်ကုန်များအား အလားအလာကောင်းသော ထုတ်ကုန်များအဖြစ် သတ်မှတ်ထားသည်။

**ဟင်းသီးဟင်းရွက်ဆီများ** - သဘာဂမြေသြဇာသုံး၍စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်ဆီများ (နမ်းစေ့၊ မြေပဲ၊ ထောပတ်သီး၊ ရွှေဖရုံစေ့၊ အုန်းသီး၊ ဒန့်သလွန်စေ့ စသဖြင့်) က နိုင်ငံတကာဈေးကွက်တွင် ဈေးကောင်းရရှိနိုင်ပါသည်။ မြို့နယ်အဆင့်၊ ကျေးရွာအုပ်စုရှိ ထုတ်လုပ်သူများ၏ သမဂါယမအသင်းများက ဆီကြိတ်ကိရိယာများနှင့် ဆက်စပ်သည့် အဆောက်အအုံများတွင် ၎င်းတို့၏ ငွေကြေးအရင်းအနှီးများအား စုပေါင်းရင်းနှီးမြှုပ်နှံနိုင်သည်။ မြန်မာနိုင်ငံ အခြားဒေသများ သို့မဟုတ် တရုတ်နိုင်ငံမှလာသည့် ပုလင်းများကိုအသုံးပြု၍ ဟင်းသီးဟင်းရွက်ဆီများကို ပုလင်းသွင်း နိုင်သည်။ သို့သော် ပုလင်းများ ပို့ဆောင်မှုက အကုန်အကျများပြီး လမ်းအခြေအနေများအပေါ် မူတည်၍ အန္တရာယ်ရှိသောကြောင့် မြန်မာနိုင်ငံတစ်ဂန်းနှင့် နိုင်ငံတကာဈေးကွက်များအထိ ပမာဏများပြားသော ဟင်းသီး

ဟင်းရွက်ဆီများ ပို့ဆောင်ရန် ထုတ်လုပ်သူများ၏ သမဂါယမအသင်းများအတွက် အစားထိုးနည်းလမ်းတစ်ရပ် လိုအပ်လိမ့်မည်ဖြစ်သည်။

**ပဲငံပြာရည်** - ကယားပြည်နယ်မှာ ပဲပုပ်စိုက်ပျိုးရေးအတွက် သင့်တော်သောပြည်နယ်ဖြစ်သည်။ စက်မှုနည်းလမ်းတကျ စိုက်ပျိုးထားသည့် ပဲပုပ်ပဲများအတွက် ကမ္ဘာ့ဈေးကွက်ကို အမေရိကန်ပြည်ထောင်စုနှင့် ဘရာဇီးနိုင်ငံတို့က လက်ဝါးကြီးအုပ်ထားရာ သဘာဝမြေသြဇာသုံး၍ စိုက်ပျိုးထားသည့် ပဲငံပြာရည် ထုတ်လုပ်မှုမှာ ကယားပြည်နယ်တွင် အလားအလာရှိသော လုပ်ငန်းတစ်ခု ဖြစ်လာနိုင်ပါသည်။ သဘာဝမြေသြဇာသုံး၍ စိုက်ပျိုးထားသည့် ပဲငံပြာရည်က နိုင်ငံတကာဈေးကွက်တွင် ဈေးကောင်းရရှိပါသည်။ လျှပ်စစ်ဖြင့်မောင်းနှင်သည့် စက်ကြီးများအသုံးမပြုဘဲ ပဲငံပြာရည်ကိုအသေးစားထုတ်လုပ်နိုင်ပါသည်။ ထုတ်လုပ်သည့် နည်းပညာများကို ထိုင်းနိုင်ငံရှိ အမျိုးသမီးများ ဦးဆောင်လုပ်ကိုင်သည့် စုပေါင်းလုပ်ငန်းတစ်ခုထံမှ လေ့လာသင်ယူနိုင်ပါသည်။ တို့ဟူးထုတ်လုပ်မှုမှာ နောက်ထပ် တန်ဖိုးမြှင့်စီးပွားရေးလုပ်ငန်း ဖြစ်လာနိုင်သည်။

**နမ်းယိုနှင့် မြေပဲယို** - နမ်းစေ့နှင့် မြေပဲနှစ်မျိုးစလုံးမှာ ကယားပြည်နယ်တွင် အများအပြား စိုက်ပျိုးသည့် သီးနှံများဖြစ်သည်။ ထိုသီးနှံနှစ်မျိုးစလုံးကို ဒေသထွက် ကြံ သို့ ဇီး သကြားနှင့်ပေါင်းစပ်၍ အရသာရှိသော မုန့်တစ်ခု ထုတ်လုပ်ခြင်းက နေရပ်ပြန် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အတွက် သင့်တော်သော တန်ဖိုးမြှင့်စီးပွားရေးတစ်ခု ဖြစ်လာနိုင်သည်။ ထိုသို့ယို ပြုလုပ်ရန် လိုအပ်သည့် ပစ္စည်းကိရိယာနှင့် အတတ်ပညာပိုင်းမှာ များစွာ ရှင်းလင်း လွယ်ကူသည်။ နမ်းယိုနှင့် မြေပဲယိုများကို ကယားပြည်နယ်အတွင်း သို့မဟုတ်မြန်မာနိုင်ငံအတွင်းရှိ အခြားဒေသများသို့ ရောင်းချနိုင်ပါသည်။ ထိုယို များတွင်ပါဝင်သည့် အရာများမှာ အသိအမှတ်ပြု သဘာဝမြေသြဇာသုံးစိုက်ပျိုးထားသည့် ပစ္စည်းများဖြစ်ပါက ၎င်းတို့ကို Go Green Myanmar[72]၇၂ and City Mart Marketplace ကဲ့သို့သော ရန်ကုန်မြို့ရှိ ကုန်စုံစတိုးဆိုင်များတွင် အရည်အသွေးမြင့် ပြည်တွင်းဖြစ်ထုတ်ကုန်တစ်ခုအဖြစ် ရောင်းချနိုင်ပါသည်။

ပြုပြင်ထားသောသစ်သီး - လိမ္မော်သီး၊ သရက်သီး၊ သစ္စာသီး၊ ငှက်ပျောသီး၊ သဘော်သီးနှင့် မကျည်းသီး အပါအဝင် ကယားပြည်နယ်၌ သစ်သီးပေါင်းစုံ စိုက်ပျိုးသည်။ တန်ဖိုးမြှင့်မုန့် သို့မဟုတ် သွားရေစာတစ်မျိုးမျိုး ပြုလုပ်ရန် ထိုသစ်သီးများအားလုံးကို အခြောက်ခံ သို့မဟုတ် တာရှည်ခံအောင် ပြုလုပ်နိုင်ပါသည်။ ပြုပြင်ထားသော သစ်သီးဖြင့် ပြုလုပ်သည့်မုန့်များကို မြန်မာနိုင်ငံတစ်ဝှမ်းသို့ ရောင်းချနိုင်သည်။ ပိုမိုကြီးမားသော လုပ်ငန်းအနေဖြင့် အခြောက်ခံထားသော သစ်သီးများကို သစ်သီးခြောက်ပါဝင်သောထုတ်ကုန်၊ ဥပမာ အနံ့ပါသည့် သစ်သီးခြောက်မုန့် နှင့် အစာသွပ်မုန့် ထုတ်လုပ်သူများ သို့ရောင်းချနိုင်ပါသည်။

**ထောပတ်သီးထုတ်ကုန်(ဆီ၊ဆပ်ပြာ၊ကြက်စာနှင့်ဇီဝမြေဆွေး)** – ထောပတ်သီးများကို ဒီမောဆိုးမြို့နယ် အနောက်ဖက် တောင်ကုန်းထူထပ်သော အပိုင်းတွင် စိုက်ပျိုးရာ ထောပတ်သီးကို အသုံးပြုသော တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်းမှာ ဒီးမောဆိုးမြို့နယ်အတွက် အထူးသင့်တော်မည်ဖြစ်သည်။ ဒီမောဆိုးမြို့နယ် အရှေ့ဖက်ပိုင်းနှင့်တောင်ဖက်ပိုင်းတွင် GAP စီမံကိန်းကျေးရွာအုပ်စုများရှိပြီး အဆိုပါကျေးရွာအုပ်စုများမှာ ၎င်းတို့၏ လုပ်ငန်းများအတွက် ကုန်ကြမ်းများ အဖြစ် ထောပတ်သီးများ ရရှိနိုင်မည်ဖြစ်သည်။ထောပတ်သီးများ စိုက်ပျိုးရာတွင် ဆီ၊ ဆပ်ပြာ ၊ကြက်စာနှင့် ဇီဝမြေဆွေး ထုတ်လုပ်မှုဟူ၍ အဓိကရွေးချယ်စရာ တန်ဖိုးမြှင့်ထုတ်ကုန် ၄ မျိုးရှိသည်။ ထောပတ်သီး၏ အသားကို ရနံ့ဆီပြုလုပ်ရန် သို့မဟုတ် ဆပ်ပြာထုတ်လုပ်ရန် အခြေခံတစ်ခုအဖြစ် အသုံးပြုနိုင်ပါသည်။ အရည်အသွေးမြင့် ထောပတ်ဆီကို အာဟာရကြွယ်ဝသော အလှကုန်ပစ္စည်းတစ်ခုခု သို့မဟုတ် အရည်အသွေးမြင့် ဟင်းချက်ဆီအဖြစ်

72 ၇၂ https://www.facebook.com/GoGreenMyanmar/

ရောင်းချနိုင်ပါသည်။ အစေ့ကိုမူ ကြက်စာပြုလုပ်ရန် သို့မဟုတ် ဇီဝမြေဆွေးထုတ်လုပ်ရန် အခြေခံ အဖြစ် အသုံးပြုနိုင်သည်။ ထောပတ်စိုက်ပျိုးရေးအတွက် ကနဦး ယေဘုယျကုန်ကျစရိတ်မှာ ကြီးမားသည်။ အဘယ်ကြောင့်ဆိုသော် ထောပတ်ပင် စိုက်ပျိုးရာတွင် အသီးသီးချိန်ထိ ၅နှစ်အထက် ကြာမြင့်ရာ ငွေပမာဏများစွာ မြုပ်နှံထားရမည်ဖြစ်သည်။ သို့သော် အသီးရှူးဆွတ်နိုင်သည်နှင့် ထောပတ်ခြံများမှာ အမြတ်အစွန်းများနိုင်သည်။ အထူးသဖြင့် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းကြောင့် ဖြစ်သည်။[73]၇၃

**ပျားမွေးမြူရေး** - လက်လီရောင်းချရန်အတွက် စားသုံးသူများ ကြိုက်နှစ်သက်သည့် အရွယ်အစားအလိုက် ပုလင်းများအဖြစ် ထုပ်ပိုးနိုင်သည့် အချက်အချာကျသော နေရာတစ်ခုသို့ ပျားရည်များကိုစုစည်း ပို့ဆောင်နိုင်ပါသည်။ပျားရည်ဘေးထွက်ပစ္စည်းများထုတ်လုပ်မှု (ဆေးဘက်ဝင်သောဖြည့်စွက်စာများ၊ပျားဖယောင်းတိုင်) တို့ကို ကျေးရွာအုပ်စုများအတွင်းသို့မဟုတ် နေရာအချက်အချာကျသောစက်ရုံတစ်ရုံ၌ အပိုဝင်ငွေရရှိသော လုပ်ငန်းများအဖြစ် လုပ်ကိုင်နိုင်ပါသည်။ ပျားမွေးမြူရေး၏ နောက်ထပ်အကျိုးကျေးဇူးများတွင် ပတ်ဝန်းကျင်ခြံများရှိ စီးပွားဖြစ် စိုက်ပျိုးသော သီးနှံများ ဝတ်မှုန်ကူးမှု တို့ ပါဝင်သည်။

**ဆေးဘက်ဝင်အပင်များမှ ထုတ်လုပ်သည့် ဆေးများ** - ဆေးဘက်ဝင်ထုတ်ကုန်များအား ပြည်ပသို့တင်ပို့ချိန်တွင် အရည်အသွေးအသိအမှတ်ပြုမှုဆိုင်ရာ ပြဿနာ ဖြစ်လာဖွယ်ရှိသော်လည်း ဆေးဘက်ဝင်အပင်များမှ ထုတ်လုပ်သည့် ဆေးများမှာ မြန်မာနိုင်ငံသာမက နိုင်ငံတကာတွင်ပါ လူကြိုက်များသော ထုတ်ကုန်တစ်မျိုးဖြစ်သည်။ ကယားပြည်နယ်၌ စိုက်ပျိုးသည့် မြောက်များလှစွာသော ဆေးဘက်ဝင်အပင်များကို ဆေးများအဖြစ် ထုတ်လုပ်နိုင် သည်။ အထူးသဖြင့် ဒန့်သလွန်ရွက်မှုန့်နှင့် သင်္ဘောသီးအင်ဖိုင်းတို့မှာ ထိပ်တန်း ဓာတ်စာများ အဖြစ် ထင်ရှားသည်။

**ရွှေဖရုံသီးမှုန့်** - ရွှေဖရုံသီးမှာ ဓာတ်တိုးဆန့်ကျင်သတ္တိများအပါအဝင် အာဟာရများနှင့် ပရိုတိန်း ကြွယ်ဝစွာ ပါဝင်သည့် နှုတ်မြိန်သီးနှံဖြစ်သည်။ ရွှေဖရုံသီးစေ့၏ အဆီမှာ ဈေးကောင်းပြီး ရေပန်းစားနေသော ထုတ်ကုန်တစ်မျိုးဖြစ်သည်။ အခြောက်ခံထားသည့် ရွှေဖရုံသီး၏အသားကို အာဟာရပြည့်ဝသည့် ရွှေဖရုံသီးမှုန့် (ရွှေဖရုံသီး၏အသား ၁၀ ကီလိုဂရမ်ကအမှုန့်၁ကီလိုဂရမ်ထုတ်လုပ်သည်) ထုတ်လုပ်ရန်အသုံးပြုနိုင်ပါသည်။ ဤတန်ဖိုးမြှင့်လုပ်ငန်းစဉ်တွင် ရွှေဖရုံသီး၏ အစိတ်အပိုင်း အားလုံးကို အသုံးပြုသည်ဖြစ်ရာ ကြီးမားလတ်ဆတ်သည့် ရွှေဖရုံသီးများမှာ ပို့ဆောင်ရန် ခက်ခဲပြီး သယ်ယူစရိတ်ကြီးမြင့်သည့်အတွက် ရွှေဖရုံသီးမှုန့်ထုတ်လုပ်ရေးမှာ ဝေးလံခေါင်ဖျားသော ဒေသများအတွက် သာသင့်တော်ပါသည်။

**ဇီဝမြေဆွေးထုတ်လုပ်မှု** - ဇီဝမြေဆွေးဆိုသည်မှာသဘာဝမြေသြဇာကို အသုံးပြုစိုက်ပျိုးသော လယ်ယာစိုက်ပျိုးရေးအတွက် မြေသြဇာအဖြစ် အသုံးပြုသည့် ကာဗွန်မီးသွေး အမျိုးအစားတစ်ခုဖြစ်သည်။ မြေဆွေးထုတ်လုပ်ရန်အတွက် ကုန်ကြမ်းပစ္စည်းအမျိုးမျိုးအား အသုံးပြုနိုင်ရာ မြေဆွေးထုတ်လုပ်မှုသည် အခြား စီးပွားရေးလုပ်ငန်းများစွာနှင့် ဆက်စပ်သည့် တန်ဖိုးမြှင့်လုပ်ဆောင်ချက်တစ်ရပ် ဖြစ်နိုင်သည်။ ဥပမာ မြေဆွေးကို ထောပတ်သီးခွံများ စွန့်ပစ်ရာကျင်းများ၊ သရက်သီးခွံ စွန့်ပစ်ရာ ကျင်းများ၊ အုန်းသီးခွံများမှ ပြုလုပ်နိုင်ပါသည်။ ပြုပြင်ထားသော မြေဆွေးများကို ဒေသတွင်း သို့မဟုတ် ထိုင်းနိုင်ငံရှိ သဘာဝမြေသြဇာသုံးလယ်သမားများထံ ရောင်းချနိုင်သောကြောင့် ထုတ်လုပ်သူများအတွက် ဝင်ငွေရရှိကာ တစ်ချိန်တည်းမှာပင် ဒေသတွင်း ဓာတုကင်းလွတ်လယ်ယာစိုက်ပျိုးရေးကို အထောက်အကူဖြစ်စေပါသည်။ (ဂါးကဲ့သို့သော) ပစ္စည်းအချို့မှ ပြုလုပ်သည့် မြေဆွေးများကို အရည်အသွေး ကောင်းမွန်သော သဘာဝလေသန့်စင်သည့် ထုတ်ကုန်တစ်မျိုးပြုလုပ်ရန်အသုံးပြုနိုင်ပါသည်။

---

[73] ၇၃ Edward A. Evans and Ingrid Bernal Lozano၊ ဒီဇင်ဘာ ၂၀၁၄၊ ဖလော်ရီဒါပြည်နယ် အတွက် ထောပတ်သီး ထုတ်လုပ်ရေးစရိတ်နှင့် အမြတ်အစွန်းရနိုင်မှုအားဆန်းစစ်ခြင်းနမူနာ။ UF/IFAS Extension Document FE83700, http://edis.ifas.ufl.edu/pdffiles/FE/FE83700.pdf

**ဆန်ပိုင်(ခေါင်ရည်)** - ကယားပြည်နယ်တွင် လူကြိုက်များသော သောက်ဖွယ်တစ်မျိုးဖြစ်သည့် ရိုးရာဆန်ပိုင်ကို ကျေးလက်ဒေသများတွင် ထုတ်လုပ်နိုင်ပြီး အနီးအနားဒေသများရှိ စားသောက်ဆိုင်များသို့ ရောင်းချနိုင်ပါသည်။[74]

ပန်းဂျုံ - ဂျပန်နိုင်ငံတွင် လူကြိုက်များသော အရည်အသွေးကောင်းမွန်သည့် ခေါင်းအုံးများ ပြုလုပ်ရန် ပန်းဂျုံစေ့ကို အသုံးပြုနိုင်ပါသည်။ ပန်းဂျုံမှ ချက်လုပ်ထားသည့် ယမကာ (ဆိုဂျူး၊ ဗော့ကာ၊ ဂီစကီ အစရှိသည်) အား ဂျပန်၊ ကိုရီးယား၊ တရုတ်နှင့် ထိုင်းနိုင်ငံရှိ ဈေးကွက်များသို့ တင်ပို့နိုင်ပါသည်။

**ဂျဉ** - အခြောက်ခံအချောင်းကြော် သို့မဟုတ် အမှုန့်အဖြစ်ပြုပြင်ထားသည့် အဝါရောင်နှင့်အနီရောင် ဂျဉမျိုးများက မကြာသေးမီနှစ်များအတွင်းမြန်မာနိုင်ငံတစ်ဝှမ်းရှိလယ်သမားများအတွက်အမြတ်အစွန်းများသောလယ်ယာစိုက်ပျိုးရေးဆိုင်ရာပို့ကုန်တစ်ခုအဖြစ် သက်သေပြခဲ့သည်။ ဂျဉများအတွက် အကြီးမားဆုံး ပို့ကုန်ဈေးကွက်များမှာ ဂျပန်နှင့် တရုတ်နိုင်ငံတို့ဖြစ်သော်လည်းအလားအလာရှိသောဈေးကွက်များမှာ စင်ကာပူ၊ထိုင်ဝမ်၊တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်သည်။ ပြုပြင်ထားသော ဂျဉများအတွက် ပြည်တွင်းဈေးကွက်မှာ သေးငယ်သော်လည်း ကယားပြည်နယ် ရှိ စီးပွားရေးလုပ်ငန်းများအနေဖြင့် အစေ့များ၊ ပျိုးပင်များကို ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်ကဲ့သို့သော အခြားဒေသများ သို့ ရောင်းချနိုင်ပါသည်။ Myanmar Institute for Integrated Development က ဆောင်ရွက်စေခဲ့သည့် ချင်းပြည်နယ်ရှိ ဂျဉ ထုတ်လုပ်မှုအပေါ်လေ့လာမှုတစ်ရပ်တွင် တောင်သူများဝင်ငွေတိုးမြင့်ရရှိလာနိုင်စေရန် အကြံပြုချက်များ ပေးခဲ့ပြီး ၎င်းအကြံပြုချက်များအား ကယားပြည်နယ်တွင် အသုံးချနိုင်သည်။[75] ဂျပန်နိုင်ငံက ပြည်တွင်းထုတ်လုပ်သူများကို အကာအကွယ်ပေးရန် သွင်းကုန်များအပေါ်စည်းကြပ်ခွန်ကောက်ခံမှုရှိသော်လည်း မြန်မာနိုင်ငံကမူ ပမာဏ အတိုင်းအတာ တစ်ခုအထိ စည်းကြပ်ခွန်ကင်းလွတ်ခွင့် ပေးထားသည်။[76] ၂၀၁၃ ခုနှစ်တွင် မြန်မာအစိုးရသည် ဂျဉ အား 'သစ်တောထွက်ကုန်' တစ်မျိုးထက် 'ဥယျာဉ်ခြံထွက်သီးနှံ' တစ်မျိုးအဖြစ် စတင်သတ်မှတ်ခဲ့ပြီး ၎င်းသည် ပို့ဆောင်မှုနှင့် ရောင်းချမှုနှင့်သက်ဆိုင်သည့်စည်းမျဉ်းစည်းကမ်းဆိုင်ရာဂန်ထုပ်ဂန်ပိုးများကိုဖြေလျော့စေခဲ့သည်။[77] "အာရုဏ်ဦး" ဂျဉ စိုက်ပျိုးသူများနှင့်ရောင်းဝယ်သူများအသင်း (AYO Association) မှာ တောင်သူများ ဂျဉစိုက်ပျိုးရာတွင် သစ်တောအခြေပြုစိုက်ပျိုးရေးမှ ပုံမှန်စိုက်ပျိုးရေးသို့ ပြောင်းလဲရန် အားပေးတိုက်တွန်းရာတွင် အရေးပါခဲ့သည်။[78][၇၈]

## ကုန်ကြမ်းနှင့် နည်းပညာပိုင်းအကူအညီ လိုအပ်ချက်များ

တန်ဖိုးမြှင့် ထုတ်လုပ်မှု နည်းပညာပိုင်းဆိုင်ရာ အကူအညီတွင် ဆီကြိတ်ခြင်း၊ အမှုန့်ကြိတ်ခွဲခြင်း၊ ပျားအုံစီမံခန့်ခွဲမှု၊ မြေဆွေးထုတ်လုပ်မှု၊ အချက်အလက်သိုလှောင်ခြင်းတို့ ပါဝင်မည်။ တန်ဖိုးမြှင့်ထုတ်ကုန်များ ပြုပြင်၊ပြင်ဆင်၊ သိုလှောင်၊ပို့ဆောင်၊ဈေးကွက်တင် ရောင်းချရန် ကျေးရွာအဆင့် သမဂါယမအသင်းအဖွဲ့များ တည်ထောင်ရာတွင် ဒေသခံ အသိုင်းအဝိုင်းများအနေဖြင့် နည်းပညာပိုင်းဆိုင်ရာလေ့ကျင့်ရေးသင်တန်းများမှ အကျိုးကျေးဇူး ခံစားရဖွယ်ရှိသည်။ တန်ဖိုးမြှင့် ထုတ်လုပ်မှု လုပ်ငန်းများတွင် ကနဦး ရင်းနှီးမြှုပ်နှံမှုများအတွက် ကာမိစေရန် ဘဏ္ဍာရေးအကူအညီ

[74] ၇၄ https://kite-tales.org/en/article/rice-wine-crop-cup

[75] ၇၅ Myanmar Institute for Integrated Development (MMID), ဇန်ဇဝါရီ ၂၀၁၇။ ချင်းပြည်နယ်တောင်ပိုင်း ဂျဉထုတ်လုပ်မှု-တန်ဖိုးကွင်းဆက် ဆန်းစစ်လေ့လာချက်။ စာ ၄ (MIID ၂၀၁၇) http://vcbnetwork.org/wp-content/uploads/2017/11/MIID-Value-Chain-Elephant-Foot-Yam.pdf

[76] ၇၆ MIID ၂၀၁၇၊ စာ ၁၆

[77] MIID ၂၀၁၇၊ စာ ၂၁


[78] MIID ၂၀၁၇၊ စာ ၂၂

သို့မဟုတ် ချေးငွေများအသုံးပြုနိုင်ပြီး ဆီကြိတ်စက်ကဲ့သို့ ဈေးကြီးသော ပစ္စည်းကိရိယာများတွင် ပမာဏများပြားသော ရင်းနှီးမြှုပ်နှံမှုများအတွက် ငွေပေးချေရန် ကာလရှည်ချေးငွေများ လိုအပ်ဖွယ်ရှိသည်။

**လယ်ယာစိုက်ပျိုးရေး (မွေးမြူရေး)**

**ရှင်းလင်းသည့် တန်ဖိုးကွင်းဆက်**

လယ်ယာစိုက်ပျိုးရေး (မွေးမြူရေး) ကဏ္ဍအတွက် ရှင်းလင်းသည့် တန်ဖိုးကွင်းဆက်တစ်ခု၏ အဓိကအချက်များတွင် တိရိစ္ဆာန်များ (တိရိစ္ဆာန်များအား သားဖောက်မွေးမြူခြင်း သို့မဟုတ် တိရိစ္ဆာန်ပေါက်များ) ဝယ်ယူခြင်း၊ တိရိစ္ဆာန်စာများ (အခြားဒေသခံအသေးစားနှင့်အလတ်စားလုပ်ငန်းများမှဝယ်ယူရန်အကောင်းဆုံးဖြစ်) ဝယ်ယူခြင်း၊ တိရိစ္ဆာန်များကို ထိန်းကျောင်းခြင်း (အိမ်ပတ်ဝန်းကျင်သို့မဟုတ် စားကျက်မြေတွင်)၊ (အသား သို့မဟုတ် တိရိစ္ဆာန်များကို ပို့ဆောင်ခြင်း၊ သားသတ်ခြင်းနှင့် ဈေး၌ရောင်းချခြင်းတို့ပါဝင်သည်။




**အလားအလာကောင်းသော စီးပွားရေးအခွင့်အလမ်းများနှင့် ဈေးကွက်များ**

ကယားပြည်နယ် ကျေးလက်ဒေသများတွင် တိရိစ္ဆာန်မွေးမြူမှုမှာ အိမ်ထောင်စုအရွယ်အစားပေါ် မူတည်ကြောင်း GAP စီမံကိန်းမိတ်ဖက်များကပြုလုပ်သည့် စီးပွားရေးနှင့်သက်မွေးဝမ်းကြောင်းစစ်တမ်းက တွေ့ရှိခဲ့သည်။ မွေးမြူရေးကဏ္ဍမှာ နေရပ်ပြန်အမျိုးသမီးစွန့်ဦးလုပ်ငန်းရှင်များအတွက် အရေးကြီးသောအလားအလာရှိသည့်ကဏ္ဍတစ်ခုအဖြစ် သတ်မှတ်ထားသည်။ အဘယ်ကြောင့်ဆိုသော် ကယားပြည်နယ်၏လူဦးရေသိပ်သည်းဆနည်းပါးမှုက ပြည်နယ်အတွင်း ပိုလျှံသောစားကျက်မြေများရှိနေသည့် အဓိပ္ပါယ်ပင်ဖြစ်သည်။ ဒေသခံများက ၎င်းတို့၏ အိမ်သုံးအိမ်သားများ စားသုံးရန် တိရိစ္ဆာန်များ မွေးမြူသည့် အတွေ့အကြုံရှိပြီးဖြစ်သည့်အပြင် ဒေသခံအများစုက တိရိစ္ဆာန်စာအဖြစ် အသုံးပြုနိုင်သည့် ပြောင်းဖူးကိုစိုက်ပျိုးကြရာအသေးစားမွေးမြူရေးလုပ်ငန်းများကိုကယားပြည်နယ်ကျေးလက်ဒေသရှိ ရှိယင်းစွဲ သက်မွေးဝမ်းကျောင်း အလုပ်အကိုင်များအဖြစ် အလွယ်တကူပြောင်းလဲပစ်နိုင်ပါသည်။ လယ်ယာစိုက်ပျိုးရေး ပြန်လည်လုပ်ကိုင်ရန် ဆန္ဒရှိသော်လည်းလူနေမှုအဆင့်အတန်းတိုးတက်လာစေရန် (အထူးသဖြင့် သောက်သုံးရေ-တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပညာရေးဖက်တွင်) အတွက် ဝင်ငွေတိုးလုပ်ငန်းများကိုလက်လှမ်းမီလုပ်ကိုင်ရရှိလိုကြောင်း ဒုက္ခသည်အများစုက ပြောကြားခဲ့ကြောင်း GAP စီမံကိန်း၏ မိတ်ဖက်များမှ လုပ်ဆောင်သည့် စစ်တမ်းများအရသိရသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ တိရိစ္ဆာန်မွေးမြူရေးမှာသင့်တော်သောစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်ပေါ်လွင်နေသည်။ ကယားပြည်နယ်ကျေးလက်ဒေသများတွင် တိရိစ္ဆာန်မွေးမြူမှု များပြားလာခြင်းက ဒေသခံများ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ဝင်ငွေများကို တိုးတက်လာစေမည်ဖြစ်သည်။

ကယားပြည်နယ်အတွင်း၊ အခြားပြည်နယ်များနှင့် နိုင်ငံတကာဈေးကွက်များတွင် တိရိစ္ဆာန်အသား ဝယ်လိုအားမြင့်တက်လျက်ရှိသည်။ကယားပြည်နယ်မှ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ပြည်နယ်သို့ တရားဝင် မွေးမြူရေးတိရိစ္ဆာန်

ကုန်သွယ်မှု ယခင်ကတည်းက ရှိခဲ့သည်။ တရုတ်နိုင်ငံမှာ သိသာထင်ရှားသော ဈေးကွက်တစ်ခု ဖြစ်လာမည်ဖြစ်ပြီး ဂုဏ်သား၊ ကြက်သားနှင့် အမဲသားများအတွက် တရုတ်နိုင်ငံ၌ အလျင်အမြန် ဝယ်လိုအားကြီးမားလာသော ဈေးကွက်တစ်ခုရှိသည်။[79] နေရပ်ပြန်စွန့်ဦးလုပ်ငန်းရှင်များအတွက် အလားအလာကောင်းသော မွေးမြူရေး လုပ်ငန်းတွင် ဝက်များ (အသား)၊ ကြက်များ (အသားနှင့်ဉ)၊ နွားမများ (အသား နှင့် နို့) ကျွဲများနှင့်ဆိတ်များပါဝင်မည်ဖြစ်သည်။

**ကုန်ကြမ်းနှင့် နည်းပညာအကူအညီ လိုအပ်ချက်များ**

နေရပ်ပြန်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အနေဖြင့် ကနဦးအစတွင် ခြံမွေးတိရိစ္ဆာန်များ ဝယ်ယူရန် ငွေကြေး အကူအညီများ လိုအပ်ဖွယ် ရှိပါသည်။ ၎င်းတို့ မွေးမြူထားသော တိရိစ္ဆာန်များမရောင်းချမီ လယ်သမားများ၏ ဝင်ငွေကွာဟချက်ကာမိစေရန် စိုက်ပျိုးရေးဆိုင်ရာချေးငွေများလည်း လိုအပ်ဖွယ်ရှိသည်။ ကျေးလက်ဒေသများသို့ တိရိစ္ဆာန် ကုသရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများပိုမိုရရှိလာမှုက တိရိစ္ဆာန်မွေးမြူရေးကဏ္ဍရှင်သန်ရေးအတွက် အရေးကြီး လာမည်ဖြစ်ပြီး အထူးသင်တန်းပေးမှုမှာလည်း လူငယ်များအတွက်သက်မွေးဝမ်းကျောင်း သင်တန်းပုံစံ တစ်ခု ဖြစ်လာမည်ဖြစ်သည်။

**သစ်သီးခြံများနှင့် စိုက်ပျိုးရေးသစ်တော (Agroforestry)**

**ရှင်းလင်းသည့် တန်ဖိုးကွင်းဆက်**

သစ်သီးခြံများနှင့် စိုက်ပျိုးရေးသစ်တောအတွက် ရှင်းလင်းလွယ်ကူသော တန်ဖိုးကွင်းဆက်တစ်ခု၏ အဓိကအချက်များတွင် ပျိုးပင်များဝယ်ယူခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်ပင်များကိုစောင့်ရှောက်ခြင်း၊ ဆွတ်ခူးခြင်း၊ ပြုပြင်ခြင်း၊ ပို့ဆောင်ခြင်းနှင့် ရောင်းချခြင်းတို့ပါဝင်သည်။




**အလားအလာကောင်းသော စီးပွားရေးအခွင့်အလမ်းများနှင့် ဈေးကွက်များ**

သစ်သီးခြံများမှာ အမြတ်အစွန်းများသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်လာနိုင်ပြီး ကယားပြည်နယ်အတွက် အလားအလာကောင်းသော အပင်မျိုးစိတ်များမှာ သရက်၊ ထောပတ်၊ ကော်ဖီ၊ ကိုကိုးပင်နှင့် ဒန့်သလွန်ပင်တို့ ဖြစ်သည်။ ခြံစိုက်ပျိုးရေးမှာ ကာလရှည်ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီး ရေတိုအနေဖြင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံမှုအပေါ် အနုတ်သဘောဆောင်သော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်ကို သတိမူသင့်ပါသည်။ သစ်သီးခြံလုပ်ငန်းအတွင်းဝင်ရောက်ရန် ပြင်ဆင်နေကြသည့် အသေးစားစွန့်ဦးလုပ်ငန်းရှင်များအတွက် မြေယာအလုံ အလောက်

[79] ၇၉ အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT)၊ ဇူလိုင် ၂၀၁၅။ LIFT ကုန်းမြင့်ဒေသ အစီအစဉ်-နယ်ပယ်ဆန်းစစ်ရေး အစီရင်ခံစာ၊ စာ၂၃။ https://themimu.info/sites/themimu.info/files/documents/Report_LIFT_Upland_Programme_Scoping_Report_LIFT_July2015.pdf


ရရှိရေး၊ မျိုးစေ့နှင့်ပျိုးပင်များရရှိရေး၊ မတူညီသော သစ်သီးပင်များကိုပြုစုစောင့်ရှောက်ရန် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ပျိုးပင်များစိုက်ပျိုးခြင်းနှင့် ပထမဆုံးသစ်သီးဆွတ်ခူးချိန်ကြား ဝင်ငွေနည်းပါးသည့်နှစ်များအတွင်း လယ်သမားများအတွက်လိုအပ်သော ငွေကြေးအကူအညီရရှိမှုအပါအဝင် မြောက်များလှစွာသော အခက်အခဲ အတားအဆီးများရှိနေပါသည်။ ထောပတ်နှင့် ကော်ဖီကဲ့သို့သော အပင်မျိုးများအတွက် ရင်းနှီးမြှုပ်နှံမှုကာလမှ ငွေကြေးပြန်လည်ရရှိနိုင်မှုမှာ ၅ နှစ်သို့မဟုတ် ၅ နှစ်ကျော်ကြာမြင့်နိုင်ပါသည်။ ငွေကြေးအရင်းအနှီး အကန့် အသတ် ရှိသော နေရပ်ပြန်အမျိုးသမီးစွန့်ဦးလုပ်ငန်းရှင်များအတွက် ပိုမိုအလားအလာကောင်းသော အခွင့်အလမ်းမှာ ပိုမိုကြီးမားသော စီးပွားရေးလုပ်ငန်းများနှင့် အစိုးရ၏ စိုက်ပျိုးရေးစီမံချက်များသို့ အရည်အသွေးမြင့် သစ်ပင်ပျိုးပင်များ ရောင်းချရန် သစ်ပင်ပျိုးခင်းတစ်ခု တည်ထောင်ခြင်းဖြစ်နိုင်ပါသည်။

## ကုန်ကြမ်းနှင့် နည်းပညာအကူအညီ လိုအပ်ချက်များ

ရှားတောမြို့နယ်တွင် ကော်ဖီစိုက်ပျိုးသူများအဖွဲ့တစ်ခု တည်ထောင်ခြင်းအပါအဝင် ကော်ဖီ၊ထောပတ်၊ လက်ဖက်နှင့်လိမ္မော်များကဲ့သို့သော နှစ်ရှည်သီးနှံများအား စမ်းသပ်စိုက်ပျိုးမှုအချို့ပြုလုပ်ခဲ့သည်။ GAP စီမံကိန်းမိတ်ဖက်များနှင့် တွေ့ဆုံမေးမြန်းမှုများအရ ဒေသခံပြည်သူများက ကော်ဖီစိုက်ပျိုးရေးမှ ရရှိမည့် စီးပွားရေးအခွင့်အလမ်းများကို စိတ်ဝင်စားမှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သော်လည်း ကော်ဖီကို မသောက်ကြသလို သို့မဟုတ် ကော်ဖီကို မည်ကဲ့သို့ချက်ရမည်ကို မသိကြပေ။ ယေဘူယျအားဖြင့် သစ်တောစိုက်ပျိုးရေးလုပ်ငန်းများ စိုက်ပျိုးရေးနှင့် ထိန်းသိမ်းရေးအတွက် နည်းပညာအကူအညီလိုအပ်မည်ဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။ သီးသန့် သစ်ပင်မျိုးစိတ်များအား ပြုစုစောင့်ရှောက်မှုနှင့် ပတ်သက်၍ နည်းပညာအကူအညီပေးအပ်ခြင်းက နေရပ်ပြန် စွန့်ဦးလုပ်ငန်းရှင်မျာ းအတွက် အကျိုးရှိစေမည်ဖြစ်သည်။ စိုက်ပျိုးရန်အတွက် မြေယာပြုပြင်ခြင်းနှင့် မျိုးစေ့များ သို့မဟုတ် ပျိုးပင်များ ဝယ်ယူခြင်းကဲ့သို့သော ကနဦးရင်းနှီးမြှုပ်နှံမှုများအား ကာမိစေရန် ဘဏ္ဍာရေးအကူအညီများ လိုအပ်နိုင်ဖွယ်ရှိသည်။ အချို့အပင်များမှ ဝင်ငွေရရှိရန်မှာ ၅ နှစ်ကျော်ကြာမြင့်နိုင်သည့်အတွက် ထိုကာလအတွင်း ဝင်ငွေလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ရေရှည်ဘဏ္ဍာရေးအကူအညီ သို့မဟုတ် အခြား ဝင်ငွေရလမ်းတစ်ခုကို ဖန်တီးပေးရန် လိုအပ်လိမ့်မည်။

## သစ်မဟုတ်သော သစ်တောထွက်ထုတ်ကုန်များ (NTFP)
## ရှင်းလင်းသည့် တန်ဖိုးကွင်းဆက်

သစ်မဟုတ်သော သစ်တောထွက်ထုတ်ကုန်များ ကဏ္ဍအတွက် ရှင်းလင်းသည့် တန်ဖိုးကွင်းဆက်တစ်ခု၏ အဓိကအချက်များတွင် သဘာဝသစ်တောများရရှိခြင်း၊ သဘာဝသစ်တောများကို စီမံကိုင်တွယ်ခြင်း၊ သစ်မဟုတ်သော ထုတ်ကုန်ပစ္စည်းများအား ရိတ်သိမ်းခြင်း၊ သစ်မဟုတ်သော သစ်တောထုတ်ကုန်များအားပြုပြင်ခြင်း၊ ပို့ဆောင်ခြင်းနှင့် ရောင်းချခြင်းတို့ပါဝင်သည်။




**အလားအလာကောင်းသော စီးပွားရေးအခွင့်အလမ်းများနှင့် ဈေးကွက်များ**

သစ်မဟုတ်သော သစ်တောထုတ်ကုန်များကဏ္ဍမှာ စိတ်ဝင်စားစရာ ကောင်းပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါကဏ္ဍက သစ်တောကို အမှီပြုနေရသည့် ရပ်ရွာလူထုများကို စဉ်ဆက်မပြတ်သော ဝင်ငွေရင်းမြစ်တစ်ခု ရရှိစေနိုင်သည့်အပြင် သဘာဝယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်မှုကို အားပေးသည့် နည်းလမ်းတစ်ခုအဖြစ် သဘာဝသစ်တောများအား စီမံခန့်ခွဲမှုမှတစ်ဆင့် ဒေသခံအသိုင်းအဝိုင်း၏ မြေယာပိုင်ဆိုင်ခွင့်ကို ခိုင်မာလာစေပါသည်။ သစ်မဟုတ်သော သစ်တောထုတ်ကုန်လုပ်ငန်းများ ထူထောင်မှုက ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်ခွင့် ထိန်းသိမ်းရန် နှင့် ကာကွယ်ရန်အတွက် မဟာဗျူဟာတစ်ခုဖြစ်လာနိုင်ပါသည်။

ကယားပြည်နယ်ရှိ အလားအလာကောင်းသော သစ်မဟုတ်သော သစ်တောထုတ်ကုန်များတွင် ကြိမ်၊ မျှစ်ချဉ်၊ ပျားရည် နှင့် ဖယောင်း၊ သဘာဝမှို (ဥပမာတောင်ပို့မှို)၊ သဘာဝ ဂဉ၊ ချင်းနှင့် သစ်ခွတို့ပါဝင်သည်။

GAP စီမံကိန်းမိတ်ဖက်များနှင့် တွေ့ဆုံ မေးမြန်းမှုများတွင် ဖော်ပြထားသည့်အတိုင်း ဒေသခံပြည်သူ မျိုးဆက်ပေါင်းများစွာသည် သစ်မဟုတ်သော သစ်တောထုတ်ကုန်ပစ္စည်းများကို အိမ်အတွက် ရယူအသုံးပြုခဲ့ကြသည်။ နေရပ်စွန့်ခွာရွှေ့ပြောင်းရသူများသည် အသက်ရှင်နေထိုင်ရေးနှင့် ဝင်ငွေအနည်းငယ် ရရှိရန် သစ်မဟုတ်သော သစ်တောထုတ်ကုန်အမျိုးမျိုးအပေါ် ဆယ်စုနှစ်ပေါင်းများစွာကြာ မှီခို အားထားခဲ့ကြသည်။[80] ၈၀ မကြာသေးမီက စတင်ပေါ်ပေါက်လာသည့် စီးပွားဖြစ်သီးနှံရိတ်သိမ်းမှု (အထူးသဖြင့်တရုတ်ဈေးကွက်သို့တင်ပို့ရန်) များကြောင့် အလွန်အကျွံရိတ်သိမ်းဆွတ်ခူးမှုကို ဖြစ်စေပြီး တန်ဖိုးအရှိဆုံး သစ်မဟုတ်သောသစ်တောထုတ်ကုန်များ သိသိသာသာ လျော့ပါးပြုန်းတီးလာခဲ့သည်။ သစ်ထုတ်လုပ်မှုလုပ်ငန်းကြောင့် ဖြစ်ပွားသည့် သစ်တောပြုန်းတီးမှုက သစ်မဟုတ်သော သစ်တောထုတ်ကုန်အများစု ကြီးထွားရှင်သန်ရေးအတွက် လိုအပ်သည့် နေရာအများစုကိုဖျက်ဆီးပစ်ခဲ့သည်။ ထိုအချက်မှာ စိန်ခေါ်မှုတစ်ခု ဖြစ်သော်လည်း အခွင့်အလမ်းတစ်ခု ဖြစ်နေပြန်သည်။ အလွန်အကျွံခူးဆွတ်မှုမှ ကာကွယ်တားဆီးရန်အတွက် ဘက်စုံပါဝင်သည့် သစ်မဟုတ်သော သစ်တောထုတ်ကုန်များ စီမံခန့်ခွဲမှု စီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်သည်။ သို့ရာတွင် သစ်မဟုတ်သော သစ်တောထုတ်ကုန်များ၏ ဝယ်လိုအားနှင့် ရှားပါးမှုက တရုတ်နှင့် အခြားဈေးကွက်များတွင် ဈေးကောင်း ရရှိနိုင်သည် ဆိုသောအဓိပ္ပာယ်ပင် ဖြစ်သည်။

အခြားတစ်ဖက်တွင်သစ်မဟုတ်သောသစ်တောထုတ်ကုန်များကို အခြေခံသောစီးပွားရေးလုပ်ငန်းများမှာအမျိုးသမီးများ အလုပ်လုပ်ကိုင်ရာကျေးရွာအုပ်စုများရှိ အမျိုးသမီးများအတွက် သင့်တော်ဖွယ်မရှိကြောင်း KNWO ကအကြံပြုခဲ့သည်။ ကယားပြည်နယ်ကျေးလက်ဒေသရှိ အမျိုးသမီးအချို့မှာ သစ်မဟုတ်သော သစ်တောထုတ်ကုန် များကို အခြေခံသော စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ချီတုံချတုံဖြစ်ခဲ့နေခဲ့သည်။ အကြောင်းရင်းမှာ သစ်မဟုတ်သော သစ်တောထုတ်ကုန်ပစ္စည်းများကိုအခြေခံသော စီးပွားရေးလုပ်ငန်းများမှာ ပုံမှန်ဝင်ငွေရရှိနိုင်သည့် လုပ်ငန်းမဟုတ်သည့်အပြင်

---

[80] ၈၀ BERG ၂၀၁၀, စာ ၂၂

ထိုလုပ်ငန်းများမှာ သဘာဝအားဖြင့်ရာသီအလိုက်သာဝင်ငွေရရှိပြီး အထွက်နှုန်းမှာလည်း ကြိုတင်မခန့်မှန်းနိုင်ပေ။ အမြတ်အစွန်းများသော သစ်မဟုတ်သောသစ်တောထုတ်ကုန်များမှာ ရိတ်သိမ်းနေဆဲ သို့မဟုတ် အလွန်အကျွန် ရိတ်သိမ်းပြီးဖြစ်သည်။ ထို့အပြင်မြေယာလုပ်ပိုင်ခွင့်မရှိခြင်းကြောင့် အမြတ်အစွန်းများသောထိုလုပ်ငန်းကို အခြားသူများ က လွှဲယူမည် ကိုလည်း ၄င်းတို့က စိုးရမ်ပူပန်ကြသည်။ ဒေသတွင်းရှိ ပြည်သူများက အိမ်အသုံးအဆောင်အဖြစ် အသုံးပြုရန်သစ်မဟုတ်သောသစ်တောထုတ်ကုန်များကိုရယူနေကြသော်လည်းသစ်မဟုတ်သော သစ်တောထုတ်ကုန်များမှာ ရာသီအလိုက်သာဝင်ငွေရရှိပြီးတာရှည်မခံသောကြောင့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ဆောင်ရွက်ရန် သင့်တော်သည်ဟု မယူဆကြောင်း KnRRRWG က အကြံပြုခဲ့သည်။

သစ်တောထွက်ပစ္စည်းများအား စီးပွားဖြစ်ထုတ်လုပ်ရေးဆောင်ရွက်နိုင်သည့် တရားဝင်မူဘောင်မှာ ရှင်းရှင်းလင်းလင်း မရှိပေ။ မှတ်ပုံတင်ထားသည့် အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများတွင် မိသားစုပိုင်စိုက်ခင်းကို ခွင့်ပြုထားသည်။ ဒေသခံပြည်သူများက သဘာဝသစ်တောနယ်မြေများကို ထုံးတမ်းအစဉ်အလာအရ ၄င်းတို့ပိုင်ဆိုင်သည်ဟု ယူဆကြသော်လည်း သစ်တောဦးစီးဌာနကမူ သဘာဝသစ်တောနယ်မြေအများစုကို ၄င်း၏ အုပ်ချုပ်မှုအောက်တွင်ထားရှိလိုသည်။


## ကုန်ကြမ်းနှင့် နည်းပညာအကူအညီ လိုအပ်ချက်များ

သစ်မဟုတ်သော သစ်တောထုတ်ကုန် အမျိုးအစားအများအပြားအား ထုတ်ဖော်ရိတ်သိမ်းသည့် အသိပညာနှင့် ကျွမ်းကျင်မှုမှာ ကယားပြည်နယ်နေ ဒေသခံအသိုင်းအဝိုင်းများတွင် ရှိပြီးသားဖြစ်သည်။ သစ်မဟုတ်သော သစ်တောထုတ်ကုန်များ ပြုန်းတီးပျက်စီးခဲ့သည့် သို့မဟုတ် အလွန်အကျွံထုတ်လုပ်ခြင်း ခံခဲ့ရသည့် နေရာများတွင် ထိုထုတ်ကုန်များအား ထုတ်လုပ်ပေးမည့် ဂေဟစနစ်များ ပြန်လည်ရှင်သန်စေရန် ဒေသခံပြည်သူများကြား စိတ်ဝင်စားမှုရှိလာလိမ့်မည်ဟု GAP စီမံကိန်းမိတ်ဖက်များကဆိုသည်။သို့ရာတွင် သစ်တောများ ပြန်လည်ရှင်သန်လာစေရန် ဒေသခံပြည်သူများသို့ ဂေဟစနစ်စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှု လွှဲပြောင်းပေးခြင်း၊ မျိုးစေ့များ ထောက်ပံ့ပေးခြင်းနှင့် သစ်မဟုတ်သော သစ်တောထုတ်ကုန်များ ထုတ်လုပ်ရန် ဒေသခံများကို သစ်တောများအတွင်း ဝင်ရောက်ခွင့်ပြုသည့် ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုခြင်း တို့ လိုအပ်မည်ဖြစ်သည်။

## ငါးလုပ်ငန်း

### ရှင်းလင်းသည့် တန်ဖိုးကွင်းဆက်

ငါးလုပ်ငန်းကဏ္ဍအတွက် ရှင်းလင်းလွယ်ကူသော တန်ဖိုးကွင်းဆက်တစ်ခု၏ အဓိကအချက်များတွင် ငါးမွေးမြူရန် နေရာ (သဘာဝရေချိုငါးများ ကျက်စားရာနေရာ သို့မဟုတ် မွေးမြူရေးကန်) ရရှိခြင်း၊ သွင်းအားစုများ (ငါးများနှင့် ပစ္စည်းကိရိယာများ) ဝယ်ယူခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးအရှင်များသိုလှောင်ခြင်း၊ ပြုပြင်ခြင်း၊ ပို့ဆောင်ခြင်းနှင့် ရောင်းချခြင်းတို့ ပါဝင် သည်။




**အလားအလာကောင်းသော စီးပွားရေးအခွင့်အလမ်းများနှင့် ဈေးကွက်များ**

ကယားပြည်နယ်ရှိနေရပ်ပြန်များအတွက် လုပ်ကိုင်နိုင်သောငါးမွေးမြူရေးလုပ်ငန်း နှစ်မျိုးရှိသည်။ ၎င်းတို့မှာ သဘာဝရေချိုငါးမွေးမြူရေးလုပ်ငန်းများနှင့် ငါးမွေးမြူရေးလုပ်ငန်းတို့ဖြစ်သည်။ စားနပ်ရိက္ခာဖူလုံရေးအတွက် သို့မဟုတ် ဝင်ငွေရရှိ သောလုပ်ငန်းတစ်ခုအဖြစ် အဆိုပါလုပ်ငန်းနှစ်မျိုးစလုံးကိုဆောင်ရွက်နိုင်သည်။ နှစ်မျိုးစလုံးတွင် မတူညီသော စိန်ခေါ်မှု များရှိသည်။

**သဘာဝရေချိုငါးမွေးမြူရေးလုပ်ငန်း** - သံလွင်မြစ်အပါအဝင် ရေချိုမြစ်များစွာရှိမှုကြောင့် ကယားပြည်နယ်တွင် ရေချိုငါးမွေးမြူရေးလုပ်ငန်းကြီးကြီးမားမားဆောင်ရွက်ရန် အလားအလာကောင်းများရှိနေသည်။ ကယားပြည်နယ် ဒေသခံများအတွက် စားနပ်ရိက္ခာဖူလုံစေရေးမှာ သဘာဝငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်း၏ အဓိက ရည်ရွယ်ချက်ဖြစ်သော်လည်း စီးပွားဖြစ်ငါးဖမ်းဆီးမှုအား အနည်းငယ်တိုးချဲ့လုပ်ကိုင်သွားနိုင်သည့်အခွင့်အလမ်း ရှိနေသည်။ မြစ်များ၊ကန်များတွင်ငါးများအားဘေးမဲ့ပေးမွေးမြူခြင်းများကဲ့သို့သောလူထုအခြေပြုထိန်းသိမ်း စောင့်ရှောက်ရေး ကြိုးပမ်းမှုများက သဘာဝငါးကောင်ရေထိန်းသိမ်းရေးနှင့် တိုးပွားရေး အတွက် ထိရောက်သော နည်းလမ်းတစ်ရပ် ဖြစ်ဖွယ်ရှိသည့်အပြင်သဘာဝရေချိုငါးမွေးမြူရေးကဏ္ဍစီမံခန့်ခွဲရေးတွင်ဒေသခံပြည်သူများ ပါဝင်လာစေမည်ဖြစ်သည်။

**ငါးကန်ဖြင့်ငါးမွေးမြူရေးလုပ်ငန်း** - မိမိနေအိမ်တွင်ပင် အထူးပြုလုပ်ထားသည့် ကန်များအတွင်း ငါးနှင့် ငါးရှဉ့် မွေးမြူရေးလုပ်ငန်းမှာ နေရပ်ပြန် စွန့်ဦးလုပ်ငန်းရှင်အချို့အတွက် သင့်တော်သောလုပ်ငန်းဖြစ်ပြီး ၎င်းတို့၏ အိမ်ထောင်စုများအတွက် ပရိုတိန်း ကြွယ်ဝသော အစားအစာနှင့် ရောင်းချစရာ တန်ဖိုးရှိသောထုတ်ကုန်တစ်ခုအဖြစ် ထောက်ပံ့ပေးသည်။ ရေချိုငါး နှင့် ငါးရှဉ့်များအတွက် ဈေးကွက်များကို ကျေးလက်ဒေသများရှိ ဈေးများနှင့် အနီးအနားရှိ မြို့ပြဧရိယာများတွင် အလွယ်တကူ တွေ့ရှိနိုင်သည်။ သဘာဝငါးမွေးမြူရေးလုပ်ငန်းနှင့် နှိုင်းယှဉ်ပါက ငါးကန်ဖြင့် ငါးမွေးမြူရေးလုပ်ငန်းမှာ ကန်ဖော်မည့်အချိန်နှင့် ရောင်းချမည့် ပမာဏနှင့်ပတ်သက်၍ ပိုမိုထိန်းချုပ်ခွင့် ရစေပြီး ဝင်ငွေလိုအပ်ချက်များအပေါ် အခြေခံ၍ လိုသလောက် ရောင်းချနိုင်ခွင့်ရှိစေသည်။


**ကုန်ကြမ်းနှင့် နည်းပညာအကူအညီ လိုအပ်ချက်များ**

ငါးမွေးမြူရေးလုပ်ငန်းများ စတင်လုပ်ကိုင်ရန် မျှော်လင့်နေသည့် နေရပ်ပြန် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအနေဖြင့် ကနဦး ငါးကုန်စည်များနှင့် သွင်းအားစုများဝယ်ယူရန် ငွေကြေးအကူအညီ လိုအပ်ဖွယ်ရှိသည်။ စွန့်ဦးလုပ်ငန်းရှင်များမှာ ဈေးကွက်များသို့ ငါးများပို့ဆောင်ရန် အထူးပြုပို့ဆောင်ရေးလည်းလိုအပ်မည်ဖြစ်သည်။ ငါးအရှင် သိုလှောင်နိုင်သည့် ဒေသတွင်း လက်ကားငါးဈေးများကိုလည်း တည်ထောင်ရန်လိုအပ်သည်။

**လက်မှုပစ္စည်း**

**ရှင်းလင်းသည့် တန်ဖိုးကွင်းဆက်**

လက်မှုပစ္စည်းကဏ္ဍဆိုင်ရာ ရှင်းလင်းသည့် တန်ဖိုးကွင်းဆက်၏ အဓိကအချက်များမှာ- ကုန်ကြမ်းဝယ်ယူမှု၊ ဒီဇိုင်းပုံစံ (လက်မှုပစ္စည်းမှသည်ထုတ်လုပ်မှုလုပ်ငန်းစဉ်ထိ)၊ ထုတ်လုပ်ခြင်း(လက်မှုပစ္စည်း)၊ သယ်ယူပို့ဆောင်မှု၊ ဈေးကွက်ဖော်ဆောင်ခြင်းနှင့် ရောင်းချခြင်းတို့ပါဝင်သည်။




**အလားအလာကောင်းသော စီးပွားရေး အခွင့်အလမ်းများနှင့် ဈေးကွက်များ**

ကယားပြည်နယ်မှ ကျေးလက်နေ ပြည်သူများသည် အမျိုးမျိုးသော လက်မှုပစ္စည်းများကို ရိုးရာအစဉ်အလာအတိုင်း ထုတ်လုပ်ကြသည်။ အသုံးဝင်သောအိမ်ထောင်စုသုံးပစ္စည်းများ၊ လယ်ယာစိုက်ပျိုးရေးပစ္စည်းများနှင့် အလှတန်ဆာဆင်ပစ္စည်းများကိုထုတ်လုပ်ကြခြင်း ဖြစ်သည်။ ထိုသို့သောလက်မှုပစ္စည်းများမှ အချို့မှာ ကယားပြည်နယ် ကျေးလက်ဒေသအပြင်ဖက်မှာလည်းရောင်းစွံနိုင်ဖွယ်ရှိသောလက်မှုပစ္စည်းများပင်ဖြစ်သည်။ ယင်းက နေရပ်ပြန် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် စီးပွားရေးအခွင့်အလမ်းကောင်းများ ဖြစ်လာနိုင်သည့် အလားအလာ ရှိနေခြင်းပဲ ဖြစ်သည်။ အလားအလာကောင်းသော လက်မှုပစ္စည်းများအဖြစ် ဝါးဖြင့် ပြုလုပ်သော ခြင်းတောင်းများ၊ ငါးနှင့် ငါးရှဉ့်ဖမ်းပချုပ်များ (ရှု-အထက်တွင်ဖော်ပြထားသော ငါးလုပ်ငန်းကဏ္ဍ)၊ ပျားအိမ်နှင့် ပျားသေတ္တာများ (ရှု- စိုက်ပျိုးရေးလုပ်ငန်း တန်ဖိုးမြင့်ထုတ်ကုန်များကဏ္ဍ)၊ အိုးလုပ်ငန်းနှင့်ကြိမ်ဖြင့် ပြုလုပ်သော ပရိဘောဂများ (ရှု- NTFP ကဏ္ဍ) စသည်တို့ ဖြစ်ကြသည်။

ဝါးလက်မှုပစ္စည်း ထုတ်လုပ်ခြင်းသည် အမျိုးသမီးများအတွက် သင့်တော်ကောင်းမွန်သော အိမ်တွင်းစီးပွားရေးလုပ်ငန်း ဖြစ်လာနိုင်သည်။ အမျိုးသမီးများသည်အခြားသောအိမ်ထောင်တာဝန်များအဖြစ်ကလေးစောင့်ရှောက်ရခြင်း၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရခြင်း၊ဥယျာဉ်စိုက်ပျိုးခြင်း၊ကျွဲနွားထိန်းကျောင်းခြင်းနှင့် ငါးမွေးမြူခြင်း စသည်တို့ကို လုပ်ဆောင်ကြရသူများဖြစ်သည်။ အိမ်တွင်းလုပ်ငန်းအနေဖြင့်ပေါ်ပေါက်လာနိုင်ရုံသာမက လက်လီထုတ်ကုန်များအဖြစ်ဈေးကွက်ဖြစ်လာနိုင်ခြေလည်းရှိသောလက်မှုပစ္စည်းများတွင်ခြင်းတောင်းနှင့် ငါး၊ ငါးရှဉ့်ပချုပ်တို့ပါဝင်သည်။ ငါး၊ငါးရှဉ့်မွေးမြူလုပ်ကိုင်ကြသည့်အိမ်ထောင်စုများအတွက်ကျန်အိမ်ထောင်စုအနည်းငယ် ကသာ ပချုပ်များကိုထုတ်လုပ်ကြခြင်းသည် (အိမ်ထောင်စုတစ်စုလျှင် ပချုပ် ၂၀ မှ ၁၀၀ အထိလိုအပ် ကြသည်။ ဝါးဖြင့်ပြုလုပ်သော ငါး၊ငါးရှဉ့်ပချုပ်များ တစ်ခုလျှင် ၅၀၀ ကျပ်ဖြင့်ရောင်းနိုင်ပြီးသီတင်းတစ်ပတ်အတွင်း ပချုပ် ၅၀ သို့မဟုတ် ၁၀ ရက်မှ ၁၂ ရက်အတွင်း ပချုပ်တစ်ခုထုတ်လုပ်နိုင်သည်)[81][၈၁]ရွာပိုင်းအတွင်း နှစ်လိုဖွယ်ရှိသောအရောင်းအဝယ်ကုန်စည် ဖြစ်လာနိုင်သည်။ အလားတူပင်ဒေသတွင်းပေါက်ရောက်သော ထင်းရှူးပင်များဖြင့် ပျားအိမ်နှင့်ပျားသေတ္တာထုတ်လုပ်နိုင်မည်ဖြစ်ကာ ကြီးထွားလာသော ကယားပြည်နယ်နှင့်မြန်မာ့ပျားရည် ထုတ်လုပ်မှုလုပ်ငန်းအတွက် ဝန်ဆောင်မှုပေးနိုင်လာနိုင်မည်ဖြစ်သည်။

ကယားပြည်နယ်ထွက်လက်မှုပစ္စည်းများအတွက် အလားအလာရှိသောဈေးကွက်များမှာ နိုင်ငံတကာနှင့်ပြည်တွင်းတွင်လည်းရှိသည်။ နိုင်ငံတကာဈေးကွက်အနေဖြင့် ကယားပြည်နယ်ထွက်လက်မှုပစ္စည်းများကို ကမ္ဘာလုံးဆိုင်ရာ လက်မှု

---

81 ၈၁ Myanmar International Television, ၂.၅.၂၀၁၄၊ မြန်မာနိုင်ငံမှငါးရှဉ့်လုပ်ငန်း (ဗီဒီယိုကလစ်) https://www.youtube.com/watch?v=q5wvbtRiO00

ပစ္စည်းဈေးကွက်တွင် လုပ်ကိုင်နေကြသည့်စီးပွားရေးလုပ်ငန်းများသို့ လက်ကားတင်ပို့နိုင်မည်။[82]၈၂ အနုပညာမြောက်ပြီးအရည်အသွေးမြင့်သည့်ထုတ်ကုန်များကို အချိန်ယူကာထုတ်လုပ်ခြင်းသည် နိုင်ငံတကာဈေးကွက်သို့ လက်မှုပစ္စည်းထုတ်ကုန်များထိုးဖောက်ခြင်းအတွက် အရေးကြီးသည့်လိုအပ်ချက် တစ်ရပ်ဖြစ်ပေမည်။[83]၈၃ ပြည်တွင်းဈေးကွက်အတွက် ဆိုလျှင်ဒေသထွက်လက်မှုပစ္စည်းများကို ခရီးသွားဧည့်သည်ဈေးကွက်အား ပစ်မှတ်ထားပြီး လွိုင်ကော် နှင့် မြန်မာနိုင်ငံအခြားသောဒေသများမှလက်လီအရောင်းသမားများထံရောင်းချနိုင်မည်ဖြစ်သည်။

လက်မှုပစ္စည်းများအတွက် နောက်ထပ် ပြည်တွင်းဈေးကွက်မှာ လွိုင်ကော်တွင် အခြေစိုက်သည့် မကြာသေးမီကမှ စတင်ထားသော ကယားပြည်နယ်လက်မှုပညာ ဈေးကွက်အစုအဖွဲ့ ဖြစ်နိုင်ပါသည်။[84]၈၄ ကယားပြည်နယ် လက်မှုပညာဈေးကွက် အစုအဖွဲ့၏ ရည်မှန်းချက်မှာ"ကယားလက်မှု ပညာဈေးကွက် အတွက် အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေး၊ လက်မှုပညာမှတစ်ဆင့် ကယားပြည်နယ်၏ ယဉ်ကျေးမှုမျိုးစုံကို မြှင့်တင်နိုင်ရေး၊ လွိုင်ကော် ကိုစည်ကားသော ယဉ်ကျေးမှုအချက်အချာဖြစ်လာအောင် (ပြည်တွင်းပြည်ပအားဖြင့်) လွိုင်ကော် ယဉ်ကျေးမှု ပြတိုက်အားအထောက်အကူပြုရေး၊ လက်မှုပညာသည်များကို ဖော်ထုတ်ပြီး ဈေးကွက်အခွင့်အလမ်းများ ရရှိအောင် ကူညီကာ၎င်းတို့အားဈေးကွက်သစ်များနှင့်ချိတ်ဆက်ပေးခြင်းဖြင့် ကယားပြည်နယ်အတွင်း ရှင်သန်ပြီးချိတ်ဆက်မှု ရှိသောလက်မှုပညာသည် အသိုင်းအဝန်းထွက်ပေါ်လာရေး၊ ကယားပြည်နယ် ကိုခရီးသွားများ လာရောက်ရာနေရာ ဒေသ အဖြစ်ဖော်ဆောင်နေစဉ် အထူးသီးသန့်ခရီးသွားလုပ်ငန်းများဖော်ဆောင်ပေးနိုင်ရေး"[85]၈၅ တို့ဖြစ်သည်။ ၎င်းအသင်းသည် လွိုင်ကော်ယဉ်ကျေးမှုပြတိုက်၌ ၂၀၁၈ ဒီဇင်ဘာ ၁၄ မှ ၁၆ အထိ လက်မှုပညာ အရောင်း ပြခန်းကို ကြီးမှူးကျင်းပခဲ့သည်။ (ရှု- ပုံ၄)




ပုံ ၄ - ကယားဒေသထွက် ရိုးရာလက်မှုပစ္စည်း ပြပွဲနှင့် ဈေးရောင်းပွဲတော်ကြော်ငြာ

---

[82] ၈၂ ဥပမာ ABC Carpet & Home http://www.abchome.com/about/

[83] ၈၃ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ မြန်မာ့ရပ်ဝန်း ၂၀၁၇၊ စိုက်ပျိုးစီးပွားသုတေသန ၂။ တောင်ပိုင်းရှမ်းပြည်နယ်တွင် မြေယာစီမံခန့်ခွဲမှုမြှင့်တင်ခြင်းဖြင့် တာရှည်မြဲသော သက်မွေးဝမ်းကျောင်းနှင့် မြေယာဖော်ဆောင်ခြင်းများကို အထောက်အကူပြုခြင်း ၊စာမျက်နှာ၇ http://www.mmiid.org/wp-content/uploads/2018/01/MIID_CS2_171130.pdf

[84] ၈၄ လက်မှုပညာဈေးကွက်အသင်းလိပ်စာ - ၁၈၅လမ်း၊နောင်ယဲ့၊လွိုင်ကော်၊ဖုန်း - +959960107733


[85] ၈၅ လက်မှုပညာဈေးကွက်အစုအဖွဲ့ ဖေ့ဘုတ်ပေ့ချ် https://www.facebook.com/Kayah-State-Craft-Market-337940393428957

### ကုန်ကြမ်းနှင့် နည်းပညာအကူအညီ လိုအပ်ချက်များ

လက်မှုပစ္စည်းများအား စီးပွားဖြစ်ထုတ်လုပ်ခြင်းသည် ကယားပြည်နယ် ကျေးလက်ဒေသရှိ နေရပ်ပြန် ဒုက္ခသည်များနှင့်လူငယ်များအတွက်သက်မွေးမှုစီမံကိန်းများဖော်ဆောင်ပေးနိုင်ရေးနှင့်ပတ်သက်လျှင် ကောင်းမွန်သော ဦးတည်ချက်တစ်ရပ်ဖြစ်ဖွယ်ရာရှိသည်။ လက်သမားအတတ်နှင့်စက်မှုဒီဇိုင်းတို့အတွက်လေ့ကျင့်သင်ကြားပေးသော သင်ခန်းစာများအားဖြင့်ကကယားပြည်နယ်၏လက်မှုပစ္စည်းကဏ္ဍစတင်နိုင်ရေးကိုအကူအညီဖြစ်စေနိုင်သည်။ လက်မှုပစ္စည်းကဏ္ဍအတွက်ဈေးကွက်ရှာဖွေခြင်းအပိုင်းသည်ဖွံ့ဖြိုးတိုးတက်လာရန်အလားအလာရှိသည်။ အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များအနေဖြင့် သူတို့၏ စီးပွားရေးလုပ်ငန်းများအောင်မြင်ရန်အတွက် စီးပွားရေးလုပ်ငန်းအစီအစဉ်များရေးဆွဲခြင်းဆိုင်ရာသင်တန်းများပေးရန်လိုအပ်နိုင်သည်။ Myanmar Artisan Toolkit ဝက်ဘ်ဆိုက်တွင် လက်မှုပစ္စည်းကိုစီးပွားရေးလုပ်ငန်းအဖြစ်ထူထောင်ရန်စီစဉ်လျက်ရှိနေကြသောအမျိုးသမီး စွန့်ဦးတီထွင် လုပ်ငန်း ရှင်များအတွက် အသုံးဝင်သောအရင်းအမြစ်ဖြစ်သည်။[86၈၆] အဆိုပါဝက်ဘ်ဆိုက်တွင် သင်ခန်းစာဖိုင်များ ကို အခမဲ့ ရယူနိုင်သည်။[87၈၇]

### အထည်ချုပ်နှင့် အထည်အလိပ်လုပ်ငန်း
### ရှင်းလင်းသည့် တန်ဖိုးကွင်းဆက်

အဝတ်အထည်နှင့် အထည်ချုပ်လုပ်ငန်းကဏ္ဍအတွက် ရှင်းလင်းသည့်တန်ဖိုးကွင်းဆက် အဓိကအချက်များမှာ- ကုန်ကြမ်းဝယ်ယူမှု၊ ဒီဇိုင်းနှင့် ရက်လုပ်မှု၊ အထည်ချုပ်ခြင်း၊ သယ်ယူပို့ဆောင်ရေး၊ ဈေးကွက်ဖော်ဆောင်ခြင်းနှင့် ရောင်းချခြင်းတို့ ဖြစ်သည်။




### အလားအလာကောင်းသော စီးပွားရေးအခွင့်အလမ်းများနှင့် ဈေးကွက်များ

KPSSDA ၏ စစ်တမ်းကောက်ယူချက်အရ ကယားပြည်နယ် ကျေးလက်ဒေသ၏ လက်ရှိ အဝတ်အထည် ထုတ်လုပ်မှုလုပ်ငန်းသည် မိသားစု အခြေပြု ထုတ်လုပ်မှုသာ ဖြစ်ကြောင်း တွေ့ရှိရသည်။ အထည်ချုပ် အခြေပြုစီးပွားရေးလုပ်ငန်းစတင်လုပ်ကိုင်ရန်အတွက် စိတ်ဝင်စားမှု နည်းပါးနေသေးသည်။ အခြားတစ်ဖက်တွင် ဒေသတွင်း စိုက်ပျိုးသော ဝါနှင့်သဘာဝဆိုးဆေးတို့ကို အသုံးပြုသော ရိုးရာအဝတ်အထည်များ ထုတ်လုပ်မှုကို ဖွံ့ဖြိုးစေခြင်းဖြင့် ရိုးရာယဉ်ကျေးမှုကိုတစ်ဖန် ပြန်လည်နိုးကြားလာစေရန် စိတ်ဝင်စားမှုအချို့ ရှိလာကြသည်ကို တွေ့ရသည်။ ယင်းက အရေအတွက်နည်းပါးသေးသော စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် သင့်တော်သော စီးပွားရေးအခွင့်အလမ်း ဖြစ်လာနိုင်ဖွယ်ရာ

86 ၈၆https://www.myanmarartisantoolkit.org/

87 ၈၇https://www.myanmarartisantoolkit.org/toolkit/

ရှိနေသည်။ ကယားပြည်နယ်ထွက် ရိုးရာအဝတ်အထည်များအတွက် ဈေးကွက်များမှာ လွိုင်ကော်နှင့် ရန်ကုန်က ခရီးသွားဧည့်သည်များအပြင် ABC Carpet & Home ကဲ့သို့ နိုင်ငံတကာ အရည်အသွေးမြင့် အထည်အလိပ် ဈေးကွက်များ ပါဝင်နေသည်။[88]၈၈

## ကုန်ကြမ်းနှင့် နည်းပညာအကူအညီ လိုအပ်ချက်များ

ရိုးရာအဝတ်အထည်များ ထုတ်လုပ်သော စွန့်ဦးတီထွင်လုပ်ငန်းများ တည်ထောင်ရန်အတွက် ချည်မျှင်ထုတ်လုပ်ခြင်း နှင့် ဆိုးဆေးနည်းစနစ်များနှင့် ပတ်သက်ပြီး မျိုးဆက်ဟောင်းများထံမှာ နည်းစနစ်၊ နည်းပညာများ ရရှိရန် လိုအပ်လိမ့်မည် ဖြစ်သည်။ ယခင်က ကယားပြည်နယ်တွင် စိုက်ပျိုးသော ဝါမှ ချည်မျှင်ဖြင့် အဝတ်အထည်များကို ရက်လုပ်ကြခြင်း ဖြစ်သည်။ ထိုအတွက်ကြောင့် ရိုးရာအဝတ်အထည်များ ထုတ်လုပ်ရေးအတွက် ဝါစိုက်ပျိုးမှုများ ပြန်လည် ဖော်ဆောင်ရမည် ဖြစ်သည်။

## ကုန်သွယ်ရေး

## ရှင်းလင်းသည့် တန်ဖိုးကွင်းဆက်

ကုန်သွယ်ရေးကဏ္ဍအတွက် ရှင်းလင်းသည့်တန်ဖိုးကွင်းဆက် အဓိကအချက်များမှာ- ကုန်စည်ဝယ်ယူခြင်း၊ ကုန်စည်သယ်ယူပို့ဆောင်ခြင်း၊ ကုန်စည်သိုလှောင်ခြင်းနှင့် ဈေးကွက်တင်ခြင်းနှင့် ရောင်းချခြင်းတို့ ပါဝင်သည်။




## အလားအလာကောင်းသော စီးပွားရေးအခွင့်အလမ်းများနှင့် ဈေးကွက်များ

GAP စီမံကိန်းမိတ်ဖက်၏ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စစ်တမ်းကောက်ယူမှုအရ တစ်ချို့သော ပြည်သူများသည် အသေးစားကုန်သည်များအဖြစ်လည်းကောင်း၊ ကုန်စည်များကို လက်လီရောင်းချမှုလည်းကောင်း ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း ဝင်ငွေရရှိကြောင်းတွေ့ရသည်။ မဝေးတော့သည့်ကာလတွင် ကယားပြည်နယ် အတွင်း ထိုင်းနိုင်ငံနှင့် ကုန်းတွင်းနယ်ခြားဂိတ်စခန်းလေးခု ဖွင့်လှစ်ရန် အစီအစဉ်လည်း ရှိထားသည်။ ထို့ကြောင့် ကယားပြည်နယ် ကျေးလက်ဒေသအတွင်း ကုန်သွယ်ရေးနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများ တိုးချဲ့ရန်အတွက် အခွင့်အလမ်းကောင်းများဖြစ်လာနိုင်သည်။ ကယားပြည်နယ်သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံမြောက်ပိုင်း၊ တရုတ်နိုင်ငံအနောက်တောင်ပိုင်းနှင့် အိန္ဒိယနိုင်ငံတို့ကြား အဓိကကုန်သွယ်ရေး ဆုံမှတ် ဖြစ်လာနိုင်သည်။

---

88 ၈၈http://www.abchome.com/about/

နေရပ်ပြန်စွန့်ဦးတီထွင်လုပ်ငန်းရှင်များတည်ထောင်လာနိုင်သည့်ကုန်သွယ်ရေးနှင့်ဆက်စပ်သောစီးပွားရေးလုပ်ငန်းများ အမြောက်အမြားပင်ရှိနေသည်။ ယင်းမှာ မြန်မာနိုင်ငံတွင်း အခြားအရပ်ဒေသများရှိ ဈေးကွက်များတွင် "ထိုင်းနိုင်ငံ တွင်ပြုလုပ်သည်" ဆိုသော ကုန်စည်များရောင်းချခြင်းမှသည် အဝေးပြေးလမ်းများတစ်လျှောက်သွားလာနေသော အခြားသောကုန်သည်များအတွက် အခြေခံလိုအပ်ချက်များကိုရောင်းချသည့် လက်လီစတိုးဆိုင်ငယ်များ ဖွင့်လှစ်ခြင်း အထိ ဖြစ်သည်။

နေရပ်ပြန် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် ကယားပြည်နယ်ကျေးလက်ဒေသသို့ ပြန်လာကြသည့် အခြားသော ဒုက္ခသည်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် ကုန်သွယ်ရေး စီးပွားရေးလုပ်ငန်းများ ထူထောင်သင့်သည်။ ဥပမာ အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များအနေနဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ အခြားသော စွန့်ဦးတီထွင် လုပ်ငန်းရှင်များလိုအပ်သော ဓာတ်မြေဩဇာပိုးသတ်ဆေး၊မျိုးစေ့၊လယ်ယာသုံးပစ္စည်းများ၊ဆည်မြောင်း နှင့် ဆိုင်သော ပစ္စည်းများ၊ ခြံမွေးတိရစ္ဆာန်နှင့် တိရစ္ဆာန်အစာများအစရှိသည်တို့ကိုရောင်းချသည့်အိမ်တွင်း အခြေပြု စီးပွားရေး လုပ်ငန်းများ ထူထောင်၍ ရနိုင်သည်။

အထက်ကစိုက်ပျိုးရေးကဏ္ဍအပိုင်းမှာဖော်ပြထားသည့်အတိုင်း ကယားပြည်နယ်ကျေးလက်ဒေသမှ ထုတ်ကုန်များကို ဝယ်ယူကြသည့် အနည်းငယ်သောလက်ကားအရောင်းသမားနှင့် ပွဲစားများလည်း ရှိနေသည်။ ၎င်းတို့ အရေအတွက် အနည်းငယ်က ဈေးကွက်ကိုထိန်းချုပ်ထားသူများ ဖြစ်နေသည်။ ဈေးကွက်ကို အဆိုပါလူနည်းစုကုန်သည်များက ထဲထဲ ဝင်ဝင်ချုပ်ကိုင်ထားသည်ဟုတစ်နိုင်တစ်ပိုင်လယ်သမားများကညည်းညူနေကြသည်။ ထိုဈေးကွက်ထိန်းချုပ်ထားသည့် အုပ်စုသည်ထွက်ကုန်များကိုဈေးနှိမ်ပြီး ဝယ်ယူစုဆောင်းနိုင်နေခြင်းက ဒေသခံလယ်သမားများအတွက် မမျှမတ ဖြစ်စေသည်။ သို့ရာတွင် လယ်သမားများမှာဈေးနှိမ်ပေးသည်ကိုလည်းမငြင်းနိုင်သည့်အနေအထားတွင်ရှိနေကြသည်။ ယင်းသို့ ဈေးကွက်ချုပ်ကိုင်မှုကို တန်ပြန်နိုင်ရန် နေရပ်ပြန် စွန့်ဦး တီထွင်လုပ်ငန်းရှင်များအနေဖြင့် တစ်နိုင်တစ်ပိုင် လယ်သမားများကို မျှတသည့်ဈေးနှုန်းပေးမည့် အစုအဖွဲ့ပိုင် စိုက်ပျိုးရေးထွက်ကုန် လက်ကားအရောင်းလုပ်ငန်းကို ဖွဲ့စည်းထူထောင်ကြရမည် ဖြစ်သည်။

## ကုန်ကြမ်းနှင့် နည်းပညာအကူအညီ လိုအပ်ချက်များ

ကုန်သွယ်စီးပွားရေးလုပ်ငန်းသည် ထုံးစံအားဖြင့် ဝယ်ယူသိုလှောင်မှု၊ ကုန်လှောင်ရုံအဆောက်အအုံများနှင့် သယ်ယူ ပို့ဆောင်ရေးအတွက် ယာဉ်များကို ဦးစွာ ရင်းနှီးမြှုပ်နှံရန် ငွေလုံးငွေရင်းစိုက်ထုတ်ထားရန် လိုအပ်သည်။ ထိုသို့ ရင်းနှီးမြှုပ်နှံနိုင်ရန်မှာ သာမန် နေရပ်ပြန် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် လက်လှမ်းမမှီနိုင်သည့် အနေအထား တွင်ရှိသော်လည်း စွန့်ဦးတီထွင်လုပ်ငန်းရှင်အုပ်စုများ ဖွဲ့ကာ အစုအဖွဲ့ပိုင်ကုန်သွယ်စီးပွားရေးလုပ်ငန်းကို ထူထောင် နိုင်မည်ဆိုပါက ၎င်းတို့အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဝန်ထုပ်ဝန်ပိုး၊ ဘေးအန္တရာယ်များနှင့် အကျိုးအမြတ်များကို မျှဝေ ရယူနိုင်ကြမည် ဖြစ်သည်။ နေရပ်ပြန်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စာရင်းအင်းကျွမ်းကျင်မှုသင်တန်းနှင့် အစုအဖွဲ့ပိုင် လုပ်ငန်း ထူထောင်ခြင်းတို့မှ အကျိုးကျေးဇူးများ ရရှိဖွယ်ရာ ရှိသည်။

**ဧည့်ဝန်ဆောင်မှုလုပ်ငန်း**

**ရှင်းလင်းသည့် တန်ဖိုးကွင်းဆက်**

ညှိုဝန်ဆောင်မှုလုပ်ငန်းကဏ္ဍအတွက် ရှင်းလင်းသည့် တန်ဖိုးကွင်းဆက် အဓိကအချက်များမှာ- တည်နေရာ ထူထောင်ခြင်း၊ ဝယ်ယူဖြည့်တင်းခြင်း (စားသောက်ကုန်များ၊ ကုန်ကြမ်းများ၊ ပစ္စည်းပစ္စယများ စသဖြင့်)၊ ဈေးကွက်နှင့် ညှိုဝတ်ပျူငှာမှုဝန်ဆောင်ပေးခြင်းတို့ ပါဝင်သည်။




**အလားအလာကောင်းသော စီးပွားရေးအခွင့်အလမ်းများနှင့် ဈေးကွက်များ**

GAP စီမံကိန်းမိတ်ဖက်များ၏ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စစ်တမ်းကောက်ယူမှုအရ အလှပြင်ဆိုင် နှင့် ဆန်အရက် (ခေါင်ရည်) တည်ခင်းသော ရိုးရာပုံစံ စားသောက်ဆိုင်များကဲ့သို့ ညှိုဝန်ဆောင်မှု ပေးသော စီးပွားရေးလုပ်ငန်းများအပေါ် စိတ်ဝင်စားသူအချို့ ရှိနေကြောင်းသိရသည်။ ညှိုဝန်ဆောင်မှုလုပ်ငန်းသည် အခြားသော စီးပွားရေးကဏ္ဍများနှင့် ချိတ်ဆက်နိုင်သည့်အခွင့်အလမ်းကောင်းများ ကိုလည်းအထောက်အပံ့အဖြစ် ရထားသည်။ စားသောက်ဆိုင်များ အနေဖြင့် ဒေသခံတောင်သူလယ်သမားများထံမှ စိုက်ပျိုးရေးထွက်ကုန်များနှင့် အသားတို့ကို ဝယ်ယူ ရမည် ဖြစ်သကဲ့သို့ ကမ္ဘာလှည့်ခရီးသွားများကိုဆွဲဆောင်နိုင်အောင်ကြိုးစားနေသော ဒေသတွင်း ခရီးသွားအေဂျင်စီများနှင့်ပါ ချိတ်ဆက်နိုင်မည် ဖြစ်သည်။

**ကုန်ကြမ်းနှင့် နည်းပညာအကူအညီ လိုအပ်ချက်များ**

ညှိုဝန်ဆောင်မှုလုပ်ငန်းအတွက် သက်မွေးမှုပညာသင်တန်းပေးခြင်းတွင် စာသင်ခန်း အခြေပြု သင်ကြားခြင်းအပြင် အလုပ်သင်အခွင့်အလမ်းများပါ ပါဝင်သည်။ ထိုင်းနိုင်ငံ မဲဆောက်ရှိ Picturebook တည်းခိုခန်းသည် ညှိုဝန်ဆောင်မှု လုပ်ငန်းကဏ္ဍတွင် သက်မွေးမှုပညာသင်တန်းပေးခြင်းကိုပါ ရည်ရွယ်လုပ်ဆောင်နေသည့် လူမှုရေး ဝန်ဆောင်မှု လုပ်ငန်းတစ်ခုအဖြစ် ဥပမာယူနိုင်သည်။[89]၈၉ ညှိုဝန်ဆောင်မှုလုပ်ငန်း ထူထောင်ရန်အတွက် ရင်းနှီးမြှုပ်နှံငွေရရှိရန်/ မတည်ရန် လိုအပ်သည်။ အလှပြင်ဆိုင်ကဲ့သို့သော အိမ်မှာပင်လုပ်ဆောင်နိုင်သည့်လုပ်ငန်းများသည် အိုးမကွာ အိမ်မကွာ အိမ်ထောင်တာဝန်ပါ ထမ်းနေရသည့် စွန့်ဦးတီထွင် လုပ်ငန်းရှင်များအတွက် သင့်တော်လိမ့်မည် ဖြစ်သည်။


**ခရီးသွားလုပ်ငန်း**

**ရှင်းလင်းသည့် တန်ဖိုးကွင်းဆက်**

ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ရှင်းလင်းသည့် တန်ဖိုးကွင်းဆက် အဓိကအချက်များမှာ-ဆွဲဆောင်မှုဖော်ထုတ်ခြင်း၊ ဆွဲဆောင်မှုတည်ဆောက်ခြင်း၊ ဖြည့်စွက်ဝန်ဆောင်မှုများပေးခြင်း (အစားအစာနှင့် အဖျော်ယမကာ)၊ ခရီးသွား

89 ၈၉ http://picturebookthailand.org/

ဧည့်သည်များအား စျေးကွက်ရှာခြင်း(ခရီးသွားအေဂျင့်)၊ ခရီးသွားဧည့်သည်များအား သယ်ယူ ပို့ဆောင်ခြင်း (တက္ကစီ ဝန်ဆောင်မှု) နှင့် ခရီးသွားဧည့်သည်များအား ဧည့်ခံပြုစုခြင်း (ဧည့်လမ်းညွှန်)တို့ ပါဝင်သည်။




**အလားအလာကောင်းသော စီးပွားရေးအခွင့်အလမ်းများနှင့် စျေးကွက်များ**

ခရီးသွားလုပ်ငန်းသည် ကမ္ဘာတဝှန်းရှိနိုင်ငံများအတွက် အရေးကြီးသော ကဏ္ဍတစ်ရပ် ဖြစ်သည်။ အကြောင်းမှာ ယင်းသည် ပုံမှန်အားဖြင့် လုပ်သားများစွာလိုအပ်သည့်လုပ်ငန်းဖြစ်ပြီး (အဆင့်နိမ့်အလုပ်သမားနှင့် ကျေးလက် ဒေသမှ အလုပ်သမားများအတွက်အလုပ်အကိုင်ပေးနိုင်ခြင်း) စိုက်ပျိုးရေးကဏ္ဍ၊ လက်မှုလုပ်ငန်း နှင့်ဧည့်ဝတ်ပြု ဝန်ဆောင် လုပ်ငန်းများကဲ့သို့သော ဒေသတွင်းအခြားစီးပွားရေးကဏ္ဍများနှင့် ချိတ်ဆက်နေသည်။ ခရီးသွားလုပ်ငန်းပုံစံ အများအပြားရှိသော်လည်း ကျေးလက်အခြေပြု ခရီးသွားစီးပွားရေးလုပ်ငန်းများကို အများဆုံးတွေ့ရသည်။ ရက်ရှည်ခြေလျင်တောင်တက်ခရီးစဉ်များ၊ မြို့များကြားနေ့ချင်းပြန်ခရီးစဉ်များ၊ ညအိပ်ခရီးစဉ်များ၊ ဒေသခံအိမ်များတွင် တည်းခိုသည့် ခရီးစဉ်များနှင့် သဘာဝအခြေပြု ခရီးသွားလုပ်ငန်းစဉ်များလည်းပါဝင်သည်။

တစ်ချိန်က ခရီးသွားဧည့်သည်များအတွက်အကန့်အသတ်များရှိပြီး ခွင့်ပြုမိန့်များလိုအပ်ခဲ့သော်လည်း ကယားပြည်နယ် သည် မကြာသေးသောနှစ်များအတွင်း ခရီးသွားလုပ်ငန်းအတွက် တံခါးဖွင့်လှစ်လာခဲ့သည်။ သို့သော် နိုင်ငံတကာ ခရီးသွားဧည့်သည်များအနေဖြင့် အစိုးရမှတ်ပုံတင် ဟိုတယ်များနှင့် မြို့တော်လွိုင်ကော်ရှိ တည်းခိုဆောင်များတွင်သာ တည်းခိုနေထိုင်နိုင်သေးသည်ကို သိရှိထားရမည်။

ဒီမောဆိုးမြို့နယ် ကယန်းနှင့်ကယော တိုင်းရင်းသားကျေးရွာများတွင် အုပ်စုလိုက်တစ်နေ့တာ ခရီးစဉ်များ စတင်နေပြီ ဖြစ်သည်။ တာနီလာလတ်ကျေးရွာတွင် နတ်ကိုးကွယ်မှုယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များကို ပြသထားသည်။ ပန်ပတ် ကျေးရွာ၏ လည်တိုင်ရှည်ဓလေ့ထုံးစံမှာ ကမ္ဘာလှည့်ခရီးသွားများအတွက် ဆွဲဆောင်ရာဖြစ်သည်။[90] ၉၀ ယဉ်ကျေးမှု လုပ်ဆောင်ချက်များအနေဖြင့် ယဉ်ကျေးမှုဓလေ့ထုံးစံများအားပညာပေးခြင်း၊ ရိုးရာအစားအစာများ စားသောက်ခြင်းနှင့် ချက်နည်းပြုတ်နည်းများသင်ကြားခြင်း၊ အထွတ်အမြတ်နေရာများသို့သွားရောက်လည်ပတ်ခြင်း၊ ရိုးရာဂီတ ဖျော်ဖြေမှု များ၊ ကပြတင်ဆက်မှုများနှင့် ဇာတ်လမ်းကြောင်းရာများ ပြောပြခြင်း၊ ဒေသတွင်းသယ်ယူပို့ဆောင်ရေး (လှေစီးခြင်း၊ ရထားလုံးစီးခြင်း စသဖြင့်)၊ ရက်ကန်းနှင့် လက်မှုပစ္စည်းများ ထုတ်လုပ်ခြင်း တို့ပါဝင်သည်။

ဟိုတယ်ဖုန်ပုံစံဟု ခေါ်ဆိုသည့် အကြီးစား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုများက ထုံးစံအားဖြင့် ဒေသခံ ပြည်သူများအတွက် ဆိုးကျိုးသက်ရောက်မှုများ အများအပြားရှိနေပြီး များသောအားဖြင့် ခရီးသွားဧည့်သည်အများစုနှင့် ပုံမှန် ခရီးသွားလုပ်ငန်း၏လိုအပ်ချက်များနှင့်ကိုက်ညီခြင်းမရှိပါ။[91] ၉၁ မကြာသေးမီကဥပမာတစ်ရပ်တွင်ယခင် အာဏာရှင်

---

[90] ၉၀ https://www.lonelyplanet.com/myanmar-burma/activities/the-exploring-of-kayah-villages-pan-pet-hta-nee-la/a/pa-act/v-61697P3/357082

[91] ၉၁ တာဝန်ခံမှုရှိသောစီးပွားရေးဆိုင်ရာမြန်မာစင်တာ၊ ၂၀၁၅။ မြန်မာခရီးသွားလုပ်ငန်းကဏ္ဍ-ကျယ်ပြန့်သောသက်ရောက်မှုအကဲဖြတ်ချက်-အထူး အကျဉ်းချုပ်နှင့် မှတ်ချက်များ

ဟောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သား ပိုင်ဆိုင် သော Myanmar Naing Group Co.Ltd. က အဆိုပြုထားသည့်အင်းလေးကန်ရှိကေ ၉၇ ကျယ် အကြီးစားဟိုတယ်ဇုံ ဖွံ့ဖြိုးရေးလုပ်ငန်းကိုဒေသခံများကဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။[92]၉၂ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းပုံစံကမူ ဒေသခံ ပြည်သူများ၏လိုအပ်ချက်များနှင့်ယေဘုယျအားဖြင့်ပိုမိုသင့်တော်ပြီးဒေသခံရပ်ရွာလူထုများအကြား ဟန်ချက် ညီသော စီးပွားရေးဖွံ့ဖြိုးမှုကိုဦးတည်စေသကဲ့သို့ဒေသ၏ဂေဟစနစ်အပေါ်လည်း ဖိအားသက်ရောက်မှု နည်းပါး စေ သည်။

ခရီးသွားဧည့်သည်များ များပြားစွာလာရောက်ခြင်းသည် ယခင်က အထီးကျန်ခဲ့သည့် အသိုင်းအဝိုင်းများအပေါ် လူမှုယဉ်ကျေးမှုသက်ရောက်မှုများသိသိသာသာရှိလာစေနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ လည်းရှိလာနိုင်သည်။ ခရီးသွားစီးပွားရေးလုပ်ငန်းသည် ရေကဲ့သို့သော သယံဇာတရင်းမြစ်များအတွက် လိုအပ်ချက် မြင့်မားပြီး စွန့်ပစ်အမှိုက်များကြောင့်သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုလည်းရှိစေသည်။ ခရီးသွားလုပ်ငန်း သည် ယခင်က စုစည်းပူးပေါင်းနေထိုင်ခဲ့သော နယ်မြေဒေသများသို့ အရင်းရှင်ဆန်သောလူမှုဆက်ဆံရေးများကို ဆောင်ကြဉ်းလာနိုင်ဖွယ်ရှိသည့်အပြင် လူများကိုလည်း (အထူးသဖြင့်လူငယ်များ) ၎င်းတို့၏ မျှော်လင့်ချက်များနှင့် ရည်မှန်းချက်များအား လမ်းကြောင်းပြောင်းသွားစေသည်အထိ ဩဇာလွှမ်းမိုးမှုလည်း ရှိလာနိုင်သည်။ ပြင်ပမှသူများနှင့် ဒေသခံအရေအတွက် အနည်းငယ်ခန့်ကသာ ခရီးသွားလုပ်ငန်းမှ စီးပွားရေးအကျိုးအမြတ်များကို အချိုးမညီစွာ ထိန်းချုပ်ထားခြင်းသည် မမျှတမှုများ ပိုမိုတိုးပွားလာအောင် ဦးတည်နေသည်။

ကမ္ဘာတစ်လွှားတွင် ရပ်ရွာအခြေပြုသော၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသော၊ ယဉ်ကျေးမှုကို အလေးထားသော ခရီးသွားစီးပွားရေးလုပ်ငန်းများကို ဥပမာကောင်းပြစရာအများအပြားရှိသည်။ အိန္ဒိယမြောက်ပိုင်း လက်ရှ်လာဒက်ရှ်မှ Ladakh Ecological Development Group[93]၉၃ နှင့် အီတလီ၊ နာပဲလ်က Cooperativa La Paranza[94] ၉၄စသည်တို့ဖြစ်သည်။

ဤရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းပုံစံက ကယားပြည်နယ်တွင် အစပျိုး ဖြစ်တည်လာနေပြီ ဖြစ်သည်။ ယင်း လုပ်ငန်း ပုံစံကို နေရပ်ပြန်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအနေဖြင့် ထပ်ဆင့်ပွားလုပ်ကိုင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဒီမောဆိုး မြို့နယ် တာနီလာလတ်ရွာက ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းမှာ ဒေသခံများအလုပ်အကိုင်ရရှိရေးနှင့် ယဉ်ကျေးမှုကို အလေးထားခြင်းကို ဦးစားပေးအဖြစ်ထားရှိသည်။ ရွာသို့လာရောက်လည်ပတ်ရန် ကြိုတင်အချိန်ညှိနိုင်းခြင်းများကို တာနီလာလတ် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းအသင်း ကသာဆောင်ရွက်ခြင်းဖြစ်ပြီး ခရီးသွားဧည့်သည်များ အနေဖြင့် ကျေးရွာရှိလူမှုဘဝများနှင့် ယဉ်ကျေးမှုများအကြောင်းကိုရှင်းပြရန် ဒေသခံဧည့်လမ်းညွှန်ကို ငှားရမ်းရန် လိုအပ်သည်။[95]၉၅

ဒေသခံရပ်ရွာလူထုအနေဖြင့်ခရီးသွားဧည့်သည်များကိုရိုးရိုးရှင်းရှင်းဧည့်ဝတ်ပြုဝန်ဆောင်ခြင်း၊လည်ပတ်စရာနေရာများ ဖြင့်ဆွဲဆောင်ခြင်းများထက် ခရီးသွားလုပ်ငန်းတန်ဖိုးကွင်းဆက်၏ ကွဲပြားခြားနားသောကဏ္ဍများကို ဖော်ဆောင် နိုင်ခြင်းဖြင့်အကျိုးအမြတ်ပိုမိုရရှိနိုင်သည်။ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးလာသည်နှင့်အတူ ခရီးသွားလုပ်ငန်း တန်ဖိုး ကွင်းဆက်မှ အကျိုးခံစားခွင့်မရသူများကိုလည်းသတိပြုရမည်ဖြစ်သည်။ ခရီးသွားများလာရောက် လည်ပတ်ခြင်း

---

http://www.myanmar-responsiblebusiness.org/pdf/SWIA/Tourism/Executive-Summary-and-Recommendations.pdf

92 ၉၂ ထက်နိုင်ဇော်။ ၂၀၁၈အောက်တိုဘာ၁၀၊အင်းလေးကန်ရှိအငြင်းပွားဖွယ်ရာဟိုတယ်စီမံကိန်းဖျက်သိမ်းရန်စုံစမ်းစစ်ဆေးခြင်းအစီရင်ခံစာမှ အကြံပြု၊ The Irrawaddy https://www.irrawaddy.com/news/burma/inspection-report-recommend-canceling-controversial-hotel-project-inle-lake.html

93 ၉၃ https://www.culturalsurvival.org/publications/cultural-survival-quarterly/response-tourism-ladakh

94 ၉၄ http://www.catacombedinapoli.it/en/about

95 ၉၅ နိုင်ငံတကာ ကုန်သွယ်ရေးစင်တာ ၂၀၁၇၊ တာနီလာလတ် အစုအဖွဲ့အခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်

မရှိသော အနီးအနားမှမှရွာများ၊ ခရီးသွားဧည့်သည်များနှင့် အလှန်အပြန်ဆက်ဆံပြောဆိုနိုင်ရန် ဘာသာစကား မတတ်သူများ၊ ခရီးသွားဧည့်သည်များကိုရောင်းချရန်ကုန်စည်များနှင့် ဝန်ဆောင်မှုများပေးနိုင်ရန် ငွေရင်းနှီးမြှုပ်နှံရန် မတတ်နိုင်ကြသူများကိုလည်း ချန်လှပ်ထား၍မသင့်ပေ။ ထိုအတွက်ကြောင့် ၎င်းတို့ကိုပါ အခြားသော နည်းလမ်းဖြင့် အကျိုးဖြစ်ထွန်းအောင် ကြိုးပမ်းပေးရမည် ဖြစ်သည်။

## ကုန်ကြမ်းနှင့် နည်းပညာအကူအညီ လိုအပ်ချက်များ

နေရပ်ပြန်စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သော စီးပွားရေး ထူထောင်ရန် စိတ်ဝင်စားသူများအနေဖြင့် နည်းပညာအကူအညီများရယူကာ အကျိုးစီးပွားများဖော်ဆောင်နိုင်သည်။ နိုင်ငံတကာ ကုန်သွယ်ရေးဗဟို (ITC) က ကယားပြည်နယ်အတွင်း ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းစဉ်များကို လုပ်ဆောင်နေပြီး ပြည်နယ်၏ အခြားနေရာများတွင် ခရီးသွားလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် နည်းပညာအကူအညီများ ပေးနိုင်ပါသည်။[96၉၆] မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး Tourism Transparency က "ခရီးသွားဧည့်သည်များ ဆောင်ရန်၊ရှောင်ရန်လမ်းညွှန်"ကို ရေးသားပြုစုထားသည်။ ထိုလမ်းညွှန်က ကယားပြည်နယ်အတွက် သင့်တော်သော လမ်းညွှန် ရေးသာပြုစုရန် အထောက်အကူ ဖြစ်နိုင်သည်။[97၉၇]

http://www.intracen.org/uploadedFiles/intracenorg/Content/Redesign/Projects/NTF_3/HtaNeeLaLeh%20Programme2017.pdf

၉၆ နိုင်ငံတကာ ကုန်သွယ်ရေးစင်တာ၊ ၂၆. ဇန်နဝါရီ. ၂၀၁၇၊ မြန်မာနိုင်ငံ ကယားပြည်နယ်မှ ITC စီမံကိန်းက ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံတကာဆုရရှိ

http://www.intracen.org/news/ITC-project-in-Myanmars-Kayah-State-wins-international-award-for-community-based-tourism/

[97] ၉၇ http://dosanddontsfortourists.com/book/dos_and_donts_for_tourists.pdf

## ၃.၀ အကန့်အသတ်များနှင့် အခွင့်အလမ်းများ

နေရပ်ပြန် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအနေဖြင့် ကယားပြည်နယ်၌ အသေးစားနှင့် အလတ်စား စွန့်ဦးလုပ်ငန်းများ စတင်ချိန်တွင်အကန့်အသတ်များနှင့်အတူအခွင့်အလမ်းများကိုပါနှစ်ရပ်စလုံးရင်ဆိုင်တွေ့ရနိုင်သည်။ အောက်ဖော်ပြပါ ကဏ္ဍနယ်ပယ်ခြောက်ရပ်အတွင်း အကန့်အသတ်များနှင့် အခွင့်အလမ်းများကို ဆန်းစစ်ထားခြင်း ဖြစ်သည်။ အဆိုပါ ကဏ္ဍနယ်ပယ်ခြောက်ရပ်မှာ- ပထဝီအနေအထားနှင့်သဘာဂပတ်ဂန်းကျင်၊ ငွေကြေး၊ ဈေးကွက်အရွေ့၊ လူမှုရေး စံနှုန်းများ၊ အလုပ်သမားဈေးကွက်နှင့် မြေယာလုပ်ပိုင်ခွင့်တို့ ဖြစ်သည်။ ထို့ပြင် စီးပွားရေးတည်ဆောက်ပုံများနှင့် စုပေါင်းအုပ်ချုပ်မှုပုံစံများ၊ ဘဏ္ဍာငွေရရှိနိုင်မှုနှင့် အောင်မြင်မှုအတွက် ချိတ်ဆက်များကို လည်း ဆန်းစစ်ထားသည်။

ဇယား ၁ တွင် နယ်ပယ်ခြောက်ရပ်မှ အကန့်အသတ်များနှင့် အခွင့်အလမ်းများကို အကျဉ်းချုပ် ဖော်ပြထားပြီး ကန့်သတ်ချက်နှင့် အခွင့်အလမ်းများက တစ်ခုပေါ်တစ်ခု မည်သို့သက်ရောက်ကြောင်းကို ချိန်ဆနိုင်ရန် အကြံပြုထားသည်။ ထိုနောက်တွင် အကန့်အသတ်နှင့် အခွင့်အလမ်းများကို အသေးစိတ် စိစစ်ထားချက်များ ဖော်ပြထားသည်။ ယင်းသို့ ဖော်ပြနိုင်ရန်အတွက် ကယားပြည်နယ်အတွင်းက GAP မိတ်ဖက်များနှင့် အဓိကပုဂ္ဂိုလ်များ ကို တွေ့ဆုံမေးမြန်းမှုများ လုပ်ဆောင်ခဲ့ရသကဲ့သို့ စားပွဲဝိုင်းသုတေသနများ၊ ဈေးကွက် အကဲဖြတ်ခြင်းများနှင့် အပိုင်း ၂.၀ ပါ တန်ဖိုးကွင်းဆက် အကဲဖြတ်မှုများဖြင့်ပါ စစ်တမ်းထုတ်ထားခြင်း ဖြစ်သည်။

ဇယား၁ - အကန့်အသတ်များနှင့် အခွင့်အလမ်းများ အကျဉ်းချုပ်

| အကန့်အသတ်များ | အခွင့်အလမ်းများ |
|---|---|
| **ပထဝီအနေအထားနှင့် သဘာဝပတ်ဝန်းကျင်** | |
| မြေဆီသြဇာ ပြုန်းတီးမှု | စိုက်ပျိုးရေးသုံး ကုန်စည်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများ |
| စက်မှုစိုက်ပျိုးရေး လုပ်ကိုင်ရန် ဖိအားပေးခြင်း | ဂင်ငွေတိုးကာ ဈေးကွက်ချဲ့ထွင်နိုင်မည့် အလားအလာရှိခြင်း |
| ကန်ထရိုက်ယူ စိုက်ပျိုးရေး အစီအစဉ်တွင် ပါဂင်ရန် ဖိအား ပေးခြင်း | ကုန်စည်ဈေးနှုန်းကို ခန့်မှန်းနိုင်ခြင်းနှင့် ဂင်ငွေ တိုးလာစေခြင်း |
| သိုလှောင်ထားသောမျိုးစေ့များအား လက်လှမ်းမီရ ရှိရန် အခွင့်အရေးနည်းပါးခြင်း/မရှိခြင်း | မျိုးစေ့နှင့် ပျိုးပင် လုပ်ငန်းများ၊ မျိုးစေ့စုဆောင်းမှု လုပ်ငန်း စဉ်များ |
| ဆည်မြောင်းရေသွယ်စနစ် လိုအပ်မှုများ | သင့်တော်သော နည်းပညာများရရှိခြင်း၊ အစိုးရထောက်ကူ ပြုမှု နှင့် အလှူရှင်များရန်ပုံငွေပံ့ပိုးမှုဖြင့် အကောင်အထည်ဖေါ်သော ဆည်မြောင်းသွယ်ခြင်း လုပ်ငန်းများ |
| သစ်တောပြုန်းတီးမှုနှင့် ဆက်စပ်သော ရေရှားပါး ပြတ်လပ်မှု | အစုအဖွဲ့အလိုက် သစ်တောနှင့် ရေဝေကုန်းတန်း စီမံခန့်ခွဲမှု၊ သစ်တော ပြန်လည်ပျိုးထောင်မှုနှင့် သစ်တော ကာကွယ်ရေး လုပ်ငန်းစဉ်များ |
| ပုံမှန်မဟုတ်သော ရာသီဥတု/ ရာသီဥတု ဖောက် ပြန်ခြင်း | ရာသီဥတု ဘေးအန္တရာယ်ကို ကြောင့်ဆုံးရှုံးမှု နည်းစေရန် ထုတ်လုပ်သူများ သမဂါယမ စနစ်မျိုး စုပေါင်း လုပ်ဆောင်ခြင်း |
| **ဘဏ္ဍာငွေ ရရှိနိုင်မှု** | |
| ကြွေးမြီ ပြန်လည်ပေးချေမှု အခက်အခဲများ | အတိုးနည်း အသေးစားချေးငွေ (သို့မဟုတ်) စိုက်ပျိုးရေးချေးငွေ |

| | |
|---|---|
| | အစီအစဉ်များ |
| ဈေးငွေ ပြန်ဆပ်ကာလ တိုတောင်းလွန်းခြင်း | ကာလရှည် စိုက်ပျိုးရေး ဈေးငွေရနိုင်မှု၊ ဘဏ္ဍာငွေကြေး စီမံကိန်း နှင့် စီမံခန့်ခွဲမှု ကျွမ်းကျင်သင်တန်း |
| မရိတ်သိမ်းခင် စပ်ကြား ဝင်ငွေပြတ်လပ်မှု | ညှိနိုင်းနိုင်သော/ ရိုးရှင်းသော စိုက်ပျိုးရေး ဈေးငွေများ ရနိုင်မှု |
| အမျိုးသမီး တစ်နိုင်တစ်ပိုင် လယ်သူမများက ရင်းနှီးမြုပ်နှံမှု အရဲစွန့်ရခြင်းများကို မလိုလားခြင်း | ရင်းနှီးငွေများစွာ မစိုက်ထုတ်ရသော လုပ်ငန်းဆိုင်ရာ အတွေး အခေါ် လိုအပ်မှု |
| ငွေကြေးထောက်ပံ့မှု လုပ်ထုံးလုပ်နည်းများကို ခက်ခက်ခဲခဲ လိုက်နာကြရခြင်း | ဘဏ္ဍာငွေကြေး စီမံကိန်းနှင့် စီမံခန့်ခွဲမှု ကျွမ်းကျင်သင်တန်း |
| **ဈေးကွက်အရွေ့** | |
| မတည်ငြိမ်သော ကုန်စည်ဈေးနှုန်း | အစုအဖွဲ့ပိုင် ကုန်လှောင်ရုံ အဆောက်အအုံများ |
| ပွဲစားများ ဈေးကစားခြင်း | အစုအဖွဲ့ပိုင် သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ |
| ငွေကြေးတန်ဖိုး အတက်အကျ (ကျပ်ငွေတန်ဖိုး လျော့ကျခြင်း) | ထုံးစံအားဖြင့် သွင်းကုန်များဖြစ်သည့် ထုတ်ကုန်များအတွက် လုပ်ငန်းငယ်လေးများက အစားထိုးကုန်စည်ထုတ်လုပ်ခြင်း |
| ဈေးကွက်ဝေစု ဆုပ်ကိုင်ထားခြင်း | အရည်အသွေး ထိန်းချုပ်မှုကို ဦးတည်ခြင်း၊ စစ်မှန်သော ထောက်ခံချက်ဖြင့် လုပ်ငန်းကို ကိုယ်ပိုင်မှတ်ပုံတင်နိုင်မှုနှင့် နိုင်ငံတကာကွန်ရက်များနှင့် ချိတ်ဆက်မှုများ |
| **လူမှုရေးစံနှုန်းများ** | |
| အမျိုးသမီးများသည် ၎င်းတို့၏ အိမ်နှင့် ရွာအတွက် တာဝန်ရှိကြခြင်း | အစုအဖွဲ့ပိုင် ကုန်လှောင်ရုံ အဆောက်အအုံများ၊ သယ်ယူ ပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ၊ စီးပွားရေးတွင် အမျိုးသမီးများ လုပ်ပိုင်ခွင့်ရခြင်းဖြင့် အကျိုးအမြတ် ဖြစ်ပေါ်ခြင်း များအားဖြင့် ဂျင်ဒါအမြင် သဘောထားပြောင်းလဲလာမှု |
| ပြည်နယ်တွင်း ကုန်သွယ်ရေးအတွက် ဘာသာ စကား အတားအဆီးများ | အစုအဖွဲ့ပိုင် သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ |
| အမျိုးသမီးစွမ်းဆောင်မှုအုပ်စုများ (Women's Empowerment Groups-WEGs) တွင် တည်ငြိမ် သည့် အဖွဲ့ဝင်ဖြစ်ရေး ထိန်းသိမ်း ရန် ခက်ခဲမှု | WEGs အုပ်စုများသို့ အမျိုးသမီးအဖွဲ့ဝင်သစ်များ ဝင်ရောက် စေနိုင်သော အခွင့်အလမ်းများ |
| လူငယ်မျိုးဆက်များက အသက်မွေးဝမ်းကျောင်း အဖြစ် လယ်ယာစိုက်ပျိုးရေးအပေါ် စိတ်ဝင်စားမှု မရှိခြင်း | တောင်ပေါ်နှင့် ကျေးလက်တောနယ်ပိုင်းက အသိုင်းအဝိုင်းများ မှ မိသားစုမှီခိုသူများကို ငွေလွှဲငွေပို့ခြင်းဖြင့် ထောက်ပံ့နိုင်မှုနှင့် အပိုစု ဆောင်းနိုင်မှုနှင့် ဒေသခံ လူ့အဖွဲ့အစည်းတွင် ရင်းနှီး မြုပ်နှံလာမှုများ |
| **အလုပ်သမားဈေးကွက်** | |
| အလုပ်သမားများ အခြားဒေသများသို့ ပြောင်းရွှေ့ ထွက်ခွာမှု | တောင်ပေါ်နှင့် ကျေးလက်တောနယ်ပိုင်းက အသိုင်းအဝိုင်းများ မှ မိသားစုမှီခိုသူများကို ငွေလွှဲငွေပို့ခြင်းဖြင့် ထောက်ပံ့နိုင်မှုနှင့် |

| | |
|---|---|
| | အပိုစု ဆောင်းနိုင်မှုနှင့် ဒေသခံ လူ့အဖွဲ့အစည်းတွင် ရင်းနှီး မြုပ်နှံလာမှုများ |
| လူငယ်မျိုးဆက်များက အသက်မွေးဝမ်းကျောင်း အဖြစ် လယ်ယာစိုက်ပျိုးရေးအပေါ် စိတ်ဝင်စားမှု မရှိခြင်း | တောင်ပေါ်နှင့် ကျေးလက်တောနယ်ပိုင်းက အသိုင်းအဝိုင်းများမှ မိသားစုမှီခိုသူများကို ငွေလွှဲငွေပို့ခြင်းဖြင့် ထောက်ပံ့နိုင်မှုနှင့် အပိုစု ဆောင်းနိုင်မှုနှင့် ဒေသခံ လူ့အဖွဲ့အစည်းတွင် ရင်းနှီး မြုပ်နှံလာမှုများ |
| ကျွမ်းကျင်မှုသင်တန်းနှင့် စွမ်းဆောင်ရည် တည်ဆောက်မှု | ကယားပြည်နယ် ကျေးလက်ဒေသအတွင်း စီးပွားရေးကို ပစ်မှတ်ထားသည့် ကျွမ်းကျင်သင်တန်းများ တိုးချဲ့မှု |
| **မြေယာလုပ်ပိုင်ခွင့်** | |
| ရိုးရာဓလေ့ထုံးစံအရ မြေယာလုပ်ပိုင်ခွင့်ကို အသိအမှတ် မပြုခြင်း | လက်ရှိ လယ်ယာမြေဥပဒေ ပြုပြင်ပြောင်းလဲမှုသည် ပြည်သူများ အတွက် ခိုင်မာသည့် မြေယာလုပ်ပိုင်ခွင့် အခွင့်အလမ်းကို ဆောင်ကြဉ်းပေးခြင်း |
| မြေယာသိမ်းဆည်းခံရခြင်း | ဓလေ့ထုံးစံနှင့်အညီ မြေယာလုပ်ပိုင်ခွင့်တွင် အသေးစား လုပ်ငန်း များနှင့် အခြားသော တရားဝင် စီးပွားရေးလှုပ်ရှားမှုများ လုပ်ဆောင်ခြင်းဖြင့် လယ်ယာမြေ ပိုင်ဆိုင်မှုကို အားကောင်း စေခြင်း |
| နေရပ်ပြန်များအတွက် ရေရှည်ခိုင်မာသည့် မြေယာလုပ်ပိုင်ခွင့် မရှိခြင်း | နေရပ်ပြန် စွန့်ဦးတီထွင်လုပ်ငန်းရှင်များက ရေရှည် မြေယာ လုပ်ပိုင်ခွင့် ရရန် အာဏာပိုင်များအား ဆွေးနွေးစည်းရုံးခြင်း |

**ပထဝီအနေအထားနှင့် သဘာဝပတ်ဝန်းကျင်**

**မြေဆီလွှာပြုန်းတီးမှု** - နှစ်ကာလများစွာထွန်ယက်စိုက်ပျိုးခြင်းများကြောင့်မြေဆီလွှာပြုန်းတီးမှုဖြစ်ပေါ်ပြီး အကျိုးဆက်မှာအထွက်နှုန်းကျဆင်းလာရသည်။ မြေဆီလွှာပြုန်းတီးမှုနှင့်ရင်ဆိုင်နေရခြင်းကြောင့် လယ်သမားများသည် ဓာတုဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကဲ့သို့ စိုက်ပျိုးရေးသုံးပစ္စည်းများ ရောင်းချသည့် အသေးစား လုပ်ငန်းများအတွက် ဖောက်သည်များဖြစ်လာနိုင်သည်။ အသေးစား လုပ်ငန်းများက ဇီဝမြေဆွေး နှင့် micro-organism ကဲ့သို့ အော်ဂဲနစ်ဓာတ်မြေဩဇာများ ထုတ်လုပ်ခြင်းသည် မြေဆီဩဇာဓာတ် ကျဆင်းမှုနှင့် တွေ့ကြုံနေရသည့် လယ်သမားများကြား အလားအလာကောင်းသော ဈေးကွက်တစ်ခု ဖြစ်လိမ့်မည်။

**စက်မှုစိုက်ပျိုးရေးလုပ်ကိုင်ရန်ဖိအားပေးခြင်း** - တစ်နေရာတည်းတွင် ဈေးကောင်းရသော သီးထပ်စိုက်ပျိုးမှု များပြားလာခြင်းနှင့် မြေဆီဩဇာနှင့်အထွက်နှုန်းကျဆင်းခြင်းများကြောင့်လယ်သမားများအနေဖြင့် သွင်းအားစုအများအပြား ထည့်သွင်းရန်လိုအပ်သည့် စက်မှုစိုက်ပျိုးရေးပုံစံကို အပြည့်အဝလုပ်ဆောင်ရန် ပိုမိုဖိအားများရှိလာသည်။ စက်မှုစိုက်ပျိုးရေးနည်းစနစ် တွင် မျိုးစပ်ပျိုးပင်များ၊ ဓာတုဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုသည်။ ဒေသခံပြည်သူများအနေဖြင့်မူ ထိုစနစ်သို့ ငွေကြေးအကုန်အကျများစွာဖြင့် ပြောင်းလဲစိုက်ပျိုးပြီးနောက်တွင် ကြွေးမြီ မပေးဆပ်နိုင်ခြင်းနှင့် လယ်ယာမြေများဆုံးရှုံးခြင်းများဖြစ်ပေါ်လာမည့်ဘေးအတွက် စိုးရိမ်ပူပန်မှုများ မြင့်တက်နေ

သည်။ ထို့ပြင် ဓာတုဆေးများသုံးစွဲခြင်းမှ ဖြစ်လာနိုင်သော ကျန်းမာရေးပြဿနာနှင့် သဘာဝ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ အတွက်လည်းစိုးရိမ်စရာရှိသည်။ အခြားတစ်ဖက်၌မူ စက်မှုစိုက်ပျိုးရေးနည်း စနစ် အသုံးပြုခြင်းဖြင့် အထွက်နှုန်း တိုးပွားခြင်းကနေ လယ်သမားများဝင်ငွေတိုးခြင်းနှင့် လုပ်ငန်းချဲ့ထွင်နိုင်ခြင်းအပြင် ကယားပြည်နယ် ပြင်ပအထိ ဈေးကွက်ချဲ့ထွင်နိုင်မည့် အခွင့်အလမ်းများပါ ရှိထားသည်။

**ကန်ထရိုက်ပေးစိုက်ပျိုးရေးအစီအစဉ်တွင်ပါဝင်ရန်ဖိအားပေးခြင်း** - ပြီးခဲ့သည့်နှစ်များအတွင်းကယားပြည်နယ်တွင် စက်မှုစိုက်ပျိုးရေးအားကောင်းလာသည်နှင့်အတူ ကန်ထရိုက်ပေးစိုက်ပျိုးရေးစနစ်က သိသိသာသာ ကြီးမားလာခဲ့ သည်။ ကန်ထရိုက်ယူစိုက်ပျိုးရေးစနစ်ဆိုသည်မှာ "ကြိုတင်သတ်မှတ်ထားသောဈေးနှုန်းများဖြင့် စိုက်ပျိုးရေး ထုတ်ကုန်များထုတ်လုပ်ရန်နှင့် ပေးသွင်းရန်လယ်သမားများနှင့်ကုန်ချောထုတ်လုပ်သူများ နှင့်/သို့မဟုတ် ဈေးကွက် လုပ်ငန်းရှင်များ အကြား ကြိုတင်သဘောတူညီချက်တစ်ရပ် ဖြစ်သည်။"[98၉၈] ကန်ထရိုက်ပေးသည့် ကုမ္ပဏီများသည် အများအားဖြင့်စိုက်ပျိုးရေးသုံးပစ္စည်းတင်သွင်းမှုမှသည် သိုလှောင်မှု၊သယ်ယူပို့ဆောင်မှုများအထိ တန်ဖိုးကွင်းဆက်ကို ချုပ်ကိုင် ထားကြသူများ ဖြစ်သည်။ ကန်ထရိုက်ယူ စိုက်ပျိုးရေးစနစ်ကြောင့် အချို့သောလယ်သမားများ ဝင်ငွေတိုး လာခဲ့သော်လည်း အများစုသော လယ်သမားများကမူ အိမ်ထောင်စုကြွေးမြီတိုးများလာမည်နှင့် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်တို့အပေါ် သက်ရောက်လာမည်ကို စိုးရိမ်မှုများ ရှိနေသည်။ ကန်ထရိုက်ယူ စိုက်ပျိုးရေးသည် တစ်နိုင်တစ်ပိုင်လယ်ကွက်များထက် အကြီးစားလယ်ယာစိုက်ပျိုးမှုကို ပို၍ အလေးပေးပြီး လယ်သမားများမှာ ၎င်းတို့၏ ကုန်စည်များကို ဈေးကွက်ပေါက်ဈေးထက် နည်းပါးစွာဖြင့် ရောင်းချပေးနေရသည်။ ကန်ထရိုက်ယူ စိုက်ပျိုးရေးစနစ်ထဲ ပါဝင်ရန် လယ်သမားများအပေါ် ဖိအားပေးခြင်းများသည် ထိုင်းနိုင်ငံနှင့် နယ်စပ်ဂိတ်များ ဖွင့်လှစ်လာချိန်တွင် ရုတ်ခြည်း ပိုမိုများပြား လာဖွယ်ရာ ရှိနေသည်။ စီးပွားရေးလုပ်ငန်းကြီးများ၏ ကန်ထရိုက်ပေးစိုက်ပျိုးရေး အစီအစဉ်များ များပြားလာခြင်းသည် ထိုင်းမြောက်ပိုင်းတစ်လွှား၌ ကြီးကြီးမားမား လေထုညစ်ညမ်းမှု ပြဿနာများ ကြုံရခြင်းနှင့် ပတ်သက်နေသည်။[99၉၉]

**သိုလှောင်ထားသောမျိုးစေ့များအား လက်လှမ်းမီရ ရှိရန် အခွင့်အရေးနည်းပါးခြင်း/မရှိခြင်း** - ဒေသခံ ပြည်သူများနှင့် နေရပ်ပြန်များအနေဖြင့် ၎င်းတို့၏ ဝမ်းစာဖူလုံရုံ စိုက်ခင်းများနှင့် ၎င်းတို့၏ လုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး၌ အရည်အသွေးကောင်းသော မျိုးစေ့များ လိုအပ်လိမ့်မည်ဖြစ်ကြောင်း GAP မိတ်ဖက်များ၏ အစီရင်ခံစာက ဆိုသည်။ ထို့အတွက် မျိုးစေ့နှင့် ပျိုးပင်များ ရောင်းချသည့် လုပ်ငန်းသည် အခွင့်အရေးသာသည့် ဈေးကွက်တစ်ခု ဖြစ်နေသည်။ ယင်းအခြေအနေတွင် မျိုးစေ့စုဆောင်ခြင်းအစီအစဉ်များက နေရပ်ပြန်များအတွက် အကျိုး ဖြစ်စေလိမ့်မည်။

**ဆည်မြောင်းရေသွယ်စနစ် လိုအပ်မှုများ** - ငွေပေါ်လွယ်သောသီးနှံများအား သီးထပ်စိုက်ပျိုးမှု များပြားလာခြင်းသည် ဆည်မြောင်းသွယ်ရေ လိုအပ်ချက်ကို ပိုမို မြင့်တက်လာစေဖွယ်ရာ ရှိနေသည်။ နှမ်း၊ ပဲနှင့် မြေပဲကဲ့သို့ ဈေးကွက်ဝယ်လိုအားကောင်းသော သီးနှံများကိုသီးထပ်စိုက်ပျိုးမှုက ကယားပြည်နယ်တွင် လက်ရှိ၌ ကျယ်ပြန့်လာပြီး ယင်းသီးနှံပင်များရှင်သန်ရေးအတွက် ရေပမာဏအများအပြားကို အရေးတကြီးလိုအပ်သည်။ လယ်သမားများ အနေဖြင့် ဆည်ရေအရင်းအမြစ်များ လိုအပ်လာမည် ဖြစ်သကဲ့သို့ ရှိနေသောဆည်ရေများကို သင့်တော်သော နည်းစနစ်ဖြင့် ထိထိရောက်ရောက် သုံးစွဲနိုင်ရန် ရှေးရှုရမှာလည်း ဖြစ်သည်။ မြန်မာနိုင်ငံအခြေစိုက် Proximity Designs အဖွဲ့အစည်း တွင် သင့်တော်သော လက်နိပ်ရေတုံကင်အမျိုးမျိုးနှင့် ကယားပြည်နယ်ကျေးလက်ဒေသနှင့်

---

98 ၉၈ http://www.fao.org/docrep/004/y0937e/y0937e02.htm

99 ၉၉ Tan Hui Yee, ၂၀၁၆မတ်၂၁၊ချင်းမိုင်ရဲ့ခေါင်းခဲစရာပြ - မီးခိုးမြူများကြားကဂျုံပြောင်းပင်များ - The Straits Times https://www.straitstimes.com/asia/se-asia/chiang-mais-headache-corn-fed-smoke-haze

သင့်တော်မည်ဖြစ်သည့် ထိရောက်သော ဆည်ရေသွယ် ပိုက်လိုင်းစနစ်များ ရှိသည်။[100၁၀၀] ကျယ်ကျယ် ပြန့်ပြန့် လုပ်ဆောင်သင့်သောအရာမှာ ကျေးလက်လူ့အဖွဲ့အစည်းအနေဖြင့် ကယားပြည်နယ် အစိုးရနှင့် ပြည်ထောင်စု အစိုးရနှင့်အတူ ဆည်ရေသွယ်စနစ် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး ကို ရန်ပုံငွေပံ့ပိုးပေးရန် စိတ်ဝင်စားသည့် နိုင်ငံခြားအလှူရှင်များနှင့် တွဲဖက်လုပ်ကိုင်နိုင်ရန် ကြိုးစားသင့်သည်။

**သစ်တောပြုန်းတီးမှုနှင့် ဆက်စပ်သော ရေရှားပါးပြတ်လပ်မှု** - ဆိုးဆိုးဝါးဝါး သစ်တောပြုန်းတီးမှုကို ရင်ဆိုင်နေရသော နယ်မြေများ၊ အထူးသဖြင့်ကုန်းမြင့်နှင့် တောင်ထိပ်များကဲ့သို့ ရေဝေကုန်းတန်းများတွင် လယ်သမားများသည် ရေရှားပါးပြတ်လပ်မှုနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။ ဒေသခံရပ်ရွာလူထုအတွက် သစ်တောပြန်လည်ပျိုးထောင်မှုနှင့် သစ်တောကာကွယ်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ခြင်းဖြင့် အစုအဖွဲ့ပိုင်သစ်တောနှင့် ရေဝေကုန်းတန်းစီမံခန့်ခွဲမှုကို ထိန်းချုပ်နိုင်ရန် အခွင့်အလမ်းတစ်ရပ်လည်း ရှိထားသည်။

**ပုံမှန်မဟုတ်သောရာသီဥတု** - ပြီးခဲ့သည့်နှစ်များအတွင်း အချို့အရပ်များတွင် မိုးကြီးပြီး ကျန်အချို့အရပ်များတွင် မိုးခေါင်ခြင်းများဖြင့် တောင်သူလယ်သမားများအနေဖြင့် ပုံမှန်မဟုတ်သော ရာသီဥတုကို ရင်ဆိုင်လာရကြောင်း GAP မိတ်ဖက်များအရ သိရသည်။ ရာသီဥတု ဖောက်လွဲဖောက်ပြန် အခြေအနေက စိုက်ပျိုးရေး ထွက်ကုန်များ၏ ဈေးနှုန်းကို မတည်ငြိမ်စေသည့်ဘေးများတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ကယားပြည်နယ်တစ်လွှား မတူညီသော အရပ်ဒေသများမှ လယ်သမားများအတွက်ထိခိုက်မှုနည်းပါးစေရန် ထုတ်လုပ်သူများ စုပေါင်းဖွဲ့စည်းသည့် အများပိုင် အဖွဲ့အစည်းများ ဖြင့် အာမခံစိတ်ချရသော ဈေးနှုန်းများကို သတ်မှတ်ထားရမည် ဖြစ်သည်။

## ချေးငွေ နှင့် ဘဏ္ဍာငွေရရှိမှုအခွင့်အလမ်း

**ချေးငွေပြန်လည်ပေးချေမှုအခက်အခဲများ** - လက်ရှိအချိန်တွင် ကယားပြည်နယ်မှ လယ်သမားအချို့သည် စိုက်ပျိုးရေးဝန်ကြီးဌာန၊ ကမ္ဘာ့ဘဏ်၊ အသေးစားစုငွေနှင့် ချေးငွေစီမံကိန်းများမှ ချေးငွေများ ရရှိလာပြီဖြစ်သည်။ ယခုနှစ်တွင် မိုးသည်းထန်၍ ကောက်ပဲသီးနှံများပျက်ဆီးခြင်း၊ ပိုးကျခြင်းနှင့် ပွဲစားများ ဈေးကစားခြင်းများကြောင့် ဝင်ငွေလျော့နည်းကာ လယ်သမားများမှာ ချေးငွေပြန်လည်ပေးဆပ်ရန် အခက်ကြုံရကြောင်း GAP မိတ်ဖက်များ၏ တွေ့ဆုံမေးမြန်းမှုများအရ သိရသည်။ အများစုသော လယ်သမားများက ၎င်းတို့မှာချေးငွေကို ပြန်လည်မဆပ်နိုင်ဖြစ်ရကြောင်း တင်ပြကြပြီး ပြန်လည်ပေးဆပ်နိုင်သည့် လယ်သမားများမှာလည်း ကောက်ပဲသီးနှံရောင်းရငွေများမှ အမြတ်ငွေတော်တော်များများဖြင့်ပေးဆပ်ရခြင်းဖြစ်ပြီးအကျိုးမထူးဖြစ်ခဲ့ရသည်ဟုဆိုသည်။ လယ်သမားများ အနေဖြင့် အတိုးနည်းအသေးစားချေးငွေလုပ်ငန်းနှင့် စိုက်ပျိုးရေး ချေးငွေအစီအစဉ်များတွင်ပါဝင်ရန် စိတ်အားထက်သန်နေကြသည်။

**ချေးငွေပြန်ဆပ်ကာလတိုတောင်းလွန်းခြင်း** - ကျေးလက်တောနယ်မှ လုပ်ငန်းရှင်များသည် လက်ရှိ စိုက်ပျိုးရေးချေးငွေနှင့် အသေးစားချေးငွေများကို ပြန်လည်ပေးဆပ်ရန် အချိန်ကာလ လုံလုံလောက်လောက် မရှိကြောင်း တင်ပြကြသည်။ ၎င်းတို့၏ လုပ်ငန်းများ အားကောင်းပြီး တည်တည်ငြိမ်ငြိမ်ဖွံ့ဖြိုးမှုဆီ မရောက်သေးမီ ချေးငွေပြန်လည်ပေးဆပ်ရေးကိုသာ ဦးစားပေးနေရကြောင်း ပြောဆိုကြခြင်း ဖြစ်သည်။ လယ်သမားများအနေဖြင့် ကာလရှည်စိုက်ပျိုးရေးချေးငွေအစီအစဉ်များ အပြင် ဘဏ္ဍာငွေစီမံခြင်းနှင့်စီမံခန့်ခွဲမှုကျွမ်းကျင်မှုစွမ်းရည်များ ပိုမို

---

[100] ၁၀၀ Al Jazzera English, 4 May 2015, Earthrise - Myanmar's Smart Farmers [video clip], https://www.youtube.com/watch?v=-D_VvFZKOc0

တိုးတက်ကောင်းမွန်လာပါက အကျိုးကျေးဇူး ရှိလာလိမ့်မည်ဖြစ်သည်။ GAP ၏ မိတ်ဖက် KPSSDA က အနာဂတ်တွင် သင်တန်းများ ပို့ချပေးရန်ရှိသည်။

**မရိတ်သိမ်းခင်စပ်ကြားဝင်ငွေပြတ်လပ်မှု** - လယ်သမားများသည် စိုက်ပျိုးရေးအတွက် လိုအပ်သမျှကို သုံးစွဲ ကုန်ကျပြီးချိန်နှင့် ရိတ်သိမ်းပြီးနောက် ရောင်းရဝင်ငွေမရရှိသေးမီ စပ်ကြားဝင်ငွေပြတ်လပ်မှုကို ကြုံနေရသည်။ လယ်သမားတော်တော်များများသည် ထိုစပ်ကြားကာလအတွင်း နေ့စဉ်အသုံးစရိတ် ကာမိရန်အတွက်ပင် အခက်ကြုံနေကြရသည်။ ဝင်ငွေ လက်ငင်းလိုအပ်မှုကြောင့် လယ်သမားများသည် တစ်ခါတစ်ရံ ၎င်းတို့၏ သီးနှံများကို ပေါက်ဈေးထက် ဈေးနှိမ်ပေးခံပြီး ကြိုရောင်းချကြရသည်။ လယ်သမားများအတွက် ညှိနိုင်းနိုင်သော စိုက်ပျိုးရေးချေးငွေ အစီအစဉ်များကို လုပ်ဆောင်ပေးရန် လိုအပ်နေသည်။

**တစ်နိုင်တစ်ပိုင် အမျိုးသမီး လယ်သူမများက ရင်းနှီးမြှုပ်နှံမှု အရဲစွန့်ရခြင်းများကို မလိုလားခြင်း** - ကျေးရွာအုပ်စုများရှိ အမျိုးသမီးများသည် အရဲစွန့်ရခြင်းများကို မလိုလားကြဘဲ ချေးငွေများများ ထုတ်ယူရန် လက်တွန့်ကြကြောင်း GAP မိတ်ဖက်များက တင်ပြသည်။ ထို့အတွက်ကြောင့် ငွေလုံးငွေရင်းနည်းပါးသည့် စီးပွားရေးလုပ်ငန်းများကိုသာ စိတ်ဝင်စားကြသည်ဟု ဆိုသည်။ အမျိုးသမီး တစ်နိုင်တစ်ပိုင် လယ်သူမများအတွက် ငွေလုံးငွေရင်း မကြီးမားသည့် လုပ်ငန်းရွေးချယ်ခွင့်များ လိုအပ်သည်။

**ငွေကြေးထောက်ပံ့မှု လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် အခက်အခဲရှိခြင်း**- "ကိုယ်ထူကိုယ်ထအုပ်စု" အသေးစား ချေးငွေလုပ်ငန်းများနှင့် ပတ်သက်သည့် ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အချို့သော အမျိုးသမီးများအနေဖြင့် လိုက်နာရသည်မှာ အခက်အခဲရှိနေကြောင်း GAP မိတ်ဖက်များက တင်ပြသည်။ လယ်သမားများအား ဘဏ္ဍာငွေ စီမံခြင်းနှင့် စီမံခန့်ခွဲမှု ကျွမ်းကျင်မှုများကို မြှင့်တင်ပေးခြင်းဖြင့် အကျိုးကျေးဇူး ရှိလာလိမ့်မည်ဖြစ်ပြီး GAP ၏ မိတ်ဖက် KPSSDA က နောက်ပိုင်းတွင် သင်တန်းများ ပို့ချပေးရန် ရှိနေသည်။

## ဈေးကွက်အရွေ့

**မတည်ငြိမ်သော ကုန်စည်ဈေးနှုန်း** - လယ်သမားများသည် စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်၌ မတည်ငြိမ်သော ဈေးနှုန်း အတက်အကျကို လည်စင်းခံနေရသူများဖြစ်သည်။ ငွေပေါ်လွယ်သော သီးနှံတစ်မျိုးတည်း အဓိကထား စိုက်ပျိုးမှု တွင်ကျယ်လာခြင်းက ဈေးနှုန်း အတက်အကျ၏ ရိုက်ခတ်မှုကို အဓိကခါးစည်းခံခြင်းအကြောင်း ဖြစ်သည်။ ဉပမာအနေဖြင့် ယခု ရာသီ အစောပိုင်းတွင် ပြောင်းဈေး ကောင်းခဲ့သော်လည်း ဈေးကွက်သို့ ပြောင်း လှိုင်လှိုင် ဝင်သောကြောင့် ဈေးလျှော့ပေးသည်နှင့် ကြုံရသည်။ နောက်ပိုင်းမှ ရိတ်သိမ်းရောင်းချသူများမှာ အနိမ့်ဈေးသာ ရရှိသည်။ လယ်သမား တော်တော်များများမှာ ရွေးချယ်စရာ မရှိသော်လည်း သီးနှံ ထိန်းသိမ်းခ ကုန်ကျစရိတ်ကြောင့် အနိမ့်ဈေးနှင့်ပင် ရောင်းချကြရသည်။ အစုအဖွဲ့ပိုင် ကုန်လှောင်ရုံများက လယ်သမားများအား ဈေးကွက်၌ ပိုမိုအားသာစေမည်ဖြစ်ကာ အတက်ဈေးကို စောင့်ပြီး ရောင်းချနိုင်စွမ်း ရှိစေမည်ဖြစ်သည်။

**ပွဲစားများ ဈေးကစားခြင်း** - လယ်သမားများက ၎င်းတို့၏ ကုန်စည်များအတွက် အနိမ့်ဈေးသာ ရရှိသည့် နောက်ထပ် အကြောင်းတစ်ရပ်မှာ ဈေးနှုန်း မတည်မငြိမ် အတက်အကျကြောင့် မဟုတ်ဘဲ ပွဲစားများက အနိမ့်ဈေးဖြင့် ရောင်းချရန် လယ်သမားများကို ဖိအားပေးကာ ၎င်းတို့၏ လုပ်ပိုင်ခွင့်ဖြင့် အသာစီးယူခြင်းကြောင့် ဖြစ်သည်။ ပွဲစားများသည် လက်ကားဈေးနှုန်းအတွက် ဈေးသတ်မှတ်ရာ၌ လုပ်ပိုင်ခွင့် အသာစီးရယူထားကြသည်။ ဈေးကွက်သို့ ကုန်စည်များ တစ်ပါတည်း သယ်ယူရောင်းချခြင်းမရှိသော လယ်သမားများမှာ ပွဲစားများက ၎င်းတို့၏ ကုန်စည်များကို လာရောက်

ဂယ်ယူခြင်းအပေါ် အားထားနေရပြီး အခြားရွေးချယ်စရာလည်းမရှိခြင်းကြောင့် ဈေးကစားခြင်းဒဏ်ကို ပိုမိုခံစားရသည်။ ထိုအရေးကို ဖြေရှင်းကျော်လွှားရန်မှာ အစုအဖွဲ့ပိုင် သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ တည်ထောင်ခြင်းဖြင့် ပွဲစားအရေအတွက် ပိုမိုများပြားစေကာ ဈေးကွက်၌ တနိုင်တပိုင် လယ်သမားများ အထူးသဖြင့် အမျိုးသမီးများကို ၎င်းတို့၏ ကုန်စည်များ အမြင့်ဈေး ရမှရောင်းချနိုင်သည့် ရွေးချယ်စရာ ရှိလာစေမည်ဖြစ်သည်။

**ငွေကြေးတန်ဖိုးအတက်အကျ** - ၂၀၁၆ခုနှစ်တွင် ပြည်တွင်းငွေကြေးကို ဈေးကွက်ပေါက်ဈေးအလိုက် နိုင်ငံခြားငွေကြေးများနှင့် လဲလှယ်ခွင့်ပြုလိုက်ချိန်မှစကာ မြန်မာကျပ်ငွေသည် မတည်မငြိမ် ဖြစ်နေခဲ့သည်။ ပြီးခဲ့သည့်နှစ်အတွင်းက ကျပ်ငွေတန်ဖိုးသိသိသာသာ လျော့ကျသည်။ ငွေလဲနှုန်း အတက်အကျမငြိမ်ခြင်းသည် လုပ်ငန်းရှင်များအတွက် ထုံးစံအားဖြင့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏စီးပွားရေးပုံစံတွင် ကြိုတင်မမှန်းဆနိုင်မှုများ ထပ်မံဖြည့်စွက်ရသောကြောင့်ဖြစ်သည်။ သို့သော်အချို့သောလုပ်ငန်းရှင်များအတွက် ငွေတန်ဖိုးကျခြင်းကြောင့် အခြားသူများထက် အကျိုးဖြစ်ထွန်းနိုင်ဖွယ်ရှိသည်။ ကျပ်ငွေတန်ဖိုးလျော့ကျခြင်းသည် ပို့ကုန်အသားပေးသော စီးပွားရေးလုပ်ငန်းများအတွက် ၎င်းတို့၏ ကုန်စည်များ နိုင်ငံတကာဈေးကွက်တွင် နှိုင်းယှဉ်ဈေးချိုမှုဖြစ်စေ၍ အကျိုးအမြတ်ဖြစ်လာလိမ့်မည် ဖြစ်သည်။ အခြားတစ်ဖက်တွင်လည်း ကျပ်ငွေတန်ဖိုးကျခြင်းသည် သွင်းကုန်ပစ္စည်းလိုအပ်သော စီးပွားရေးလုပ်ငန်းများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လိမ့်မည်။ ၎င်းတို့၏ သွင်းကုန် ကုန်ကျစရိတ်များက ဆက်စပ်ဖြစ်ပေါ်မှုအရ ပို၍ဈေးကြီးမြင့်သွားလိမ့်မည်ဖြစ်သည်။ ကျပ်ငွေတန်ဖိုး နှိုင်းယှဉ်ချက်အရ တန်ဖိုးလျော့ကျနေသည့် ဖြစ်စဉ်တွင် အသေးစားလုပ်ငန်းများက ထုံးစံအားဖြင့် တင်သွင်းရမည်ဖြစ်သော ကုန်စည်များကို အစားထိုး ထုတ်လုပ်ခြင်းဖြင့် အောင်မြင်မှုရနိုင်သည့် အနေအထားလည်း ရှိသည်။

**ဈေးကွက်ဝေစု ဆုပ်ကိုင်ထားခြင်း**-အချို့သော အလားအလာရှိသည့် နေရပ်ပြန် စွန့်ဦးလုပ်ငန်းရှင်များသည် ၎င်းတို့၏ လုပ်ငန်း အောင်မြင်ပါက အခြားသူများက ၎င်းတို့၏ အောင်မြင်မှုကို တွေ့မြင်ကာ ဈေးကွက်ဂေစုကို လုယူရန် စင်ပြိုင်ထောင်လာမည်ကို စိုးရိမ်မှုများ ရှိနေကြောင်း GAP မိတ်ဖက်များက တင်ပြသည်။ ၎င်းတို့၏ ဈေးကွက်ဝေစုကို ထိန်းသိမ်းထားနိုင်ရေး ၎င်းတို့၏ အယူအဆမှာ အရည်အသွေး ထိန်းချုပ်ခြင်းနှင့် ၎င်းတို့၏ ထုတ်ကုန်များကို တစ်မူထူးခြားစေကာ ကိုယ်ပိုင်အမှတ်အသားပြုခြင်း (ဥပမာ - ထုတ်ကုန်များတွင် ထုတ်လုပ်သူများ၏ အကြောင်းအရာများကိုလည်း တင်ပြထားခြင်း)၊ အသိအမှတ်ပြုလက်မှတ်ရရှိအောင်လုပ်ဆောင်ခြင်း (အော်ဂဲနစ်၊ မျှတသော အရောင်းအဝယ် စသဖြင့်)၊ ရပ်ရွာအခြေပြုနှင့် သမဂါယမလုပ်ငန်းများအတွက် နိုင်ငံတကာကွန်ရက်နှင့် ချိတ်ဆက်စေခြင်းတို့အပေါ် ဦးတည်ထားကြသည်။

## လူမှုရေးအခင်းအကျင်းများ

**အမျိုးသမီးများသည် ၎င်းတို့၏ အိမ်နှင့် ရွာအတွက် တာဝန်ရှိကြခြင်း** - GAP က ပစ်မှတ်ထားသော ကျေးရွာအုပ်စုများမှအမျိုးသမီးများမှာ ခရီးသွားလာခြင်းကို (လှိုင်ကော်မြို့ပေါ် သွားလာသည်ကိုပင်) စိတ်မချ လက်မချ ဖြစ်နေဖွယ်ရှိသည်ဟု KNWO က ဆိုသည်။ အမျိုးသမီးများမှာ ၎င်းတို့၏ အိမ်ထောင့်တာဂန်များ (ကလေး စောင့်ရှောက်ခြင်း၊ သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်းစသဖြင့်) မှ အချိန်ကြာဖယ်ခွာလိုစိတ် မရှိကြပေ။ သို့သော် သယ်ယူပို့ဆောင်ခွင့်ရန် အဆင်ပြေမည်ဆိုပါက အမျိုးသမီးများအနေဖြင့်လည်း ၎င်းတို့၏ ထုတ်ကုန်များကို ပေးပို့လိုစိတ် ရှိလိမ့်မည် ဖြစ်သည်။

ယင်းကိစ္စကို ဖြေရှင်းကျော်လွှားရန်အတွက် အစုအဖွဲ့ပိုင် သိုလှောင်ရုံများနှင့် သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ တည်ထောင်ခြင်းအားဖြင့် အမျိုးသမီး စွန့်ဦးလုပ်ငန်းရှင်များက ကုန်သွယ်ရေးလုပ်ဆောင်မှုများအတွက်

ခရီးသွားလာနိုင်ခွင့်ကို ဝေမျှရရှိနိုင်မည် ဖြစ်သည်။ ထို့ပြင် ၎င်းတို့၏ အိမ်ထောင့် တာဝန်များကို ဆက်လက် ဦးစားပေး ဆောင်ရွက်ရင်း အမြင့်ဈေးဖြင့်လည်း ရောင်းချနိုင်ခွင့်ရစေမည် ဖြစ်သည်။ ထပ်လောင်း အကျိုးရလဒ် အနေဖြင့် စီးပွားရေးတွင် အမျိုးသမီးများ လုပ်ပိုင်ခွင့်ရခြင်းက မိသားစုတစ်ခုလုံးနှင့် အသိုင်းအဝိုင်းအတွင်း အကျိုးကျေးဇူးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရခြင်းအားဖြင့် ကျား၊မရေးရာအပေါ် သဘောထားပြောင်းလဲလာမှုများ ဖြစ်ပေါ်လာစေမည် ဖြစ်သည်။

**ပြည်နယ်တွင်း ကုန်သွယ်ရေးအတွက် ဘာသာစကား အတားအဆီးများ-** ရှားတောမြို့နယ်မှ အမျိုးသမီးများသည် ရောင်းရေးဝယ်တာလုပ်ငန်းအတွက် ခရီးထွက်ကြရန် တွန့်ဆုတ်နေကြသည့် အကြောင်းရင်းမှာ ကယားပြည်နယ် အခြားဒေသများနှင့် ကျန်အခြားသောပြည်နယ်များမှ လက်ကားသမားများ၊ ဖောက်သည်များနှင့် အရောင်းအဝယ်ပြု ရာတွင် ဘာသာစကားအခက်အခဲရှိနိုင်ခြင်း၊ မြန်မာစကားအသုံးနည်းခြင်းနှင့် ကယားပြည်နယ်ရှိအခြားဒေသများ မှ လူများနှင့် ဒေသိယစကားကွဲပြားခြင်းတို့ကြောင့် ဖြစ်နိုင်ကြောင်း KNWO ကဆိုသည်။ အစုအဖွဲ့ပိုင် သယ်ယူ ပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများတည်ထောင်ခြင်းဖြင့် အမျိုးသမီးစွန့်ဦးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်ရေး လုပ်ဆောင်မှုများအတွက် ခရီးသွားလာခွင့်ကိုဝေမျှရရှိနိုင်မည်ဖြစ်ကာ အရောင်းအဝယ်အတွက် အသုံးဝင်သော ဘာသာ စကားစွမ်းရည်ကိုလည်း ရရှိစေနိုင်မည် ဖြစ်သည်။

**Women's Empowerment Groups တွင် တည်ငြိမ်သည့်အဖွဲ့ဝင်ဖြစ်ရေး ထိန်းသိမ်းရန် ခက်ခဲမှု-** အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်မီးဖွားခြင်း၊ကိုယ်ပိုင်အလုပ်နှင့်စိုက်ပျိုးထွန်ယက်ခြင်းတို့အပါအဝင် အခြားသော ဝေယျာဝစ္စ တာဝန်များ ကြောင့် အလုပ်များလာခဲ့ရာ Women's Empowerment Groups (WEG) အဖွဲ့ဝင်ဦးရေ အလားအလာမှာ ပြီးခဲ့သည့်နှစ်နှစ်ကျော်အတွင်း ယုတ်လျော့လာသည်။ ယင်းကပင် WEGs သို့ အမျိုးသမီးသစ်များ ဝင်ရောက်လာမည့် အခွင့်အလမ်းတစ်ရပ် ဖြစ်တော့သည်။

**အလုပ်သမားဈေးကွက်**

**အလုပ်သမားများ အခြားဒေသသို့ပြောင်းရွှေ့လုပ်ကိုင်မှု-** ကယားပြည်နယ်ကျေးလက်ဒေသမှ လူတော်တော်များများ အထူးသဖြင့် လူငယ်များနှင့် အသက် ၁၈ မှ ၃၅ နှစ် အတွင်းရှိ အမျိုးသမီးများက ရွှေ့ပြောင်းအလုပ်သမားများအဖြစ် လုပ်ကိုင်ရန် ရွေးချယ်နေကြကြောင်း GAP မိတ်ဖက်များက တင်ပြသည်။ တစ်ခါတစ်ရံ ရွှေ့ပြောင်းအလုပ်သမားများမှာ ဘိန်းစိုက်ဧရိယာများတွင် နေထိုင်ကြသည်။ အမျိုးသားများ မူးယစ်ဆေးဝါးနှင့် အရက်သေစာ သုံးစွဲကြခြင်းများက (ဒေသမှာက အလုပ်အကိုင်မရှိ၊ ထို့အတွက် အမျိုးသားများက မူးယစ်ဆေးနှင့် အရက်တွင် ဘဝကို နှစ်မြုပ်) အမျိုးသမီးများကို ရွှေ့ပြောင်းအလုပ်သမားအဖြစ်သို့ ရောက်ရှိရန် တွန်းပို့နေသည့်အပြင် (အမျိုးသားများက ငွေလွှဲပို့မှု လက်ခံရရှိပြီး အလုပ် လုပ်ကိုင်ကြတော့ခြင်း မရှိ)သည့် အကျိုးဆက် ဖြစ်ပေါ်စေသည်။ ရွှေ့ပြောင်းအလုပ်သမားများ အတွက် ပြည်ပမှဝင်ငွေရရှိကာ တောင်တန်းကုန်းမြင့်နှင့်ကျေးလက်ရှိမိသားစုမှီခိုနေသူများထံ ထောက်ပံ့ငွေ လွှဲပြောင်း ပေးပို့နိုင်သော အခွင့်အလမ်းရှိနေသည်။ ယင်းအခြေအနေကို ဒေသခံရပ်ရွာလူထုအတွင်း ငွေစုဆောင်းရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာအောင် အကျိုးရှိရှိ အသုံးချနိုင်မည့် အခွင့်အလမ်း ရှိနေသည်။

**လူငယ်မျိုးဆက်များက အသက်မွေးဝမ်းကျောင်းအဖြစ် လယ်ယာစိုက်ပျိုးရေးအပေါ် စိတ်ဝင်စားမှု မရှိခြင်း-** လူငယ်များသည် စိုက်ပျိုးရေးကဏ္ဍတွင် ၎င်းတို့၏ အနာဂတ်ကို မမြင်ကြတော့။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ၏ အကျိုးဖြစ်ထွန်းမှုကိုတိုးပွားစေပြီး စိုက်ပျိုးရေးအားအသက်မွေးဝမ်းကြောင်းအဖြစ်ရွေးချယ်ရန် စိတ်ဝင်စားမှုကို မြှင့်တင် ပေးမည့် တီထွင်ဆန်းသစ်မှုများလုပ်ဆောင်ရန်လည်း ကြိုးစားလုပ်ဆောင်ခြင်းမရှိတော့သည်မှာ ပကတိအခြေအနေ

ဖြစ်သည်။ လူငယ်များသည် ပြည်တွင်းနှင့် ပြည်ပရွှေ့ပြောင်းအလုပ်သမားများဘဝကို ရွေးချယ်နေကြကြောင်း GAP မိတ်ဖက်များကဆိုသည်။ လူငယ်များအတွက် ပြည်ပမှဝင်ငွေရရှိကာ တောင်တန်းကုန်းမြင့်နှင့်ကျေးလက်ရှိ ရပ်ရွာလူထုမှ မိသားစုမှီခိုနေသူများထံ ထောက်ပံ့ငွေလွှဲပြောင်းပေးပို့နိုင်သော အခွင့်အလမ်း ရှိနေသည်။ ယင်းအခြေအနေကို ဒေသခံလူ့အဖွဲ့အစည်းအတွင်း ငွေစုဆောင်းရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာအောင် အကျိုးရှိရှိ အသုံးချ နိုင်သည်။

**ကျွမ်းကျင်မှုသင်တန်းနှင့်စွမ်းဆောင်ရည်တည်ဆောက်မှု** - ဒုက္ခသည်များကြားနှင့် ကယားပြည်နယ်တွင်းမှ အလားအလာရှိသော စွန့်ဦးစီးပွားရေးလုပ်ငန်းရှင်များက အသေးစားလုပ်ငန်းများ စတင်ချိန်တွင် ၎င်းတို့မှာ နည်းပညာအကူအညီလိုအပ်လိမ့်မည်ဟုပြောဆိုကြကြောင်း GAP မိတ်ဖက်များနှင့်တွေ့ဆုံမေးမြန်းမှုအရသိရသည်။ ဒုက္ခသည်စခန်းများနှင့် ကယားပြည်နယ်ကျေးလက်ဒေသတွင် ကျွမ်းကျင်မှုသင်တန်းပေးသောလုပ်ငန်းစဉ်များ ကို ဦးတည်သည့် စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်သွားရန် အခွင့်အလမ်းရှိနေသည်။

### မြေယာလုပ်ပိုင်ခွင့်အတွက်စိန်ခေါ်မှုများ

**ဓလေ့ထုံးတမ်းအရမြေယာလုပ်ပိုင်ခွင့်ကိုအသိအမှတ်မပြုခြင်း** - ကယားပြည်နယ်က အများစုသော လယ်ယာမြေများကို ဒေသခံပြည်သူများက ဓလေ့ထုံးတမ်းအရ လုပ်ကိုင်ဆောင်ရွက်နေကြခြင်း ဖြစ်သည်။ အစိုးရက ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့်ကို အသိအမှတ် မပြုသော်လည်း (ဥပမာ တရားဝင်မြေယာလုပ်ပိုင်ခွင့် စာရွက်စာတမ်း မပေးခြင်း) ဒေသခံအသိုင်းအဝန်းက 'အစိုးရသစ်တောမြေ' တွင် ရာသီလိုက် ထွန်ယက်စိုက်ပျိုးခြင်းများ ပြုလုပ်နေခြင်းအား သစ်တောဌာနက တင်းတင်းကြပ်ကြပ် တားမြစ်ခြင်းလည်း မရှိပေ။ သို့သော် မြန်မာနိုင်ငံ၏ အခြားနယ်မြေဒေသများမှ ဥပမာ ဖြစ်ရပ်များအပေါ်မှီတည်ပြီး ယင်းအခြေအနေသည်အနာဂတ်တွင် ပြောင်းလဲသွားနိုင်သည်။ မြေယာပိုင်ဆိုင်မှု စာရွက်စာတမ်းမရှိဘဲ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးနေသူများ နှင့်မတူဘဲ ခြားနားစွာစပါးစိုက် တောင်သူလယ်သမား သည် စိုက်ပျိုးရေးဝန်ကြီး ဌာန မှ ပုံစံ - ၇ ကို လျှောက်ထားနိုင်သည်။ မြန်မာနိုင်ငံ၏ မြေယာနှင့်ပတ်သက်သော တရားဥပဒေမူဘောင်ကို လက်ရှိအချိန်တွင်ပြင်ဆင်ပြောင်းလဲနေသည်။ (ဥပမာ အမျိုးသား မြေယာအသုံးချရေး မူဝါဒက ဓလေ့ထုံးစံနှင့်အညီ မြေယာလုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုခြင်း စသဖြင့်) ကျေးလက်နေ ရပ်ရွာလူထု အတွက် ခိုင်မာသည့် မြေယာလုပ်ပိုင်ခွင့်များ ရရှိနိုင်အောင် မြေယာဥပဒေ ပြင်ဆင်ပြောင်းလဲမှုက အခွင့်အလမ်းတစ်ရပ် ဖြစ်သည်။

**မြေယာသိမ်းဆည်းခံရခြင်း** - GAP စီမံကိန်း လုပ်ဆောင်ရန် သတ်မှတ်ထားသော မြို့နယ်သုံးခုတွင် မြေယာ သိမ်းဆည်းခံရခြင်းများက အဓိကပြဿနာ မဟုတ်ပေ။ ဒေသတွင် ပြင်ပရင်းနှီးမြှုပ်နှံမှုများက အနည်းငယ်သာ ရှိခြင်းကြောင့် ဖြစ်သည်။ (လက်ရှိအထိ အလွန်အကျွံသစ်ခုတ်လုပ်မှုများသာရှိနေသည်။) သို့သော် ထိုင်းနယ်စပ် ဂိတ်များဖွင့်သည့်အခါ၌ အပြောင်းလဲများဖြစ်လာနိုင်သည်ဟု မျှော်လင့်မှုများရှိပြီး ဒေသအတွင်းပိုမိုပြီးစီးပွားရေး လုပ် ဆောင်မှုများဖြစ်လာလိမ့်မည်ဟုမျှော်လင့်ရသည်။ စီးပွားရေးသမားများက မြေယာပိုင်ဆိုင်ခွင့်ကို ရှာဖွေလာမည် ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ဆောင်ရန်အစိုးရထံမှ မြေယာ လုပ်ပိုင်ခွင့်ချထားပေးခြင်းကို လျှောက်ထား လာကြမည်ဖြစ်သည်။ မြေယာလုပ်ပိုင်ခွင့်အသိအမှတ်ပြုခြင်း မခံရသည့်ဒေသခံရပ်ရွာလူထုသည် မြေယာသိမ်းဆည်း ခံရခြင်းများကို ကြုံတွေ့ရနိုင်ပြီး အနာဂတ်တွင်၎င်းတို့၏မြေယာများ ဆုံးရှုံးရမည့်ဘေးနှင့်ရင်ဆိုင်နေရသည်။ ထိုအခြေ

အနေကြောင့် ကျေးလက်ရပ်ရွာလူထုသည် မြေယာသိမ်းဆည်းခံရခြင်းများ၊မြိမ်းခြောက်မှုများ မများပြားလာမီ ၎င်းတို့၏ ဓလေ့ ထုံးတမ်းအရ မြေယာစီမံလုပ်ကိုင်ပိုင်ခွင့်စနစ်ကိုထိန်းသိမ်းကာကွယ်ရန် အစုအဖွဲ့များစတင်ဖွဲ့ရန် အခွင့်အရေး ရှိနေသည်။ ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့်တွင် အသေးစား လုပ်ငန်းများနှင့် အခြားသောတရားဝင် စီးပွားရေး လုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် မြေယာ ပိုင်ဆိုင်မှုကို တောင်းခံရာတွင် အားကောင်းစေမည် ဖြစ်သည်။

**ဒုက္ခသည်များအတွက်မြေယာမရှိခြင်း** - အချို့သော ဒုက္ခသည်များမှာ ဆယ်စုနှစ် နှစ်ခုကျော်မကာ နေရပ်စွန့်ခွာခဲ့ရသူများ ဖြစ်သည်။ မြန်မာနိုင်ငံ၏ မြေယာနှင့် ပတ်သက်သော ဥပဒေနှင့် မူဝါဒ အခြေခံမူဘောင်တွင် မြေယာအစားပေးခြင်းနှင့်ပတ်သက်၍ တရားဝင်လုပ်ထုံးလုပ်နည်း မရှိသေးသောကြောင့် လက်ရှိနေထိုင်သူများနှင့် ဒုက္ခသည်များကြား မြေယာပဋိပက္ခများ ဖြစ်ပွားလာနိုင်ခြေ ရှိနေသည်။ ထိုင်းနိုင်ငံမှ ဒုက္ခသည်များ အများအပြား နေရပ်ပြန်ရန်မှာ အစိုးရက ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအတွက် သင့်တော်သော မြေယာပေး၍ မြေယာပိုင်ဆိုင်မှုကိုတရားဝင် အသိအမှတ်ပြုနိုင်မှသာလျှင် အောင်မြင်မှုတစ်ရပ် ဖြစ်လိမ့်မည်ဟု GAP မိတ်ဖက်များက ကောက်ချက်ချထားသည်။ ထိုအတွက်ကြောင့် အစီအစဉ်တကျနေရပ်ပြန်မည့်စွန့်ဦးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့အတွက် နေရာအခြေတကျဖြစ်ပြီး စီးပွားရေးလုပ်ငန်းကိုလည်းပတ်နိုင်ရန် သင့်တော်သောမြေယာချထားပေးရေး ကယားပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရအား ဆော်ဩစည်းရုံးရန် လိုအပ်သည်။

## စီးပွားရေး ဖွဲ့စည်းတည်ဆောက်ပုံများနှင့် အစုဖွဲ့ အုပ်ချုပ်ရေးပုံစံများ

အသေးစားစီးပွားရေးလုပ်ငန်းများတွင် မတူညီသောစီးပွားရေးပန်းတိုင်များနှင့် အကျိုးအမြတ်ခွဲဝေမှုပုံစံများ ရှိကြပြီး ယင်းတို့သည် တစ်ခါတစ်ရံ စီးပွားရေး ဖွဲ့စည်းတည်ဆောက်မှုအပေါ် ဩဇာလွှမ်းမိုး သက်ရောက်မှု ရှိသည်။ နေရပ်ပြန် အမျိုးသမီးစွန့်ဦးလုပ်ငန်းရှင်များက ၎င်းတို့၏စီးပွားရေးစီမံကိန်းများဖော်ဆောင်လုပ်ကိုင်ချိန်တွင် မည်သည့် လုပ်ငန်းဖွဲ့စည်းမှုပုံစံသည်၎င်းတို့၏စီးပွားရေးရည်မှန်းချက်များနှင့် အကျိုးအမြတ်ခွဲဝေရေးပုံစံများအတွက်ပိုမိုပြီးအသင့်တော်ဆုံးဖြစ်မည်ကို အကဲဖြတ်ရန်အချိန်ပေးသုံးသပ်သင့်သည်။ ထုံးစံအားဖြင့် စီးပွားရေးလုပ်ငန်းဖွဲ့စည်းမှုပုံစံများနှင့် အကျိုးအမြတ်ခွဲယူသည့် ပုံစံများတွင် - ပုဂ္ဂလိကလုပ်ငန်း (ပိုင်ရှင်ကအကျိုးအမြတ်ရယူ)၊ လူမှုစီးပွားရေးလုပ်ငန်း (လူမှုအကျိုးပြုမှုအတွက် ထောက်ပံ့ရန်ရည်ရွယ်ပြီး ရရှိသောအကျိုးအမြတ်ထဲမှ အချို့ကိုခွဲဝေပေးလှူမှုရှိ)၊ အစုအဖွဲ့ စီးပွားရေးလုပ်ငန်း (အဖွဲ့အစည်းအတွင်း ပါဝင်သူများကြားအကျိုးအမြတ်ခွဲဝေ)၊ ထုတ်လုပ်သူလုပ်ငန်းရှင်အသင်းအဖွဲ့များ (ပိုင်ရှင်ကအကျိုးအမြတ်ရသော်လည်းမိခင်အသင်းအဖွဲ့ကိုထောက်ပံ့ရန် ရရှိသောအကျိုးအမြတ်ထဲမှ အချို့ကိုခွဲဝေမှု ရှိ) စသည့် ပုံစံများ ပါဝင်သည်။

နေရပ်ပြန်အမျိုးသမီးစွန့်ဦးလုပ်ငန်းရှင်များ ဖော်ဆောင်မည့်စီးပွားရေး ဖွဲ့စည်းတည်ဆောက်မှုပုံစံများသည် ကွဲပြားသော စီးပွားရေးကဏ္ဍများအလိုက်ကွဲပြားခြားနားမှုရှိလိမ့်မည်ဖြစ်သည်။ သို့သော် အခြေခံအားဖြင့်မူ အမျိုးသမီးများအနေဖြင့် မိမိတို့ကိုယ်တိုင်လိုလားနှစ်သက်မှုအပေါ်အခြေခံသင့်သည်။ ဆပ်ပြာထုတ်လုပ်မှုနှင့် အချုပ်အလုပ်တို့ကို သင်ကြားပေးသော KNWO သင်တန်းများ၏ အတွေ့အကြုံအရ ကယားပြည်နယ်အတွင်းမှ အမျိုးသမီးများသည် အတွေးအခေါ်အယူအဆများနှင့်စေ့ဆော်မှုကိုဖလှယ်နိုင်သောနေရာများတွင်အတူတကွပူးပေါင်းဆောင်ရွက်လုပ်ကိုင်ရမှုကို သဘောကျနှစ်သက်ကြောင်းသိရှိရသည်။ ထိုအတွက် သမဝါယမလုပ်ငန်းများ၊ ထုတ်လုပ်ရေးအုပ်စုများ သို့မဟုတ် အသေးစား နှင့် အလတ်စားလုပ်ငန်းအသင်းအဖွဲ့များသည် ကယားပြည်နယ်အတွင်းကနေရပ်ပြန်အမျိုးသမီး စွန့်ဦးလုပ်ငန်းရှင်များအတွက် သင့်တော်မှုရှိသော စီးပွားရေးဖွဲ့စည်းတည်ဆောက်မှုပုံစံ ဖြစ်လိမ့်မည် ဖြစ်သည်။

ယေဘုယျအားဖြင့် သမဝါယမလုပ်ငန်းများသည်လုပ်ငန်းရှင်များစုဖွဲ့မှုနှင့်ဒီမိုကရေစီကျကျထိန်းချုပ်မှု (အဖွဲ့ဝင်တစ်ဦး လျှင်မဲတစ်မဲ)၊ တစ်စုံတစ်ခုသောအသိုင်းအဝိုင်းအတွင်း အဓိကဆက်စပ်ပါဝင်သော ပုဂ္ဂိုလ်များအဖြစ် လုပ်ငန်း လည်ပတ်မှုနှင့် ပိုမိုကျယ်ပြန့်သောသမဝါယမလုပ်ငန်းများကွန်ရက်၏ တစ်စိတ်တစ်ပိုင်းဖြစ်မှုအပေါ်တွင် အခြေခံသော ပေါင်းစည်းအုပ်ချုပ်မှုလုပ်ငန်းများဖြစ်သည်။[101၁၀၁] လုပ်ငန်းကိုစုဖွဲ့ပေါင်းစည်းကာလုပ်ကိုင်ခြင်းသည် ပိုမိုကျယ်ပြန့် သည့် စီးပွားရေးအကျပ်အတည်းများ ကို ကျော်လွှားလွန်မြောက်ရန်နှင့် ကာလရှည်အလုပ်အကိုင်ရရှိမှုကို ထိန်းသိမ်းရန် အတွက် သင့်တော်မှုရှိကြောင်း သုတေသနများက ညွှန်းဆိုသည်။[102၁၀၂] သမဝါယမလုပ်ငန်းများနှင့် ပတ်သက်သော နိုင်ငံတကာမူဘောင်များတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ သမဝါယမများအား မြင့်တင်အားပေးရန် အကြံပြုချက်များ (ILO’s Promotion of Cooperatives Recommendation)[103၁၀၃] နှင့် အပြည်ပြည်ဆိုင်ရာသမဝါယမမဟာမိတ်အဖွဲ့၏ သမဝါယမလက္ခဏာများနှင့် သမဝါယမအခြေခံမှုများအတွက် လမ်းညွှန်မှတ်စုများ (International Co-operative Alliance’s Statement on the Cooperative Indentity and Guidance Notes to the Co-operative Principles)[104၁၀၄] တို့ ပါဝင်သည်။ မြန်မာနိုင်ငံတွင် ‘သမဝါယမလုပ်ငန်းများ’၏ သမိုင်းကြောင်းမှာ လူအများစုအတွက် အနုတ်သဘောထင်ကျန်နေသည်ကို သတိပြု သင့်သည်။ ထို့ကြောင့် သမဝါယမလုပ်ငန်းဆိုသည်မှာ ဘာလဲဆိုတာကို ထဲထဲဝင်ဝင် လေ့လာဆန်းစစ်ခြင်း၊ပေါင်းစည်း ဆောင်ရွက်ခြင်း အစီအစဉ်များမှ အကျိုးအပြစ်များကို ဖော်ထုတ်ခြင်းနှင့် ပေါင်းစည်းအုပ်ချုပ်မှု နည်းနာစနစ်များကို အသေးစိတ် ဆွေးနွေးခြင်းများကို အချိန်ပေး လုပ်ဆောင်သင့်သည်။[105၁၀၅]

## သမဝါယမလုပ်ငန်းများဖွဲ့စည်းတည်ဆောက်ရာတွင် ဖြစ်နိုင်ချေရှိသော ပုံစံများ

ယေဘုယျအားဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံသည် တစ်ခုနှင့်တစ်ခု အလွန်ကွဲပြားခြားနားကြသည်။ လုပ်ငန်းတစ်ရပ်၏ ဖွဲ့စည်းတည်ဆောက်ပုံသည် ကောင်းမွန်သော စီမံမှု၊ လုပ်ငန်း၏ ရည်မှန်းချက်များနှင့် ပိုင်ရှင်သို့မဟုတ် အဖွဲ့ဝင်များ၏ လိုအပ်ချက်များကို အကောင်းဆုံး အကောင်အထည်ဖော်နိုင်စွမ်း ရှိသင့်သည်။ အသေးစားနှင့်အလတ်စားလုပ်ငန်းအသင်း(မူဂါဒရေးရာကောင်စီ)ပုံစံ[106၁၀၆]နှင့် သမဂ္ဂသမဝါယမလုပ်ငန်း ပုံစံ[107၁၀၇] တို့ကိုအောက်တွင် (ပုံ ၅ နှင့် ပုံ ၆) ဖော်ပြထားပြီးသမဝါယမ၊အသေးစားနှင့် အလတ်စား လုပ်ငန်း များ အတူတတကွပူးပေါင်းလုပ်ဆောင်နိုင်သည့်ဖြစ်နိုင်ချေရှိသောလမ်းကြောင်းများကိုပုံနှင့်တကွဖော်ပြထားသည်။

---

101 ၁၀၁ CECOP_CICOPA Europe, June 2012, ပေါင်းစည်းဆောင်ရွက်မှုပုံစံ၏ဒဏ်ခံနိုင်စွမ်း၊ စာမျက်နှာ ၁၂-၁၃http://www.cecop.coop/IMG/pdf/report_cecop_2012_en_web.pdf

102 ၁၀၂ CECOP_CICOPA Europe, 12 December 2012, တွဲလက်များ၊ ပေါင်းစည်းအားကအကျပ်အတည်းများကို ဒဏ်ခံနိုင်ခြင်း (ဗီဒီယိုမှတ်တမ်း) https://www.youtube.com/watch?v=iYXOk1ptG28


103 ၁၀၃ https://www.ilo.org/dyn/normlex/en/f?p=NORMLEXPUB:12100:0::NO::P12100_ILO_CODE:R193

104 ၁၀၄ https://www.ica.coop/en/media/library/research-and-reviews/guidance-notes-co-operative-principles?_ga=2.122272648.203962858.1542093164-2006774018.1541924831


105 ၁၀၅ Jo-Anne Fergusom, September 2013. မြန်မာနိုင်ငံတွင်း သမဝါယမလုပ်ငန်းစနစ်များ၊ သက်မွေးဝမ်းကျောင်းမှုနှင့် အစားအစာလုံခြုံရေးယုံကြည်မှုရန်ပုံငွေတို့နှင့် ပတ်သက်သောအတိုင်ပင်ခံလုပ်ငန်း , https://www.lift-fund.org/sites/lift-fund.org/files/publication/Consultancy-on-Cooperative-Systems_English%20(Sept%202013).pdf

106 ၁၀၆ ဤ link ပါပုံစံအပေါ်အခြေခံသည် http://www.geo.coop/replication-of-arizmendi

107 ၁၀၇ https://community-wealth.org/content/union-co-op-model



ပုံ ၅ အသေးစားနှင့် အလတ်စားလုပ်ငန်း အသင်း(မူဝါဒရေးရာကောင်စီ) ပုံစံ



ပုံ ၆ သမဂ္ဂသမဂါယမလုပ်ငန်းပုံစံ

သမဂါယမလုပ်ငန်းများကို အောက်မှအထက်သို့ ပုံစံ (bottom-up) သို့မဟုတ် အထက်မှအောက်သို့ ပုံစံ (top-down) ပုံစံဖြင့် စတင်နိုင်သည်။ မည်သည့် ပုံစံက ပိုကောင်းသည်၊ ပိုဆိုးသည်ဟု မရှိပါ။ သို့သော် အခြေအနေများပေါ် မူတည်၍ သင့်တော်သလို ဆောင်ရွက်နိုင်သည်။[108]၁၀၈ Bottom-up ဖြင့် အစပြုသော လုပ်ငန်းသည် သမဂါယမ လုပ်ငန်းမှအဖွဲ့ဝင်များက ကိုယ်တိုင်အစပျိုးခြင်း ဖြစ်သည်။ ဥပမာ လက်ရှိအကျိုးတူလုပ်ငန်းတူများမှ စတင်ခြင်း

108 ၁၀၈ http://www.geo.coop/node/627

သို့မဟုတ် ဩဇာကြီးသည့် ခေါင်းဆောင်တစ်ဦးမှ စတင်ခြင်းမျိုး ဖြစ်သည်။ Top-down အစပျိုးမှုဖြင့် စတင်သော လုပ်ငန်းကို သမဂါယမလုပ်ငန်းမှ အဖွဲ့ဝင်များမဟုတ်သော ပြင်ပအုပ်စုတစ်ရပ်က အစပျိုးခြင်း ဖြစ်သည်။ ဥပမာ တရားဝင်အုပ်စုတစ်ရပ်က လည်ပတ်သောအဖွဲ့အစည်း သို့မဟုတ် အစိုးရအေဂျင်စီတစ်ရပ်ရပ်ကနေ တစ်ဆင့် စတင်ခြင်း ဖြစ်သည်။

## သမဂါယမ စီးပွားရေးစီမံကိန်းနှင့် ညှိနှိုင်းဆောင်ရွက်မှု

TBC နှင့် GAP မိတ်ဖက်အဖွဲ့အစည်းများသည် စီးပွားရေးကဏ္ဍအသီးသီးအတွက် ကျေးရွာအုပ်စုအဆင့်နှင့် ပြည်နယ်အဆင့် အမြင်သဘောထားများကို ရယူနိုင်သည့် အနေအထား ရှိခြင်းကြောင့် လုပ်ငန်းသစ်များအား ပို၍အဆင့်မြင့်သော စီးပွားရေးစီစဉ်မှု နှင့် ညှိနှိုင်းဆောင်ရွက်မှုများ နှင့်ပတ်သက်၍ ကူညီနိုင်ရန် ကောင်းမွန်သော အနေအထား၌ ရှိနေသည်။ KNWO က ဖွဲ့စည်းသော WEGs အဖွဲ့သည် ပစ်မှတ်ထားသော ကျေးရွာအုပ်စုများနှင့် မြို့နယ်များရှိ ကျေးရွာများအားလုံးအတွက် ကဏ္ဍအဆင့် စီးပွားရေးစီမံကိန်းတွင် ချိတ်ဆက်ပေးနိုင်သည့် အနေအထားတွင် ရှိလိမ့်မည်။ ကျေးရွာအားလုံးက ကိုယ်စားပြုသူများသည် ကျေးရွာအုပ်စုအခြေစိုက် WEG တွင် ပါဝင်ကြလိမ့်မည် ဖြစ်သည်။ ထို့ကြောင့် WEG အနေဖြင့် စီးပွားရေးလုပ်ငန်းများကို ယှဉ်ပြိုင်မှုထက် ပူးပေါင်းဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ရန်၊ ကျေးရွာအုပ်စုအဆင့်နှင့် မြို့နယ်အဆင့်တွင် ယှဉ်ပြိုင်မှု အသာစီး ရစေရန်နှင့် အမြောက်အများ ထုတ်လုပ်ခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချနိုင်စေရန် အကူအညီပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်နိုင်မည် ဖြစ်သည်။ ဥပမာအားဖြင့် ကျေးရွာတစ်ရွာသည် မှိုကို ပစ်မှတ်ထား စိုက်ပျိုးကာ နောက်ရွာတစ်ရွာက ပဲကို ပစ်မှတ်ထားခြင်းဖြင့် ပိုလျှံသည်ကို အချင်းချင်းကြား ရောင်းချနိုင်လိမ့်မည်ဟု မယ်စဲ့မြို့နယ်ရှိ WEGs က အကြံပြုထားသည်။

ပြည်နယ်အဆင့်တွင်မတူညီသည့်မြို့နယ်များကြားယှဉ်ပြိုင်ခြင်းထက်ပူးပေါင်းဆောင်ရွက်မှုကိုဖြစ်စေသော သတ်သတ်မှတ်မှတ်အားသာချက်တစ်ရပ်ကို ရရှိဖော်ဆောင်နိုင်ရန်ပစ်မှတ်ထားသည့်စီးပွားရေးအစီအမံများကို ဆောင်ရွက်နိုင်သည်။ အဆိုပါ စီးပွားရေးစီမံကိန်းနှင့် ညှိနှိုင်း ဆောင်ရွက်မှုများအား ဖော်ဆောင်ရန်အတွက် ကယားပြည်နယ်အစိုးရမှ တာဝန်ယူဆောင်ရွက်ရန်သင့်တော်သည်။ ပြည်နယ်အဆင့်တွင် ကဏ္ဍအသီးသီးအလိုက် အပြန်အလှန်ညှိနှိုင်း ဆောင်ရွက်မှုရှိသောစီမံဆောင်ရွက်မှုသည် နေရပ်ပြန်စွန့်ဦးလုပ်ငန်းရှင်များ ဖော်ဆောင်မည့် လုပ်ငန်းသစ်များနှင့် သမဂါယမလုပ်ငန်းများ အောင်မြင်ရေးအတွက် အရေးကြီးသော အချက်ပင် ဖြစ်ပေလိမ့်မည်။

## ဘဏ္ဍာငွေရရှိမှုအခွင့်အလမ်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ လယ်ယာဖွံ့ဖြိုးရေး မဟာဗျူဟာ နှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် (ADS) အရ လယ်သမားများနှင့် လယ်ယာတန်ဖိုးကွင်းဆက်တွင်ပါဝင်သူများအတွက် လယ်ယာ စိုက်ပျိုးရေးဆိုင်ရာဘဏ္ဍာငွေပိုမိုချဲ့ထွင်ပေးရန်နှင့် ရွေးချယ်စရာပိုရစေရန် အဓိကရည်ရွယ်ချက်ထဲက တစ်ခုအဖြစ် သတ်မှတ်ထားသည်။ သက်ဆိုင်ရာ စည်းမျဉ်း မူဘောင်များတွင် မကြာခင်ကထုတ်ပြန်ထားသည့် ဘဏ္ဍာရေး ဆိုင်ရာအဖွဲ့အစည်းများဥပဒေ၊ ပြင်ဆင်ထားသည့် အသေးစားချေးငွေဥပဒေ နှင့် ဒီဂျစ်တယ် ဘဏ္ဍာရေး ဝန်ဆောင်မှု နှင့်ပတ်သတ်သည့် ဥပဒေ နှင့် မူဝါဒများပါဝင်သည်။ "ဘဏ်များ၊ အသေးစားချေးငွေအဖွဲ့အစည်းများ၊ ကျေးလက် အဖွဲ့အစည်းများ (အထူးသဖြင့် လယ်သမားများနှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများ) ကို လိုအပ်သည့်

ဂန်ဆောင်မှုများကို ထောက်ပံ့ပေးနိုင်ရန်အတွက်ငှားရမ်းမှုနှင့်ဘဏ္ဍာရေးကုမ္ပဏီများ၊ အာမခံကုမ္ပဏီများကဲ့သို့ ဘဏ် မဟုတ်သည့် ဘဏ္ဍာရေးအဖွဲ့အစည်းများ ကို အားပေးသည့် စိုက်ပျိုးရေးဆိုင်ရာဘဏ္ဍာရေးမူဝါဒဖွံ့ဖြိုးမှု" အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနတို့သည် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရမည်ဟု လယ်ယာ ဖွံ့ဖြိုးရေး မဟာဗျူဟာ နှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် (ADS) က ဖော်ပြထားသည်။[109၁၀၉]

အသေးစားလုပ်ငန်းများနှင့် သမဂါယမလုပ်ငန်းများကို အရင်းအနှီးငွေကြေးထောက်ပံ့မှုသည် အောက်ခြေ မှ အပေါ် (သို့မဟုတ်) အပေါ်မှ အောက်ခြေ သို့ ထောက်ပံ့သည့်ပုံစံဖြစ်နိုင်သည်။[110၁၁၀] အောက်ခြေမှအပေါ်သို့ ငွေကြေး ထောက်ပံ့မှုသည် လုပ်ငန်းရှင်က မိမိပိုင်ဆိုင်မှုများမှတစ်ဆင့်ထောက်ပံ့ခြင်းနှင့် အဖွဲ့ဝင်များထံမှချေးငွေ (သို့မဟုတ်) လုပ်ငန်းတည်ရှိသည့် အသိုက်အဝန်းတွင်လှည့်လည်အသုံးပြုနေသည့် ချေးငွေရန်ပုံငွေများကို ရည်ညွှန်းပါသည်။ အပေါ်မှာအောက်ခြေသို့ငွေကြေးထောက်ပံ့မှုသည် ထောက်ပံ့ငွေ (ဖောင်ဒေးရှင်းတစ်ခု သို့မဟုတ် အစိုးရ သို့မဟုတ် နှစ်ခုလုံး)၊ လူမှုဖွံ့ဖြိုးရေးရန်ပုံငွေမှ လာသည့် ဈေးကွက်တန်ဖိုးအောက်နည်းသည့်ချေးငွေ (သို့မဟုတ်) ကူးသန်း ရောင်းဝယ်ရေး ဘဏ်များမှ ဈေးကွက်ပေါက်ဈေးအတိုင်း ထုတ်ချေးပေးသည့် ချေးငွေများကိုရည်ညွှန်းသည်။

ကယားပြည်နယ်ရှိ နေရပ်ပြန်စီးပွားရေးလုပ်ငန်းရှင်များအတွက် Proximity Designs ကဲ့သို့ အသေးစားငွေချေးသူများ ထံမှ အတိုးနှုန်းနည်းသည့်ချေးငွေများသည် အသင့်တော်ဆုံးသော ဘဏ္ဍာရေးစီမံမှုဖြစ်နိုင်သည်။ Proximity Designs တွင်တစ်နိုင်တစ်ပိုင်လုပ်ကိုင်သည့် လယ်သမားများနှင့် အသေးစားလုပ်ငန်းရှင်များ၏ အထူးလိုအပ်များကို ပစ်မှတ်ထား သည့် ချေးငွေအမျိုးအစား (၄) မျိုးပါရှိသည်။ အဆိုပါချေးငွေ အမျိုးအစား (၄) မျိုးမှာ သီးနှံချေးငွေ၊ မွေးမြူရေးချေးငွေ၊ အသေးစားလုပ်ငန်းချေးငွေနှင့် မိသားစုလုပ်ငန်း၊ လုပ်ငန်းငယ်များအတွက် ကာလတိုချေးငွေတို့ဖြစ်သည်။[111၁၁၁]

အဆိုပါလုပ်ငန်းရှင်များက စတင်လုပ်ဆောင်သည့် လုပ်ငန်းငယ်များသည် ပိုမိုကြီးထွားလာပြီး၊ လုပ်ငန်း ချဲ့ထွင်ရန် အတွက် နောက်ထပ်ဘဏ္ဍာငွေ လိုအပ်မည်ဖြစ်ရာ အခြားသင့်တော်သည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ တွင် အောက်ပါအချက်များပါဝင်လိမ့်မည်။

**ပုဂ္ဂလိကဘဏ္ဍာရေးကဏ္ဍ** - သမာရိုးကျ ဘဏ်ကဏ္ဍသည် အသေးစားလုပ်ငန်းများတွင် ဘဏ္ဍာငွေရင်းနှီးမြှုပ်နှံမှု ရင်းမြစ်တစ်ခုဖြစ်နေဆဲဖြစ်သည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့သည် ဘဏ်များနှင့်ဆက်သွယ်မှုကို ခိုင်မာစေရန် လုပ်ငန်းရှင်များအတွက်အကူအညီဖြစ်စေမည့် ပြည်သူပိုင်နှင့်ပုဂ္ဂလိကကဏ္ဍ နယ်ပယ်မှ အဖွဲ့အစည်း အချို့ကို အလားအလာရှိသည့်လုပ်ဖော်ကိုင်ဖက်များအဖြစ်သတ်မှတ်သည်။[112၁၁၂]

**လူမှုရင်းနှီးမြှုပ်နှံမှု** - လူမှုရင်းနှီးမြှုပ်နှံမှု ဆိုသည်မှာ သီးခြား လူမှုအကျိုးသက်ရောက်မှု တစ်ခုဖြစ်စေရန်ရည်ရွယ်သည့် ငွေချေးသည့်ပုံစံဖြစ်သည်။[113၁၁၃] ဈေးကွက်ပေါက်ဈေးထက်နည်းသည့် (သို့မဟုတ်) အတိုးမဲ့ချေးငွေများကို လူမှုရေး ရည်ရွယ်ချက်ဖြင့် အကျိုးအမြတ်မရှာဖွေသည့်လုပ်ငန်းများ ကိုချေးပေးခြင်းဖြစ်သည်။

**အစိမ်းရောင်ဘဏ္ဍာငွေထောက်ပံ့ခြင်း** - အစိမ်းရောင်ဘဏ္ဍာငွေထောက်ပံ့ခြင်းသည် အစိုးရ၊ ပုဂ္ဂလိက နှင့် အကျိုး အမြတ်မယူသည့် ကဏ္ဍများမှ (ဘဏ်များ၊ အသေးစားချေးငွေအဖွဲ့အစည်းများ၊ အာမခံနှင့် ရင်းနှီးမြှုပ်နှံမှုများ မှတဆင့်)

---

[109] ၁၀၉ မြန်မာလယ်ယာဖွံ့ဖြိုးရေးမဟာဗျူဟာနှင့်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်(၂၀၁၈-၁၉ ~၂၀၂၂-၂၃). စာမျက်နှာ ၇၇

[110] ၁၁၀ http://www.geo.coop/node/627

[111] ၁၁၁ https://proximitydesigns.org/service/farm-finance/

[112] ၁၁၂ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ဆက်ဆံရေးရုံး မြန်မာ၂၀၁၅၊ မြန်မာအထည်ချုပ်တန်ဖိုးကွင်းဆက်ဆန်းစစ်မှု၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ ၊ စာမျက်နှာ ၂၉

[113] ၁၁၃ https://esmeefairbairn.org.uk/social-investment

ရေရှည်ဖွံ့ဖြိုးမှုကို ဦးစားပေးသောလုပ်ငန်းများသို့ ဘဏ္ဍာငွေစီးဆင်းမှုကို တိုးမြှင့်ရန်ရည်ရွယ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာပြဿနာများကိုကောင်းမွန်စွာစီမံခန့်ခွဲနိုင်ရန်၊ ကောင်းမွန်သောအမြတ်ပြန်ရနိုင်ရန် နှင့် ပတ်ဝန်းကျင်ဆိုင်ရာအကျိုးကျေးဇူးနှစ်ခုစလုံးကို ယူဆောင်လာသည့်အခွင့်အလမ်းများ ကို ကောင်းမွန်စွာအသုံးချနိုင်ရန်နှင့် ပိုမိုကောင်းမွန်သည့် တာဝန်ခံမှု ရှိစေရန်ဖြစ်သည်။"[114၁၁၄]

**အင်တာနက်မှဘဏ္ဍာငွေရှာဖွေခြင်း** - အထူးသဖြင့် "အင်တာနက်ပေါ်မှနေပြီးလူအများအပြားထံမှ (လုပ်ငန်းအသစ်တစ်ခုနှင့်ပတ်သတ်ပြီး) ငွေကြေးထည့်ဝင်ရန်အတွက် တိုက်တွန်းခြင်းဖြင့် လိုအပ်သည့်ငွေကြေးကို ရယူသည့်နည်းလမ်းဖြစ်သည်။"[115၁၁၅] နေရပ်ပြန်လုပ်ငန်းရှင်များက စတင်ဆောင်ရွက်သည့် လုပ်ငန်းငယ်များသည် ပြည်ပတွင်ရောက်ရှိနေသူ အသိုင်းအဝန်းများ၊ ဥပမာ- ဝင်ငွေပိုမြင့်မားသည့် နိုင်ငံများတွင် အခြေချနေထိုင်သူများ နှင့် ဖွံ့ဖြိုးမှုကိုထောက်ပံ့ပေးနိုင်ရန် ငွေပိုငွေလျှံရှိသူများကို ပစ်မှတ်ထားနိုင်သည်။

**အင်တာနက်မှရင်းနှီးမြှုပ်နှံခြင်း** - အင်တာနက်မှ ရင်းနှီးမြှုပ်နှံခြင်းဆိုသည်မှာ လုပ်ငန်းငယ်များအတွက် အင်တာနက်မှရရှိနိုင်သည့် ဘဏ္ဍာငွေအရင်းအမြစ်သစ်တစ်ခုဖြစ်သည်။[116၁၁၆] ယင်းကဲသို့ ဘဏ္ဍာငွေထောက်ပံ့မှု အမျိုးအစားသည် အချိန်အတိုင်းအတာတစ်ခုထိ အောင်မြင်စွာလုပ်ဆောင်နေလျက်ရှိပြီးနောက် လုပ်ငန်းချဲ့ထွင်ရန်အတွက် ငွေကြေးရှာဖွေနေသည့် လုပ်ငန်းများအတွက်ဖြစ်လိမ့်မည်။ ပုံမှန်အားဖြင့် အင်တာနက်မှရင်းနှီးမြှုပ်နှံခြင်းအား အရင်းအနှီးငွေကြေးလက်ခံရရှိမည့် လုပ်ငန်းသည် တရားဝင်တည်ထောင်ထားခြင်းဖြစ်ပြီး အကျိုးအမြတ်ရရှိကြောင်း သေချာမှုရှိစေရန် လုပ်ငန်းဖြစ်စေရန်အတွက် ရင်းနှီးမြှုပ်နှံသူကရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သတ်သည့် သတင်းအချက် အလက်များကိုစီစစ်ပေးသည့် ပလက်ဖောင်းမှတဆင့် ဆောင်ရွက်သည်။ အင်တာနက်မှ ရင်းနှီးမြှုပ်နှံခြင်း ပလက်ဖောင်းတွင် First Democracy VC[117]၊ SeedInvest[118] နှင့်လူမှုလုပ်ငန်းကို အာရုံစိုက်သည့် CrowdFunder Social Enterprise[119] တို့ပါဝင်သည်။

**လုပ်ငန်းငယ်အသင်းအဖွဲ့များ နှင့် သမဝါယမလုပ်ငန်းများဖွဲ့စည်းခြင်း၏ ဘဏ္ဍာရေးဆိုင်ရာ အကျိုးကျေးဇူးများ**

အခြားသောစိတ်တူကိုယ်တူ သို့မဟုတ် ဖွဲ့စည်းပုံခြင်းတူသောလုပ်ငန်းများကိုဖွဲ့စည်းခြင်း (သို့မဟုတ်) ပူးပေါင်းခြင်းမှတဆင့် လုပ်ငန်းငယ်များနှင့် သမဝါယမလုပ်ငန်းများသည် ခိုင်မာသည့် ဘဏ္ဍာငွေကြေးရရှိနိုင်မည် ဖြစ်သည်။ 'အသင်းအဖွဲ့ဆိုင်ရာစာချုပ်' နှင့် အသင်းအဖွဲ့၏ ကိုယ်ပိုင်ငွေကို ထည့်ဝင်ခြင်းအားဖြင့် လုပ်ငန်းသစ် တစ်ခုသည် ဘဏ္ဍာငွေကြေးများအတွက် တာဝန်ရှိမှုကို အဖွဲ့၏ အခြားအဖွဲ့ဝင်များမှပါ ပူးပေါင်းတာဝန်ယူစေရန် လုပ်ဆောင်သောအခါတွင် အလားအလာရှိသည့် ငွေချေးသူ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံသူများသည် ပို၍ လုံခြုံမှု ရှိသည်ဟု ခံစားရလိမ့်မည်။ ထို့အပြင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုစွမ်းရည်များ နှင့် အတွေ့အကြုံများကို အဖွဲ့အစည်း၏ အဖွဲ့ဝင်များ

---

[114] ၁၁၄ https://www.unenvironment.org/regions/asia-and-pacific/regional-initiatives/supporting-resource-efficiency/green-financing

[115] ၁၁၅ https://www.merriam-webster.com/dictionary/crowdfunding

[116] ၁၁၆ https://www.forbes.com/sites/kauffman/2016/09/20/the-potential-and-perils-of-title-iii-crowdfunding/

[117] ၁၁၇ A joint-venture between MicroVentures (https://microventures.com/what-is-first-democracy-vc) and Indiegogo (https://equity.indiegogo.com/)

[118] ၁၁၈ https://www.seedinvest.com/offerings

[119] ၁၁၉ https://www.crowdfunder.com/social-enterprise

ကြားတွင်မျှဝေနိုင်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်သည် အဖွဲ့ဝင်တစ်ယောက်ချင်းစီ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို ပို၍ ထိရောက်မှုရှိစေလိမ့်မည်။

**အောင်မြင်မှုအတွက်အဆက်အသွယ်အချိတ်အဆက်များ**

**နိုင်ငံတကာကုန်သွယ်ရေး**

ကယားပြည်နယ်တွင် ပြည်နယ်တွင်း အချင်းချင်းကုန်သွယ်မှုသည် နိုင်ငံခြားကုန်သွယ်မှုနှင့်မကြာခဏ ဆက်နွယ် နေသည်။ ပွဲစားများကိုရောင်းချသည့် ထုတ်ကုန်အများစု (ဒေသခံချမ်းသာသူများသည် ရှမ်းပြည်နယ် အောင်ပန်းကဲ့သို့ ပိုကြီးမားသည့်ဒေသတွင်းဈေးကွက်ကိုတင်ပို့သည်)သည် တရုတ်နိုင်ငံရှိဈေးကွက်များသို့ ရောက်ရှိသွားပါသည်။ အောင်ပန်းဈေးကွက်ရှိဝယ်သူအများစုသည်တရုတ်နိုင်ငံသားများဖြစ်ကြပြီး၊ တရုတ်နိုင်ငံရှိဖောက်သည်များကိုတင်ပို့ရန်အတွက် ပြောင်းနှင့်နှမ်းများကို ဝယ်ယူကြသည်။ ကယားပြည်နယ်တွင် စိုက်ပျိုးသည့် ဖာလာ နှင့်ငရုတ်ကောင်းနက်ကို အိန္ဒိယနိုင်ငံကိုတင်ပို့သည်။ ကယားပြည်နယ်ဈေးကွက်သည် သေးငယ်သောကြောင့် နိုင်ငံတကာကုန်သွယ်မှု တန်ဖိုးကွင်းဆက်ကိုဆက်သွယ်ခြင်းသည်အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များအတွက်ကောင်းမွန်သည့် မဟာဗျူဟာတစ်ခု ဖြစ်လိမ့်မည်။ ကယားပြည်နယ်ရှိ လုပ်ငန်းရှင်များသည် 'ပွဲစားများ' ကိုကျော်ပြီးပိုပြီးကြီးမားသည့်ဈေးကွက်တွင် လက်ကားဝယ်ယူသူများအား တိုက်ရိုက် ရောင်းချရန် ရည်ရွယ်လုပ်ဆောင်သင့်သည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးမဟာဗျူဟာနှင့် ရင်းနှီးမြှပ်နှံမှုအစီအမံ(၂၀၁၈-၁၉~၂၀၂၂-၂၃) တွင်ပါရှိသည့်သီးခြားကုန်သွယ်မှုအထောက်အကူနှင့် ပို့ကုန်မြှင့်တင်ရေးအစီအမံများကိုသတ်မှတ်ထားသည်။

ကယားပြည်နယ်ရှိ လုပ်ငန်းငယ်များဖွံ့ဖြိုးမှုနှင့်ပတ်သတ်သည့် ကုန်သွယ်ရေးအထောက်အကူပြု အစီအမံများတွင်အောက်ပါအချက်များပါဝင်သည်။

- လယ်ယာပို့ကုန်အားလုံးအတွက်ပို့ကုန်လိုင်စင်ဖျက်သိမ်းခြင်း၊
- နယ်စပ်ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကိုချဲ့ထွင်ခြင်း၊
- နယ်စပ်ဂိတ်များတွင် အကောက်ခွန်ရှင်းလင်းရေးပစ္စည်းများကိုအဆင့်မြှင့်တင်ခြင်း။
- မြန်မာနိုင်ငံမှတဆင့် တစ်ဆင့်ခံကုန်ပစ္စည်းတင်ပို့မှုလုပ်ငန်းစဉ်များကိုအဆင့်မြှင့်တင်ခြင်း၊ အထူးသဖြင့် အာဆီယံအကောက်ခွန်တစ်ဆင့်ခံစနစ်ကိုအကောင်အထည်ဖော်ပြီးရန်ကုန်မှမူဆယ်သို့ပို့ဆောင်ခြင်း။ [120]၁၂၀

ကယားပြည်နယ်ရှိလုပ်ငန်းငယ်များဖွံ့ဖြိုးမှုနှင့်ပတ်သတ်သည့် ပို့ကုန်မြှင့်တင်ရေးအစီအမံများတွင် အောက်ပါအချက်များ ပါဝင်သည်။

- ပို့ကုန်အခွင့်အလမ်းများ၊ လိုအပ်ချက်များနှင့် ပတ်သတ်ပြီး လယ်သမားများနှင့်ထုတ်လုပ်တင်ပို့သူများကို သတင်းအချက်အလက်များပေးခြင်း၊
- ပစ်မှတ်ထားသည့် နိုင်ငံခြားဈေးကွက်များတွင် ပြည်တွင်းထုတ်ကုန်များကို ဈေးကွက်မြှင့်တင်မှုပြုလုပ်ခြင်း။
- ကုန်ပစ္စည်းအရည်အသွေးကို မြှင့်တင်သည့် ကြိုးပမ်းအားထုတ်မှုများ။[121]၁၂၁

**ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ပြည်နယ်နှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု**

---

[120] ၁၂၀ မြန်မာလယ်ယာဖွံ့ဖြိုးရေးမဟာဗျူဟာနှင့်ရင်းနှီးမြှပ်နှံမှုအစီအစဉ်( ၂၀၁၈-၁၉ ~၂၀၂၂-၂၃)၊ စာမျက်နှာ၇၈

[121] ၁၂၁ မြန်မာလယ်ယာဖွံ့ဖြိုးရေးမဟာဗျူဟာနှင့်ရင်းနှီးမြှပ်နှံမှုအစီအစဉ်( ၂၀၁၈-၁၉ ~ ၂၀၂၂-၂၃)၊ စာမျက်နှာ၇၉

ကယားပြည်နယ်သည် လူဦးရေနည်းပါးပြီး၊ ထိုင်းနိုင်ငံနှင့်နယ်စပ်ဂိတ် ၄ ခု (နယ်စပ်ဂိတ်အမှတ် ၉၊ ၁၀၊ ၁၃ နှင့် ၁၄) ၏ အလားအလာကြောင့် မယ်ဟောင်ဆောင်ပြည်နယ်နှင့် ထိုင်းနိုင်ငံမြောက်ပိုင်း နှင့်ကုန်သွယ်ရေး အဆက်အသွယ်ကို ဦးစားပေးသင့်သည်။ အဆိုပါ နယ်စပ်ဂိတ် ၄ ခု၏အနာဂါတ်သည်ရှင်းရှင်းလင်းလင်းမရှိသောကြောင့် ယင်းကဲ့သို့ လုပ်ဆောင်ခြင်းသည် ကာလရှည်မဟာဗျူဟာတစ်ခုဖြစ်ပါလိမ့်မည်။ မြန်မာနိုင်ငံဒုတိယသမ္မတ တက်ရောက် ဖွင့်လှစ်ပေးသည့် နယ်စပ်ဂိတ် အမှတ် ၁၃ ကိုထိုင်းဘက်မှစိတ်ဝင်စားမှုအနည်းငယ်သာရှိပါသည်။ မြန်မာဘက်ခြမ်း ရှိ လမ်းလုပ်ငန်းပြီးစီးသွားပါသည်။ သို့သော်လည်း ထိုင်းဘက်ကလမ်းတည်ဆောက်မှုသည် ရပ်တန့်သွားမည့်အနေ အထား ရှိပါသည်။ ထို့အပြင် အစပိုင်းတွင်ကုန်သွယ်မှုအများစုသည် တစ်ဖက်တည်းကုန်သွယ်မှု သာဖြစ်နိုင်ပါသည်။ အကြောင်းရင်းမှာ လက်ရှိအနေအထားတွင် ကယားပြည်နယ်မှထွက်ကုန်များသည် ထိုင်းနိုင်ငံဘက် တွင် ဈေးကွက်မရှိသောကြောင့်ဖြစ်သည်။ သို့သော်လည်း အဆိုပါထွက်ကုန်များကို တန်ဖိုးမြှင့် ထုတ်လုပ်ခြင်းဖြင့် ပြောင်းလဲမှုများ ရှိလာပါလိမ့်မည်။

**နိုင်ငံတကာမှအသိအမှတ်ပြုခြင်း**

ပို့ကုန်ဦးစားပေးလုပ်ငန်းများ၏ ရေရှည်ရပ်တည်နိုင်ရေးကိုမြှင့်တင်နိုင်ရန်အတွက် ကယားပြည်နယ်ရှိ လုပ်ငန်းရှင်များသည် သက်ဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များကိုလျှောက်ထားသင့်သည်။ တိကျသည့်အသိအမှတ်ပြု သီးခြားထွက်ကုန်နှင့် ပစ်မှတ်ထားသည့်ဈေးကွက်များအပေါ် မူတည်ပါလိမ့်မည်။ သို့သော်လည်း ဖြစ်နိုင်ချေရှိသည့် အသိအမှတ်ပြု စံနှုန်းသတ်မှတ်ချက်များတွင်--မျှတသည့်ကုန်သွယ်မှု၊ ဓါတုကင်းလွတ် စိုက်ပျိုးရေး(သို့မဟုတ်) မှုးယစ်ဆေးအစားထိုးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ခြင်းတို့ ပါဝင်သည်။

မျှတသည့်ကုန်သွယ်ရေးအသိအမှတ်ပြုလက်မှတ်များတွင် အောက်ပါတို့ပါဝင်သည်။

- နိုင်ငံတကာ မျှတသောကုန်သွယ်ရေး Fairtrade International
- နိုင်ငံတကာမျှတသောကုန်သွယ်ရေး၏ အဖွဲ့ခွဲဖြစ်ပြီး လွတ်လပ်စွာအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသည်။ FLO-CERT (arms-length for-profit subsidiary of Fairtrade International; established to act as an independent certification body)
- မျှတသောကုန်သွယ်ရေး အမေရိကန် Fair Trade USA
- Fair for Life
- မျှတသောကုန်သွယ်ရေးအဖွဲ့ချုပ် (အဖွဲ့ဝင်စနစ်အခြေခံသောစက်မှုအဖွဲ့အစည်း) Fair Trade Federation (membership-based industry association)
- ကမ္ဘာ့မျှတသောကုန်သွယ်ရေးအဖွဲ့ (အဖွဲ့ဝင်စနစ်အခြေခံသောစက်မှုအဖွဲ့အစည်း) World Fair Trade Organization (membership-based industry association)

နိုင်ငံတကာအသိအမှတ်ပြု တစ်ခုတည်းသော ဓါတုကင်းလွတ်စိုက်ပျိုးရေး အသိအမှတ်ပြုသည့် အစီအစဉ်မရှိပါ။ အကြောင်းမှာ နိုင်ငံတစ်နိုင်ငံ၏ဥပဒေနှင့်စည်းမျဉ်းများအရ နိုင်ငံတော်အဆင့်တွင် သတ်မှတ်ပြုလုပ်ရ သောကြောင့်ဖြစ်သည်။ ဓါတုကင်းလွတ်ကုန်ပစ္စည်းများ ထုတ်လုပ်မှုနည်းလမ်းများ နှင့်ပတ်သတ်ပြီး အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ဥပဒေစံနှုန်းများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားခြားနားမှုရှိပါသည်။ ပို့ကုန် ဦးစားပေးထုတ်လုပ်မှုအတွက် ကုန်ပစ္စည်းတင်ပို့သည့်နိုင်ငံ၏ ဥပဒေများအရ အသိအမှတ်ပြုထုတ်ပေးသည့် လက်မှတ်များသည်အရေးပါသည်။ မြန်မာနိုင်ငံတွင်

ဓါတုကင်းလွတ်အသိအမှတ်ပြုလက်မှတ်ကို မြန်မာ အော်ဂန်းနစ် စိုက်ပျိုးရေးအုပ်စု[122၁၂၂] နှင့် မြန်မာ အော်ဂန်းနစ် စိုက်ပျိုးသူနှင့်ထုတ်လုပ်သူများအသင်း[123၁၂၃] က ထုတ်ပေးပါသည်။

KNPP ဆက်ဆံရေးရုံး၏ အကြံပြုချက်အရ ဓါတုကင်းလွတ်အသိအမှတ်ပြုလက်မှတ်သည် ကယားပြည်နယ်ရှိ ပို့ကုန်ဦးစားပေးထုတ်လုပ်မှုလုပ်ငန်းများ အားလုံး၏ အလေးပေးအာရုံစိုက်ရာဖြစ်သင့်သည်။ မတူညီသည့် ဓါတုကင်းလွတ် အသိအမှတ်ပြုစံနှုန်းများသည် ဈေးကွက်အမျိုးမျိုးအတွက် သင့်တော်သည့် စံနှုန်းသတ်မှတ်ချက်များ ဖြစ်လိမ့်မည်။ (ဥပမာ-ပြည်တွင်း၊ ထိုင်း၊ အာဆီယံ၊ တရုတ်၊ ဥရောပသမဂ္ဂ၊ မြောက်အမေရိက၊ ဩစတေးလျ စသည်ဖြင့်)

ဓါတုကင်းလွတ်စိုက်ပျိုးရေးတွင် မြေဩဇာပြုပြင်ရေး၊ ပိုးမွှား၊ ရောဂါပိုးစီမံခန့်ခွဲမှု မှစပြီး တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်မှုအထိ တန်ဖိုးကွင်းဆက်တစ်လျှောက် နည်းပညာများ အများအပြားပါဝင်သည်။ ဓါတုဗေဒဆေးများ သုံးစွဲမှုကို ရပ်တန့်လိုက်ချိန်နှင့် ဓါတုကင်းလွတ်အသိအမှတ်ပြုလက်မှတ်ရ ခြိုဖြစ်လာသည့် အကူးအပြောင်းကာလမှာ ၂ နှစ် သို့မဟုတ် ၃ နှစ် ဖြစ်သည်။ ကျေးရွာအုပ်စုတစ်ခုအတွင်းတွင် လယ်ယာခြံမြေများကို အုပ်စုလိုက် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းကိုပြုလုပ်နိုင်ပြီး၊ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် စရိတ်ကုန်ကျမှုကို ပိုမိုသက်သာစေပြီး၊ အကျိုး ထိရောက်မှုပိုရှိနိုင်ပါသည်။ ဓါတုကင်းလွတ်ထုတ်ကုန်များအတွက်ဈေးနှုန်းပိုရသည့်အပြင်၊ သဘာဝ မြေဩဇာများ နှင့် ပိုးသတ်ဆေးများနှင့် အခြားသောနည်းပညာများ (ပေါင်းစည်းလယ်ယာ၊ မျိုးစေ့ရွေးချယ်မှု၊ နှစ်သီးစားစနစ် စသည့်တို့) ကိုအသုံးပြုခြင်းကြောင့် ဈေးကြီးသည့် ဓါတုသွင်းအားစုများကိုအသုံးမပြုပဲ အထွက်နှုန်းကို တိုးစေနိုင်ပါသည်။

## တန်ဖိုးကွင်းဆက်တွင် ဆက်စပ်ပါဝင်သူများ၏အစည်းအဝေးများ

ဦးစားပေးကဏ္ဍနှင့်ထုတ်ကုန်များကိုသတ်မှတ်သင့်ပြီး၊ အားလုံးညှိနှိုင်းမှုဖြင့်တန်ဖိုးကွင်းဆက်များကိုတည်ဆောက်ပြီး အဆင့်မြှင့်တင်မှုကိုပြုလုပ်သင့်သည်။ မကြာသေးခင်ကဥပမာအဖြစ် ရှမ်းပြည်နယ်တွင်ယင်းကဲ့သို့ညှိနှိုင်းဆောင်ရွက်မှု ကိုနိုင်ငံတကာအလုပ်သမားအဖွဲ့၏ Vision Zero Fund မှဦးစီး၍ ဂျင်းစိုက်ပျိုးထုတ်လုပ်သူများအစည်းအဝေးကို ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးသည် ဂျင်းထုတ်လုပ်သည့်လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက်တွင် လုပ်ငန်းခွင် ကျန်းမာရေးနှင့်လုံခြုံစိတ်ချရမှုကိုမြှင့်တင်ပေးရန်ရည်ရွယ်သည်။[124၁၂၄] နေရပ်ပြန်လုပ်ငန်းရှင်များ နှင့် စုပေါင်းစပ်ပေါင်း လုပ်ငန်းများသည် ယင်းတို့၏ဦးစားပေးစီးပွားရေးကဏ္ဍများနှင့် တန်ဖိုးကွင်းဆက်များ အတွက် ဆက်စပ်ပါဝင်သူများနှင့် ပတ်သတ်ပြီးအလုံးစုံဆန်းစစ်မှုကို ပြုလုပ်သင့်သည်။ အဆိုပါဆန်းစစ်မှုတွင်ပါဝင်သင့်သည့် ယေဘူယျ စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

- လက်လုပ်လက်စားလယ်သမားများ (တစ်နိုင်တစ်ပိုင်၊ မိသားစုအတွက်)
- လက်လုပ်လက်စားလယ်သမားများ (စီးပွားဖြစ်)
- အကြီးစားလယ်သမားများ (စီးပွားဖြစ်)
- လစာရအလုပ်သမားများ
- ကလေးငယ်စဉ်တွင်စောင့်ရှောက်ရသည့်သူများ။
- အသေးစားကုန်သည်
- ဖြန့်ဝေသူများ

[122] ၁၂၂ http://www.organic.moc.go.th/sites/default/files/attachments/moc/4_myanmar-_san_san_win.pdf

[123] ၁၂၃ http://www.moi.gov.mm/moi:eng/?q=news/24/06/2016/id-7427

[124] ၁၂၄ နိုင်ငံတကာအလုပ်သမားအဖွဲ့၊ အောက်တိုဘာ ၃၀၊ ၂၀၁၇၊ မြန်မာဂျင်းတန်ဖိုးကွင်းဆက်တွင်ပါဝင်သူများသည် ပိုပြီးလုံခြုံစိတ်ချရသည့် အလေ့အကျင့်များ နှင့် ပိုမိုကောင်းမွန်သည့်ထုတ်လုပ်မှု https://www.ilo.org/yangon/press/WCMS_621563/lang--en/index.htm

- လက်ကားသမားများ (ပြည်တွင်း)
- လက်လီသမားများ (ပြည်တွင်း)
- ပို့ကုန်လုပ်ငန်းရှင် (ပြည်ပ)
- လက်လီလုပ်ငန်းရှင်(ပြည်ပ)
- စားသုံးသူ (တစ်ယောက်ချင်းစီ)
- ပို့ဆောင်ရေးဂန်ဆောင်မှုပေးသူ
- အစိုးရ (အခွန်အခများ၊ စည်းမျဉ်းများ)
- အစိုးရ (အခြေခံအဆောက်အအုံ၊ လမ်းများ)
- အစိုးရ (လယ်ယာစိုက်ပျိုးရေးချဲ့ထွင်ခြင်း)
- ကြော်ငြာသူများ (မီဒီယာနှင့် ဘေဘုတ်လုပ်ငန်းရှင်များ အစရှိသဖြင့်)
- သွင်းအားစုကုန်ထုတ်လုပ်ဖြန့်ချီသူများ
- ကျွမ်းကျင်သူများနှင့်နည်းပညာရှင်များ
- နိုင်ငံခြားရောက်လူမှုအသိုင်းအပိုင်းများ[125]၁၂၅
- အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့်အဖွဲ့အစည်းများ(မျှတသည့်ကုန်သွယ်ရေး၊ဓါတုကင်းလွတ်ခြင်းအစရှိသဖြင့်)

## တူညီသည့်လုပ်ငန်းများ၏ကွန်ရက်များ

ဤလုပ်ငန်းတွင် ကွန်ရက်တည်ဆောက်ရန်အတွက် ဂန်းကျင်များတည်ထောင်ခြင်း၊ နည်းပညာရှုထောင့်မှ ပစ္စည်းများ ထုတ်လုပ်ခြင်း၊ လုပ်ငန်းငယ်များနှင့် သမဂါယမလုပ်ငန်းများအတွင်း ရာထူးအနိမ့်အမြင့်အလိုက် သင်တန်းများပေးခြင်း၊ နိုင်ငံတကာဈေးကွက် နှင့် ပို့ကုန်ထောက်ပံ့ပို့ဆောင်ခြင်းများနှင့် ပတ်သတ်ပြီး ပူးပေါင်း ဆောင်ရွက်မှုများအတွက် လုပ်ထုံးလုပ်နည်းများ ပါဂင်သည်။ စိမ်းလန်းစိုပြေကရင်နီမြေ (Karenni Evergreen) မှဆောင်ရွက်သည့် ကျေးရွာအခြေစိုက် ဓါတုကင်းလွတ်စိုက်ပျိုးရေးအဖွဲ့များကဲ့သို့သော အောက်ခြေကွန်ရက်များကို အားပေးသင့်သည်။ ဓါတုကင်းလွတ်စိုက်ပျိုးရေးကို လုပ်ဆောင်ရန်စိတ်ဂင်စားသည့် အမျိုးသမီးလုပ်ငန်းရှင်များသည် အကူအညီ ရရှိနိုင်ရန် နှင့် စွမ်းရည်လေ့ကျင့်မှုများအတွက် ထိုင်းနိုင်ငံရှိ ဓါတုကင်းလွတ်စိုက်ပျိုးရေး အုပ်စုများထံ ဆက်သွယ်နိုင်သည်။ ကယားပြည်နယ်ရှိ ဂဥ ထုတ်လုပ်သူများသည် အတွေ့အကြုံကိုမျှဝေရန်နှင့် တင်ပို့မှုကို ညှိနှိုင်း ဆောင်ရွက်နိုင်ရန် အတွက် ချင်းပြည်နယ် နှင့်တနင်္သာရီတိုင်းရှိ ဂဥထုတ်လုပ်သူများနှင့် ကွန်ယက် တည်ဆောက် သင့်သည်။

## ပြည်တွင်းနှင့်နိုင်ငံတကာရှိလူမှုလုပ်ငန်းများကိုဆက်သွယ်ခြင်း

ကယားပြည်နယ်ရှိ နေရပ်ပြန် လုပ်ငန်းရှင်များ၊ အမျိုးသမီး ဦးဆောင်သည့်လုပ်ငန်းများနှင့် သမဂါယမလုပ်ငန်းများ၏ စာရင်းကိုပြုစုခြင်းသည် နိုင်ငံတကာဈေးကွက်များကို တင်ပို့ရန်အတွက် အရေးကြီးသောနည်းလမ်းဖြစ်ပါလိမ့်မည်။ ပြည်နယ်တွင်းရှိ ကုန်ပစ္စည်းတင်ပို့သူများကို ရှာဖွေရန်အတွက် အဆိုပါစာရင်းကို ပြည်တွင်းနှင့် နိုင်ငံတကာလူမှု လုပ်ငန်းများ နှင့် အစားအသောက်ဖြန့်ချီသူများက အသုံးပြုကြပါလိမ့်မည်။ ယင်းကဲ့သို့ လုပ်ဆောင်ခြင်းသည် နိုင်ငံတကာဖောက်သည်များကို ကယားပြည်နယ်သို့ တိုက်ရိုက်လာရောက်ရန်အတွက် အားပေးခြင်းလည်းဖြစ်သည်။

[125] ၁၂၅ ဘန်နိုင်ဆွိုင်နှင့်ဘန်မယ်ဆူရင်စခန်းမှ လူပေါင်း ၁၉၀၀၀ ခန့်မှ လူအများစုသည် ဩစတေးလျနှင့်အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့ အခြေစိုက်ကြသည်။

### အချက်အလက်များစုဆောင်းခြင်းနှင့်မျှဝေခြင်း

သတင်းအချက်အလက်နည်းပညာတိုးတက်မှုဆိုသည်မှာ အချက်အလက်များစုဆောင်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အချက်အလက်များမှ နားလည်သဘောပေါက်မှုရရှိခြင်းသည် လုပ်ငန်းအများစုအတွက် (လုပ်ငန်းငယ်များအတွက် ပင်လျင်) အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ နေရပ်ပြန်လုပ်ငန်းရှင်များသည် အခြားသောပုံစံတူလုပ်ငန်းများ နှင့်အတူ အချက်အလက်မျှဝေခြင်းကွန်ယက်များတွင် ပါဝင်ချင်ကြလိမ့်မည် (သို့မဟုတ်) ကိုယ်ပိုင်ကွန်ယက်ကို ဖန်တီးလိုသော ဆန္ဒရှိနိုင်ပါသည်။[126၁၂၆] GAP စီမံကိန်းသည်ကယားပြည်နယ်ရှိ ရည်မှန်းထားသည့်မြို့နယ် ၃ ခုတွင် တစ်သတ်မတ်တည်းရှိသော အချက်အလက်များကောက်ခံမှုလုပ်ငန်းစဉ်များနှင့် အချက်အလက်ဝေမျှခြင်း ဂန်းကျင်များ ဖွံ့ဖြိုးစေရေးကိုအားပေးသင့်သည်။ အဘယ်ကြောင့်ဆိုသော် ထိုလုပ်ဆောင်မှုသည်စီးပွားရေး လုပ်ငန်းစဉ်များ ကို တိုးတက်စေရန် ပြုလုပ်ခြင်းနှင့် နေရပ်ပြန်လုပ်ငန်းရှင်များ ဖွံ့ဖြိုးမှုကိုစောင့်ကြည့်ခြင်းနှင့် အထောက်အပံ့ပေးခြင်း နှစ်ခုစလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းနိုင်သောကြောင့်ဖြစ်သည်။

### စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်နှင့်သက်ဆိုင်သည့်စွမ်းရည်များတည်ဆောက်ခြင်း

နေရပ်ပြန်လုပ်ငန်းရှင်များ၏ လုပ်ငန်းစီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်များအား မြှင့်တင်ခြင်းကို ဦးစားပေးပြီး ဆောင်ရွက်သင့်သည်။ အဘယ်ကြောင့်ဆိုသော်လုပ်ငန်းများကြီးထွားလာချိန်တွင်အဆိုပါစွမ်းရည်များ ကိုလိုအပ် သောကြောင့်ဖြစ်သည်။ တန်ဖိုးကွင်းဆက်တွင် လက်ကားရောင်းဝယ်ခြင်းနှင့် ဈေးကွက်ဖြန့်ချီရေးကဲ့သို့သော ပိုပြီးမြင့်မားသည့်အဆင့်များကို ချဲ့ထွင်ရန်အတွက် ကွဲပြားခြားနားသည့် စွမ်းရည်များလိုအပ်ပါသည်။ စီပွားရေး လုပ်ငန်း အစီအစဉ်ရေးဆွဲနိုင်မှုကို အရေးပါသည့်စွမ်းရည်တစ်ရပ်အဖြစ် GAP မိတ်ဖက်များကထောက်ပြထားပြီး၊ ကယားပြည်နယ်ရှိ စွန့်ဦးလုပ်ငန်းရှင်များနှင့် အလားအလာရှိသည့် စွန့်ဦးလုပ်ငန်းရှင်အများအပြားတွင် အဆိုပါစွမ်းရည် မရှိကြပါ။ ဘဏ္ဍာငွေကြေးရယူရန် လျှောက်ထားခြင်းများအတွက် ခိုင်မာသည့် စီးပွားရေး လုပ်ငန်း အစီအမံများကို ရေးဆွဲနိုင်ရန် လိုအပ်သည်။

### LAIN အသေးစားအလတ်စားလုပ်ငန်း ဖိုရမ်နှင့်ချိတ်ဆက်မှု

လွိုင်ကော်အခြေစိုက် LAIN နည်းပညာအထောက်အကူပြုအုပ်စုသည်[127၁၂၇] ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးမှုအစီအစဉ်များအတွက်အကြံပြုချက်များကိုဖော်ထုတ်ပေးခဲ့ပြီး ထိုအကြံပြုချက်များကို ပြန်လည်ဆန်းစစ်ကာ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးမှုအစီအစဉ်များသို့ထည့်သွင်းပေါင်းစည်းပေးသင့်သည်။ LAIN သည် ကယား ပြည်နယ်အစိုးရအနေဖြင့် လုပ်ငန်းငယ်များကိုပေးသည့် အထောက်အပံ့များကို တိုးမြှင့်ပေးအပ်နိုင်မည့် နည်းလမ်း အများအပြားကို ဖော်ထုတ်ပေးခဲ့ရာ ယင်းတို့တွင် အတိုးမဲ့ချေးငွေထုတ်ပေးခြင်း သို့မဟုတ် ဆိုင်းငံ့ကာလရှည်ကြာခြင်း၊ ပြည်တွင်းမျိုးစေ့အမျိုးအစားများကိုချဲ့ထွင်ခြင်း၊ ဓါတုကင်းလွတ်စိုက်ပျိုးရေးနည်းပညာများကိုဖြန့်ဝေခြင်းနှင့်လုပ်ငန်းငယ် များအနေဖြင့် မြေပြင်အခြေစိုက်ကုန်သွယ်မှုအခွင့်အလမ်းများကိုရယူနိုင်ရန် ထောက်ပံ့ ပေးမည့် ပြည်နယ်အဆင့် စီမံကိန်းများ အပါအဝင်ဖြစ်သည်။

---

126 ၁၂၆ https://datacommons.coop/vision/

127 ၁၂၇ LAIN ဆိုသည်မှာ “Lobbyist Advocator Innovator Negotiator” ကိုဆိုလိုသည်၊

### ဒေသတွင်းနှင့် နိုင်ငံတော်အဆင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကွန်ယက်များနှင့် ချိတ်ဆက်မှု

နေရပ်ပြန် အမျိုးသမီးစွန့်ဦးလုပ်ငန်းရှင်များအနေဖြင့် သူတို့၏ စီးပွားရေးပုံစံများ အတွင်းသို့ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှုကို ပေါင်းစည်းနိုင်ရန်အတွက် Karenni Mega-Project Watch နှင့် Myanmar Green Network ကဲ့သို့သော ဒေသတွင်းနှင့် နိုင်ငံတော်အဆင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့များနှင့် ဆွေးနွေးတိုင်ပင်နိုင်သည်။ သူတို့၏ စီးပွားရေးပုံစံများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာရေရှည်တည်တံ့မှုကို ထည့်သွင်းရေးဆွဲပေါင်းစည်းလုပ်ကိုင်သည့် ကယားပြည်နယ်မှစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် "အစိမ်းရောင် ဘဏ္ဍာငွေ" ထောက်ပံ့သည့်နိုင်ငံတကာ ဘဏ် များထံမှ အရင်းအနှီးငွေကြေးရရှိနိုင်သည်။

### ဥပဒေမူဘောင် (စည်းမျဉ်း နှင့် စည်းကမ်းများ)

နေရပ်ပြန်လုပ်ငန်းရှင်များကလုပ်ငန်းစတင်ဆောင်ရွက်ရမည့် ဥပဒေမူဘောင်သည် အလွန်ရှုပ်ထွေးပြီး၊ အများအားဖြင့် ရှေ့နောက်မညီ ဖြစ်နေတတ်သည်။လက်ရှိအချိန်တွင် အဆိုပါ ဥပဒေမူဘောင်ကို ပြန်လည်ပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်နေပါသည်။ ယင်းကဲ့သို့ မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်တွင် ခက်ခဲရှုပ်ထွေးမှုနှင့် မသေချာမရေရာမှု မြင့်မားခြင်းကြောင့် စွန့်ဦးလုပ်ငန်းရှင်များအတွက် စွန့်စားရမှုအချို့ ရှိလာသည်။ ကယားပြည်နယ်ရှိ စွန့်ဦးလုပ်ငန်းရှင်များ နှင့် ပတ်သတ်ပြီး ဥပဒေနှင့်မူဝါဒအားလုံးကိုခြုံငုံလေ့လာရန်မှာ ဤသုတေသနစာတမ်း၏ နယ်ပယ်ကို ကျော်လွန် နေပါသည်။ သို့သော်လည်း အောက်ပါ သက်ဆိုင်ရာဥပဒေအချို့ကို ဆွေးနွေးခြင်းက လုပ်ငန်းရှင်အနေဖြင့် မည်သည့်အရာကို လုပ်ဆောင်ရမည်ဆိုသည်ကို ဖော်ပြပေးသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်ထောင်စု၊ ပြည်နယ် နှင့် တိုင်းဒေသကြီးတို့၏ ဥပဒေပြုခြင်း၊ အခွန်ရငွေကောက်ခံခြင်း နှင့် အုပ်ချုပ်ရေးတာဝန်များကိုဖော်ပြထားပါသည်။ ကယားပြည်နယ်အစိုးရသည် စီးပွားရေးကဏ္ဍများအတွက်သာလျှင် ဥပဒေပြုခြင်း အာဏာရှိပါသည်။ လုပ်ငန်းလိုင်စင်နှင့် အခွန်ကောက်ခံခြင်းများကို စည်ပင်သာယာရေးအဖွဲ့များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် ပြည်တွင်းအခွန်များဦးစီးဌာနများမှတဆင့်ဆောင်ရွက်သည်။[128]၁၂၈ သမဝါယမလုပ်ငန်းများအတွက် ဥပဒေမူဘောင်သည် ယခင်စစ်အာဏာရှင်အဆက်ဆက်က ပြဋ္ဌာန်းခဲ့သည့်ဥပဒေများကိုအခြေခံထားသောကြောင့်ခေတ်နောက်ကျနေသည်။[129]၁၂၉ သူတို့၏လုပ်ငန်းများကြီးထွားလာသည့်အလျောက် နေရပ်ပြန်လုပ်ငန်းရှင်များနှင့် အမျိုးသမီးလုပ်ငန်းရှင်များသည် သူတို့လုပ်ဆောင်နေသည့် စီးပွားရေးကဏ္ဍနှင့်ပတ်သတ်သည့် ဥပဒေနှင့်မူဝါဒမူဘောင်များကို ပြုပြင်ပြောင်းလဲရေးအတွက်တောင်းဆိုမှု၊ ထောက်ခံမှုများတွင်ပါဝင်ပတ်သက်လာနိုင်သည်။ နေရပ်ပြန်လုပ်ငန်းရှင်များနှင့် အမျိုးသမီးလုပ်ငန်းရှင်များသည် သူတို့လုပ်ဆောင်နေသည့် လုပ်ငန်းများရှိရာ ပတ်ဝန်းကျင်နှင့် အခြားအလားအလာရှိသော လုပ်ငန်းရှင်များကိုအကျိုးရှိစေသည့်နည်းလမ်းဖြင့် မြန်မာနိုင်ငံ၏ဥပဒေမူဘောင်အပေါ်အရေးပါသည့် သက်ရောက်မှုများ ရှိနိုင်ပါသည်။

---

[128] ၁၂၈ Jared Bissinger, ဖေဖော်ဝါရီ ၂၀၁၆ ၊ မြန်မာနိုင်ငံ ပြည်တွင်းစီးပွားရေးစီမံအုပ်ချုပ်မှု၊ အာရှဖောင်ဒေးရှင်း၊ https://asiafoundation.org/publication/local-economic-governance-in-myanmar/

[129] ၁၂၉ မြန်မာနိုင်ငံလက်ရှိဥပဒေပတ်ဝန်းကျင်နှင့်မူဝါဒမူဘောင်ကို စာရွက်စာတမ်း ၂ စောင်ဖြင့်အဓိပ္ပါယ်သတ်မှတ်နိုင်ပါသည်။ ပထမတစ်စောင်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပြည်ထောင်စုမြန်မာနိုင်ငံသမဝါယမအဖွဲ့အစည်းဥပဒေ ၁၉၇၀ ကိုပြန်လည်ပြင်ဆင်ပြီး၊ ၁၉၉၂ ဒီဇင်ဘာလတွင် ပြဋ္ဌာန်းခဲ့သည့် သမဝါယမအဖွဲ့အစည်းဥပဒေဖြစ်သည်။ ဒုတိယတစ်စောင် သည် ၁၉၉၈ ခုနှစ်မတ်လတွင်အတည်ပြုခဲ့သည့် သမဝါယမအဖွဲ့အစည်းစည်းမျဉ်းစည်းကမ်းများဖြစ်သည်။ Jo-Anne Ferguson၊ စက်တင်ဘာ ၂၀၁၃၊ မြန်မာနိုင်ငံသမဝါယမစနစ်များ၊ အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာလုံခြုံရေးရန်ပုံငွေအတွက်အကြံပေးခြင်း၊ စာမျက်နှာ ၁၀၊ https://www.lift-fund.org/sites/lift-fund.org/files/publication/Consultancy-on-Cooperative-Systems_English%20(Sept%202013).pdf